www.burmeseclassic.com

# တာရာမင်းဝေ

လုံးချင်းဝတ္ထုသစ်

## တေးသွားနံပါတ်-၁၀၀၁



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

**စာမူခွင့်ပြုချက်အမှတ်**

၃၉၅/၂၀၀၁ (၅)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၁၁၉၄/၂၀၀၃ (၁၀)

**ထုတ်ဝေသူ**

**ဦးမောင်မျိုး**

**ကြောင်နှစ်ကောင်စာပေ**

**ပုံနှိပ်သူ**

**ဦးမောင်မျိုး**

**ကြောင်နှစ်ကောင်ပုံနှိပ်တိုက်**

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၀၄ ခုနှစ် မတ်လ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com


# နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com


(က)

BURMESE CLASSIC .com

ကျွန်တော် ငယ်ငယ်တုန်းက ကျောင်းမှာ ဆရာမေးတဲ့ ပုစ္ဆာကို တလွဲပြန်ဖြေပြီးတော့ မှန်သွားဖူးတယ်။

အဲဒီလို ပြောလိုက်တော့ ကြားရတာ နားထဲ တစ်မျိုးဖြစ်သွားကြမှာပဲနော်။ လိမ့်ပတ်လည်အောင် ပြောရဦးမှာပေါ့…။

ဒီလိုပါ…။

တစ်နေ့မှာ ဆရာက "ရေမပြည့်တဲ့ အိုးတွေ ဘောင်ဘင်ခတ်တယ်" ဆိုတဲ့ စကားပုံလေးကို လူ့သဘာဝတွေနဲ့ တွဲပြီး သင်တယ်လေ။

ဒီစကားပုံတစ်ခုတည်းတော့ မဟုတ်ပါဘူး။ တခြား စကားပုံတွေလည်း ပါ…ပါတယ်။ ပြီးတော့ အဲဒီစကားပုံတွေကို အလွတ်ပြန်ရေးနိုင်းတယ်။ စကားပုံက ရတဲ့ သင်ခန်းစာတွေကိုလည်း ရေးနိုင်းတယ်။

သူ့စားပွဲပေါ်မှာ လာထပ်တဲ့ စာအုပ်တွေကို အမှားအမှန်ခြစ်ပေးရင်း…ကျွန်တော့်စာအုပ်ကိုလည်း ဖတ်ရော မျက်မှောင်ကြီး ကြုတ်သွားတယ်။

"ကောင်လေး…"

ကျွန်တော်လည်း နှပ်ကလေး ရှုံ့သွင်းရင်း၊ ဘောင်းဘီတိုကို ခါးပေါ်ပြန်မ,တင်ရင်း…သွားကျဲလေးနဲ့ ရယ်ပြရင်း ပြန်ထူးရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ဂျာ"

မူလတန်းကျောင်းသားကြီးဆိုတော့ (အခြေအနေအရ) စကားက ပီချင်တဲ့အခါ ပီပြီး၊ မပီချင်ရင်လည်း မပီဘူးလေ…။

ဆရာက ကျွန်တော့်ကို မျက်မှန်ကြီးနဲ့ စိုက်ကြည့်တယ်။

"ဖြေစမ်း…ရေမပြည့်တဲ့အိုးတွေ ဘာဖြစ်သလဲ"

"ဘောင်ဘင်ခတ်ပါတယ် ဆရာကြီး"

"အေး…အဲဒီတော့ ဘယ်လိုအိုးတွေက ဘောင်ဘင်မခတ်ဘူးလဲ"

"အဟဲ…"

ကျွန်တော်လည်း အစွမ်းကုန်ရယ်ပြလိုက်တယ်။

"ဆရာကြီးကလည်း ဆရာကြီး သိလျက်သားနဲ့…"

ဆရာ့မျက်လုံးကြီးက ပြူးထွက်လာတယ်။

"ငါသိလို့ မင်းကို သင်ထားတာပေါ့၊ ငါမေးတာက ခု…ဒီမှာ မင်း ဘယ်လိုဖြေထားလဲ"

ကျွန်တော်လည်း အင်တင်တင်အမူအရာကို မျက်နှာသေလေးနဲ့ လုပ်ပြရင်း…

"ဆရာကြီးကလည်း ဟုတ်တာပဲဟာကို၊ သား ဖြေထားတာ လည်း မှန်တာကြီးပဲဟာကို…"

ဆရာက နှုတ်ခမ်းကြော့ရှုံ့ပြီး ငြိမ်သွားပြန်တယ်။ စဉ်းစားနေတာ အတော်ကြာတယ်။

နောက်တော့ ဘာမှ ဆက်မပြောတော့ဘူး။ ကျွန်တော့်ရဲ့အဖြေကို အမှန်ပဲ ခြစ်ပေးတယ်။

ကျောင်းဆင်းခါနီးကျမှ ကျွန်တော့်ကို လာကြည့်ပြီး မအီမလည် ပြုံးတယ်။ သူ့အပြုံးက ဘယ့်နှာကြီးမှန်းမသိပါဘူး။

မိုနာလီဇာ မောင့်ကြွက်သရေ ခေါင်းပေါင်းကြီး ပေါင်းပြီး ရှေ့တည့်တည့်က လာပြုံးပြနေသလိုပဲ…။

ဆရာက…

'ရေမပြည့်သောအိုးသည် ဘောင်ဘင်ခတ်၏'ဆိုတဲ့ စကားပုံအရ 'ရေပြည့်သောအိုးသည် ဘောင်ဘင်မခတ်'ဆိုတဲ့ သင်ခန်းစာလေးကို



ထပ်ရေးခိုင်းတာပါ။

အဲဒီတုန်းက ကျွန်တော်ဖြေခဲ့တဲ့ အဖြေက ရိုးရိုးလေးပါ။ ဆရာရေး ခိုင်းသလို မရေးတာက လွဲရင်…တကယ့်ကို ရိုးရိုးလေးပါ။

'ရေမရှိသော အိုးသည် ဘောင်ဘင်မခတ်'လို့ ရေးလိုက်တာ။

အဟဲ…။

ဆရာက အမှန်ကို အမြီးတိုတိုနဲ့ ခြစ်ပေးလိုက်တယ်။

နှစ်ပေါင်းများစွာ ကွဲသွားကြပြီး အဲဒီဆရာနဲ့ ကျွန်တော်… ဟို တစ်လောက မြို့ထဲမှာ ပြန်ဆုံတယ်။ မှတ်မိကြပါတယ်။ တွေ့တွေ့ချင်း နှစ်ယောက်လုံး ပြုံးစေ့စေ့ဖြစ်သွားကြလေရဲ့။

ဆရာက…

"အေး…အခုနေ ပြန်စဉ်းစားတော့ မင်းဖြေတဲ့ အဖြေကတောင် ငါတို့ သတ်မှတ်ထားတဲ့ အဖြေထက် ပိုမှန်နေသေးတယ်"…တဲ့။

ပြီးတော့…

"မင်း…အခု ဘာလုပ်နေသလဲ"လို့ မေးတယ်။

ကျွန်တော် သွားဖြဲလေးနဲ့ပဲ ဖြေရပြန်ပါတယ်။

"အဟဲ…ကျွန်တော် စာလေးပေလေး ရေးနေပါတယ် ဆရာ"

ဆရာက ဟိုတုန်းကလို ပြုံးပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(ခ)

ပြောချင်တာက ကျွန်တော့်ရဲ့ ငယ်ငယ်ကတည်းက ‘ဇ’ကိုပါ။ ကျွန်တော့်ရဲ့ဘဝမှာ အဲဒီလို အစွမ်းအစမျိုးတွေ ကပ်ကပ်ဖဲ့ဖဲ့ ပြသခဲ့ရတာလည်း ခဏခဏပေါ့။

ဆားမပါဘဲ ကြက်ဥပြုတ်စားရတဲ့အခါလည်း တွေးမိသေးတယ်။

“ဒီ…ကြက်မနှယ်၊ ကြက်ဥထောင့်ဘက်မှာ တစ်ခါတည်း ဆားလေးပါ ထည့်ဥပေးလိုက်ရင် ပြီးရော…”လို့၊ ကြက်မသာ သိရင် ဘယ်လောက် အသည်းနာလိုက်မလဲ မသိဘူးနော်။



(ဂ)

ကျွန်တော် ငါးတန်းရောက်တော့ ကျောင်းမှာလုပ်တဲ့ ကျောင်းကပွဲ တစ်ခုကို သွားရှုပ်ဖူးသေးတယ်။ တစ်ကျောင်းလုံးရဲ့ ကျောင်းသားလေးတွေ ကြောက်နေရတဲ့ ဆယ်တန်းက မော်နီတာကြီးတစ်ယောက် ဘီလူးက ကနေတုန်းမှာပေါ့…။

ဒီကျောင်းသားကြီးဟာ လူကောင်လည်းကြီး၊ မျက်နှာပေါက်လည်း ဆိုးတယ်။ ကြိမ်းဝါးခုန်ပေါက်ပြီး သူ ဘီလူးက ကတော့ တချို့က ကြောက်စိတ်တောင် ဝင်ကြတယ်။

ကျွန်တော်ကတော့ မကြောက်ပါဘူး…။ လက်ကလေးနောက်ပစ်ပြီး ဒီကောင်ကြီး ဘာဖြစ်နေတာပါလိမ့်လို့ ကြည့်နေမိတယ်။ (ကျွန်တော်က ဇာတ်ခုံပေါ်ကနေ ကြည့်နေတာ…)

ကနေတဲ့ ဘီလူးက လက်သီးကို မြှောက်၊ ဖနောင့်ကို ပေါက်နဲ့ မာန်ဖီအော်ဟစ်လိုက်တဲ့အခါ…

အူယားလာပါတယ်။ ဝင့်ဝင့်ကြွားကြွားနဲ့ ကြောက်စရာကောင်းအောင် သူ ဆင်ထားပုံကိုလည်း ကြည့်နေရင်းကပဲ မျက်စိနောက်လာမိတယ်။

အဲဒါနဲ့…စင်ရဲ့ ဟိုဘက်မှာ ဘီလူးကြီး ကနေတုန်း သူ့နောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကပ်သွားလိုက်တယ်။

စင်အောက်က ပရိသတ်ကလည်း ကြောင်သွားတာပေါ့။ ဇာတ်ခုံထောင့်က ကလေးတစ်ယောက် ဘီလူးနောက်ကို ခြေဖျားထောက်ပြီး ကပ်လာတော့ တစ်ရုံလုံး ''အင်း...'' ''အဲ...''ဖြစ်ကုန်ကြတယ်။

''ဟ...ဘာဖြစ်ကုန်တာလဲဟ''လို့ ထအော်သူက အော်တယ်။

ဘီလူးကလည်း (သူ့နောက်ကို ကျွန်တော်ရောက်နေတာ မသိဘဲ) ကနေတာ ရပ်သွားတယ်။

အဲဒီမှာပဲ ကျွန်တော်က သူ့နောက်ကျောကို ပြေးဖက်လိုက်ပြီး...

''ကလိ...ကလိ...ကလိ...ကလိ...''

မျိုသိပ်ထားရသမျှ ဖွင့်အန်ပြီး ဘီလူးကြီးကို အားရပါးရ ကလိထိုးပစ်လိုက်တယ်။

''အား...ဟီး...ဟီး...ဝူး...ယားတယ်၊ ဟေ့...ဟီဟီး... ဘာလုပ်တာလဲ...ဟဲ...ဟဲ...အဲ''

ကံဆိုးချင်တော့ သူကလည်း သိပ်ယားတတ်တဲ့ဘီလူး ဖြစ်နေတယ်။ ခြေကားရား၊ လက်ကားရားနဲ့ ဟားဟားဟီးဟီး ရှုန်းကန်ရင်း ကော့ကွေးနေတော့တာပေါ့...။

စင်အောက်က ပရိသတ်လည်း အစကတော့ ကြောင်ကြည့်နေပြီး နောက်တော့ ဝုန်းခနဲ ရယ်လိုက်ကြတာ အူတွေ ဘာတွေ နိုပ်လို့...။

ဘီလူးကနဲ့ ဖျော်ဖြေခန်းကြီးလည်း ပျက်သွားတာပေါ့။ အဲဒီ ဘီလူးကလည်း ကျွန်တော့်ကို မကြည်ဘူးလေ။

နောက်တစ်နေ့ ကျောင်းပြန်တွေ့တော့ သူ့လက်သီးဆုပ်ကြီးနဲ့ ထုမယ်တကဲကဲ လုပ်နေတယ်။

''လုပ်လိုက်ရ...သေသွားတော့မယ်''...တဲ့။

အားလုံးက ဝိုင်းမေးကြပါတယ်။

အားလုံးက ဘီလူးက ကနေတာကို ဘာဖြစ်လို့ အဲဒီလို သွားလုပ်ရတာလဲ...တဲ့။ အဲဒါတော့ ကျွန်တော့်ဘာသာ ကျွန်တော်လည်း မသိဘူး။ သူက ဘီလူးဆိုပြီး လုပ်နေတော့ ကလိသိပ်ထိုးချင်တာနဲ့ မအောင့်နိုင်ဘဲ သွားထိုးလိုက်တာ။



(ဃ)

ကျွန်တော်က အဲဒီလို ကောင်မျိုးပေါ့...။ ပြောရရင် ရာဇဝင်မနဲ့ လူသူပါ။ ငယ်ငယ်က ဘောလုံးကန်ဖို့ ဝါသနာပါပြီး၊ ကြီးလာတော့ အနုပညာသမားတစ်ယောက် ဖြစ်ချင်ခဲ့တယ်။

ဒါပေမယ့်...မဖြစ်မြောက်လှပါဘူးလေ။ အဲဒီ...အနုပညာဆိုတဲ့ ကဝေမလေးကို ကျွန်တော့်မှာဖြင့် ချစ်လိုက်ရတာ၊ နှလုံးသားတောင် လျှာထွက်နေပြီ။ သူကတော့ အသိအမှတ်မပြုလှပါဘူး။

ဒါပေမယ့် ကျွန်တော်ကတော့ ကြိုးစားဦးမှာပါပဲ။ ဘီလူးကို ကလိထိုးဖူးတဲ့ လက်နဲ့ပဲ စာတိုပေစတွေ ဆက်ရေးနေပါရဲ့။ (တချို့တွေ ယက္ခက္ကန်ခြေပျက်ကြမှာကိုလည်း အားတော့ နာပါရဲ့...။

ဒါပေမယ့် မတတ်နိုင်ဘူးလေ...။ မကောင်းသူထိပ်၊ ကောင်းသူ ထိပ်ပေါ့နော။

www.burmeseclassic.com

www.burmeseclassic.com



(င)

ခုတော့လည်း... ဘဝမှာ တဖြည်းဖြည်း ရင့်ကျက်လာခဲ့ပြီ။ တစ်ယောက်ပြီးတစ်ယောက် သံဖိနပ်တွေနဲ့ တက်လျှောက်သွားလို့ ကျွန်တော့်ရဲ့ ကျောပြင်လည်း ဖွက်အိုင်တောင် ပေါက်ခဲ့ပြီ၊ ကိုယ်ယုံကြည်ရာကို ဆုပ်ကိုင်ရင်း အချိန်တွေလည်း ကုန်ခဲ့ပေါ့။

ခုတလော...ကျွန်တော့်စိတ်ထဲမှာ ဟာတာတာဖြစ်နေတာကတော့ တယ်လီဗေးရှင်း မကြည့်ရတဲ့ကိစ္စပါ။ ကမ္ဘာကြီးမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သိပ်မသိရဘူးဖြစ်နေတယ်။

ကျွန်တော်တို့အိမ်မှာက တယ်လီဗေးရှင်း မရှိပါဘူး။ ရှိရင်လည်း ကြည့်ရမှာ မဟုတ်ပါဘူး။ ကျွန်တော်နေတဲ့ မြို့သစ်ကလေးက အင်မတန်မှ မီးပြတ်ပါတယ်။

အဲဒီလိုနဲ့ တစ်နေ့ခင်းမှာ စာအုပ်တွေကို ခေါင်းအုံးအိပ်ရင်း စဉ်းစားဖြစ်တယ်။ လူတွေအကြောင်းနဲ့ လောကကြီးအကြောင်းကို ပိုမြင်နိုင်အောင် ဘယ်လိုလုပ်ရပါ့မလဲပေါ့...။

အဲဒီလို စဉ်းစားနေရင်းက အိမ်ရှေ့ကုက္ကိုလ်ပင်မှာ နားနေတဲ့ ကျီးကန်းကို မြင်မိတာပါပဲ။

ကျီးကန်းကတော့ ကြည့်ရတာ အားရစရာပါပဲ။ ညောင်နာနာ



မဟုတ်တဲ့ ဖြိုးရိုးဝအစ်နေတယ်။ ခေါင်းခါခါ၊ လည်ခါခါနဲ့ အရပ်ရှစ်မျက်နှာကို ကြည့်နေတယ်။ အကြည့်က လျင်မြန်သလောက် စူးရှပုံလည်း ရတယ်။ လောကကြီးမှာ ဘာမှ စိတ်မချနိုင်သူတစ်ယောက်လို နိုးကြားပြနေပုံက ကျွန်တော့်ကို စိတ်ဝင်စားလာစေတယ်။

အဲဒါနဲ့...ကျွန်တော်ကပဲ စတင်မိတ်ဖွဲ့လိုက်တယ်။

"ဗျို့...ကိုရွှေကျီးညို"

www.burmeseclassic.com

www.burmeseclassic.com



(၈)

သူ…ထိပ်ပျာသွားသလို ဘေးဘီကို လှည့်ပတ်ကြည့်တယ်။ ကျွန်တော်ခေါ်တာလို့တော့ ထင်မိပုံ မရဘူး။

"ကိုရွှေကျိုးညို…ကျွန်တော် ခေါ်တာပါဗျ၊ အိမ်ထဲကပါ…"

အဲဒီတော့မှ သူ ကျွန်တော့်ကို လှည့်ကြည့်ပါတယ်။

"မင်း…ခေါ်တာလား"

"အင်း…ဟုတ်တယ်၊ လာပါဗျ…အိမ်ထဲဝင်ပါဦး၊ စကားလေး ဘာလေး ပြောရအောင်"

သူက ပြတင်းပေါက်ဘောင်မှာ လာနားပါတယ်။ ကျွန်တော့်ကို ခေါင်းစောင်းကြည့်ပြီး…

"ဆို…"

"ဪ…ခင်ဗျားက အရပ်ရပ်ကို မပြတ်တမ်း လှည့်ပတ်ကြည့်နေတာ ဘာဖြစ်လို့များလဲ…၊ ကျွန်တော် အဲဒါကို သိချင်လို့ပါဗျာ…၊ ခင်ဗျား ပြောနိုင်ရင် ပြောစမ်းပါ"

သူက ဘေးဘီကို လှည့်ကြည့်ပြန်ပါတယ်။ ပြီး…

"ငါပြောရင် မင်း နားလည်ပါ့မလား မဆိုနိုင်ဘူး"

သူက ကျွန်တော့်ဘေးက စာအုပ်တွေကို အကဲခတ်သလို ကြည့်ပါ



တယ်။ ပြီးတော့မှ…

"အင်း…မဆိုးပါဘူး။ မင်းနဲ့ငါ ဆွေးနွေးလို့ဖြစ်မယ်၊ အေး…ဒီလိုကွ"

"ဟုတ်ကဲ့"

"ဘဝဆိုတဲ့အရာကြီးကို ငါ…မသင်္ကာဖြစ်နေတာ ကြာပြီ"

"**အင်**…အဲ…ဘာဖြစ်လို့လဲ"

ရွှေကျိုးညိုက ချောင်းဟန့်ပါတယ်။ ပြီးမှ…

"ဘာဖြစ်လို့လဲဆိုတာ ပြောရရင်တော့ အကြောင်းတွေ အများကြီးပဲ။ မနေ့က ဟိုဘက်တိုက် ခြံစည်းရိုးမှာနားရင်း ငါ…စဉ်းစားမိသေးတယ်"

"… … …"

"ဘဝကို ငါ မသင်္ကာဖြစ်တာ မှန်တယ်လို့။ ဘာဖြစ်လို့လဲဆိုတော့ 'ဘကုန်း'က ကြာသပတေးနံ-၅၊ ဝလုံးက ဗုဒ္ဓဟူးနံ-၄၊ 'ဘဝ'ဆိုတဲ့ စာလုံးကို ဂဏန်းနဲ့ရေးရင် ၅၄ ရတယ်။ ၅၄ ဆိုတာကိုက မသင်္ကာမှု ပုဒ်မနံပါတ်ကြီးကွ"

ကျွန်တော်လည်း ခေါင်းကုတ်လိုက်မိတယ်။ သူ့ဟာနဲ့သူတော့ ဟုတ်နေတာပဲ။ သိချင်တာကို ထပ်မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

(ဆ)

''နေပါဦး ရွှေကျီးညိုရဲ့...။ ဘဝကို ခင်ဗျား မသက်ာဖြစ်ရခြင်း အကြောင်းရင်းလေးတွေ ပြောပြပါဦး၊ လေ့လာချင်လို့ပါ...''

''အဟမ်း...အဟမ်း...အေး။ သိပ်သိချင်ရင်တော့လည်း ပြောပြတာပေါ့ကွာ...ဒီလိုကွ၊ ငါက နေရာအနှံ့လျှောက်သွားပြီး မြင်ကွင်းပေါင်းစုံ မြင်နေရတာ...။ အဲဒီမြင်ကွင်းတွေအပေါ်မှာ စိတ်ကျေနပ်မှု မရှိလှဘူး၊ ဥပမာဆိုကြပါစို့ကွာ...''

''ဟုတ်ကဲ့''

''မင်းလည်း ကြားဖူးမှာပေါ့၊ သိုးဆောင်းစကားပုံတစ်ခု ရှိတယ်။ 'ခွေးကို မွေးထားပြီး သူ့အစား သင်က မဟောင်ပါနှင့်'...ဆိုတာလေ''

''ဩော်...ဟုတ်ကဲ့ ကြားဖူးပါတယ်''

''အေး...အဲဒါထက်ဆိုးတဲ့ မြင်ကွင်းတွေကို ဟိုးတလောက ငါတွေ့လာတယ်။ လူတစ်ယောက်နဲ့ ခွေးတစ်ကောင် လမ်းလျှောက်နေတယ်။ သူ့ခွေးကို အတော်ချစ်လို့လား၊ စိတ်အချဉ်ပေါက်နေလို့လား မသိပါဘူးကွာ၊ ခွေးလည်ပတ်ကို သူ့လည်ပင်းမှာ စွပ်ထားပြီး၊ သူ့နက္ကတိုင်ကို ခွေးလည်ပင်းမှာ တပ်ထားပေးတယ်''

''ဩော်...ဟုတ်လား''



''အေး...သူလည်း အသက်ရှုကြပ်၊ ခွေးလည်း လမ်းလျှောက်ရင်း နက္ကတိုင်တက်နင်းပြီး ချော်လဲ၊ ဘေးကလူတွေကလည်း အမြင်မတော်ဘူးပေါ့ကွာ၊ ငါလည်း မင်းတို့လူတွေကို အတော်စိတ်ပျက်ပါရဲ့ကွာ''

''ဟိုတစ်နေ့ကလည်း မျက်နှာမှာ အမာရွတ်နဲ့ လူသန်ကြီးတစ်ယောက်ကို ငါတွေ့တယ်၊ သူ့အမာရွတ်ကို သနပ်ခါးလိမ်းပြီး အုပ်နေတယ်၊ ငါဖြင့် စိတ်ကိုကုန်ရော''

သူက စကားရပ်ပြီး ပတ်ဝန်းကျင်ကို ငေးကြည့်တယ်။ ခဏကြာတော့ ဆက်ပြောတယ်။

သူပြောတာတွေကို နားထောင်ပြီး ကျွန်တော်လည်း စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားတာပေါ့။ ရွှေကျီးညိုက ကျွန်တော့်ကို စေ့စေ့ကြည့်ရင်း မဲ့ပြုံတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၈)

''အဲဒီလို မြင်ကွင်းတွေ အမြင်များရင်းက လောကကြီးကိုရော၊ မင်းတို့လူတွေကိုရော နားလည်ရခက်လာတယ်၊ ဘဝဆိုတဲ့ အရာကြီးကိုလည်း မသင်္ကာဖြစ်လာတယ်၊ အဲဒါကြောင့် ငါ့ပတ်ဝန်းကျင်ကို အလစ်မပေးရဲဘဲနဲ့ သတိ မြဲမြဲထား၊ မျက်စိလျှင်လျှင်နဲ့ နေရတာပေါ့ကွာ''

သူ့စကားတွေအဆုံးမှာ မောသလို အသက်ပြင်းပြင်းရှူတယ်။ ကျွန်တော်လည်း တစ်ခုစဉ်းစားမိပြီး၊ ခေါင်းရင်းမှာ ချိတ်ထားတဲ့ အဝေးကြည့်မှန်ပြောင်းကို လှမ်းယူလိုက်တယ်။

''ကိုရွှေကျီးညို…ကိုရွှေကျီးညို''

''ဘာတုံးဟ…နီးနီးလေးကို အော်ခေါ်နေရတယ်''

''အတော်ပဲဗျာ…လောကကြီးနဲ့ လူတွေအကြောင်းကို ခင်ဗျားနဲ့ ကျွန်တော် အတူလေ့လာကြရအောင်၊ ဒီမှန်ပြောင်းယူသွားဗျာ၊ ဟိုက မီးသတ်မျှော်စင်ထိပ်မှာနား၊ ကမ္ဘာတစ်လွှားကို ခင်ဗျားလှမ်းကြည့်စမ်းပါ၊ ထူးခြားတာတွေ့ရင် ကျွန်တော့်ကိုလည်း ပြန်ပြောပြ၊ ကျွန်တို့ဆွေးနွေးကြတာပေါ့…နော်၊ ဟုတ်လား''

''ဟုတ်ပြီ၊ သိပ်ကြိုက်တာပေါ့၊ ပေးစမ်း''

ရွှေကျီးညိုက ကျွန်တော့်လက်ထဲက မှန်ပြောင်းကို ဆတ်ခနဲ



ဆွဲယူပျံတက်သွားတယ်။ မီးသတ်မျှော်စင်ထိပ်မှာ နားတယ်။

မှန်ပြောင်းကို သူ့လည်ပင်းမှာ ကြိုးနဲ့ဆွဲထားရင်း၊ အတောင်ပံ တဖြန်းဖြန်းခတ်တယ်။ ရုပ်ရှင်ထဲက ဖာတစ်လုံးခင်မောင်လို…

''အို…အသင်လောက…'' ဘာညာနဲ့လည်း အော်တယ်။

နောက်တော့မှ အရပ်ရှစ်မျက်နှာကို မှန်ပြောင်းနဲ့ လိုက်ကြည့်နေတော့တယ်။

ကျွန်တော်လည်း စာရေးစရာရှိတာလေးတွေ ဆက်ရေးနေလိုက်တယ်။ 'ကျီးကန်း တောင်းမှောက်ကြည့်'တို့၊ 'ကျီးကန်း မျက်စိတောင်မြောက်ကြည့်'တို့ လူတွေပြောတာ ရှိတယ်လေ။ အခု သူ့အစွမ်းကို ပြရတော့မယ်။

ကျားကို အတောင်တပ်ပေးတာ မဟုတ်ပါဘူး။ ကျီးကန်းကို မျှော်စင်ပေါ်တင်ပြီး မှန်ပြောင်းတပ်ပေးလိုက်ရုံလေးပါ။

ကျွန်တော်လည်း ဘယ်လောက်အထိ ရေးလက်စ စာထဲမှာ စိတ်ဝင်စားသွားမိတယ် မသိပါဘူး။ နားနားမှာ တိုးတိုးလေးကပ်ပြီး ခေါ်လိုက်တဲ့ အာလုပ်သံကြီးကို ကြားလိုက်ရမှပဲ…

''ကောင်လေး''

''ဗျ…အဲ…ဗျာ၊ ဩော်…ကိုရွှေကျီးညို''

ကိုရွှေကျီးညိုက ကျွန်တော့်အနားကို ကပ္ပလီ ဆံပင်တစ်ချောင်းစာလောက်အကွာအဝေးထိ နီးကပ်နေပြီ။ (ကပ္ပလီဆံပင်ဆိုတော့ ခွေလိပ်နေလို့ တိုတိုကလေးထင်ရပေမဲ့၊ ဆွဲဆန့်လိုက်ရင်တော့လည်း ရှည်ပါသေးတယ်။)

''မင်းက စာပဲ မဲရေးနေတာကိုးကွ''

''အေးဗျာ၊ ကျွန်တော် ခင်ဗျားဒီလောက်ကပ်လာတာကိုတောင် မသိဘူး၊ လန့်သွားတာပဲ''

ကိုရွှေကျီးညိုက သူ့ရင်အုံကြီးကို မသိမသာ ကော့ရင်း…

''အခု မင်းအနားကို ငါချဉ်းကပ်လာတာက ရှေးခတ်ဂျပန်နင်ဂျာတွေရဲ့ နည်းစနစ်ကို သုံးပြီးလာတာကွ၊ စာရေးနေလို့ မဟုတ်ဘူး၊ စာမရေးလည်း မင်းသိမှာမဟုတ်ဘူး''

www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဟုတ်လား"

"ဟုတ်တယ်...အဲ...အဲ...အဲ...အဲ..."

အဲ...အဲ...အဲ...အဲဆိုတာက သူ 'ဟဲ...ဟဲ...ဟဲ...ဟဲ"လို့ ရယ်တာပါ။ သူ့ပုံစံကိုကြည့်ပြီး ကျွန်တော်လည်း...

'အင်း...ငါကလည်း ကျီးကန်းကို ဘုံမြှောက်မိတာကိုး'လို့ တွေးမိတာပေါ့၊ ဒီလိုတွေးရင်း သဘောကျမိလို့ သူနဲ့အတူလိုက်ရယ်လိုက်တယ်။

"ကောင်းတယ်၊ ကောင်းတယ်၊ အဲအဲအဲအဲ..."

ကျွန်တော်လည်း သူ့လို လိုက်ရယ်လို့ ကိုရွှေကျီးညို နည်းနည်းတော့ ကသိကအောက်ဖြစ်ပုံရတယ်။ ကျွန်တော့်ကို ခေါင်းစောင်းပြီး ကြည့်တယ်။ ပြီးမှ...

"မင်းမှန်ပြောင်းနဲ့ ငါတစ်ပတ်လှည့်ကြည့်ပြီး ပြီကွ"

"ဟုတ်လား၊ ဘာတွေမြင်ခဲ့သလဲ"

"ပုံပြင်ဆန်တဲ့ လူတစ်ယောက်ကို မြင်ခဲ့တယ်"

"ဘယ်လို...ဘယ်လို"



(၅)

နထင်ဘေးမှာ နဂိုအတိုင်း ရိုးရိုးကပ်ထောင်ထားတယ်လို့ ထင်ရပေမယ့်၊ အမှန်တော့ ကျွန်တော်နည်းနည်း 'နား'ရှုပ်သွားပါတယ်။ ကိုယ့်နားရှုပ်သွားတာကိုယ်ပဲ သိတယ်လေ။

ကိုရွှေကျီးညိုက ရှင်းပြပါတယ်။ ကျွန်တော့်နားကို တစ်စဆီဆွဲထုတ်ပြီး ရှင်းတာမဟုတ်ပါဘူး။ သူ့ဖာသာသူ ဆက်ပြောတာပါ။

"ဘဝဖြစ်စဉ်တော်တော်များက ပုံပြင်တွေနဲ့ လုံးထွေးနေတဲ့ လူပေါ့ကွာ၊ လူတစ်ပိုင်း၊ ပုံပြင်တစ်ပိုင်းဖြစ်နေတဲ့ လူပေါ့"

ရှင်းကာမှ ပိုရှုပ်သွားသလိုပါပဲ။

"တော်တော်ထူးခြားတယ်ကွ၊ စိတ်ဝင်စားဖို့ ကောင်းတယ်"

"ဟုတ်လား၊ ဒါဖြင့် ဆိုစမ်းပါဦးကွ"

"အဲ....သူ့နာမည်ကတော့ ခေါ်ရခက်တယ်ကွ..."

"ခေါ်ရခက်ရင်လည်း မခေါ်နဲ့ပေါ့ဗျာ၊ 'မောင်ပုံ' လို့ပဲ ပြောကြပါစို့"

ကိုရွှေကျီးညိုက သဘောကျပြီး တအဲအဲ ရယ်ပြန်ပါတယ်။

"မောင်ပုံဆိုလည်း မောင်ပုံပေါ့ကွာ၊ ဒါပေမယ့် ပိုးသာလုံနဲ့ပြီး ဓာင်းမတာတ်ခဲ့တဲ့ မောင်ပုံတော့ မဟုတ်ဘူး"

"ဟုတ်လား၊ ဒါဖြင့် ဘယ်လိုမောင်ပုံလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောပြမယ်လေ၊ ဘယ်လိုမောင်ပုံလဲဆိုတာကိုတော့၊ မင်းဖာသာမင်းသုံးသပ်"

သုံးသပ်တယ်ဆိုတဲ့ အလုပ်မျိုးကို ကျွန်တော်သိပ်ဝါသနာမပါပါဘူး၊ ဒါပေမဲ့ နှစ်သပ်ရင်လည်း ရက်စက်ရာရောက်မယ်လေ။ အဲဒါကြောင့်မို့ ဈေးမဆစ်တော့ပဲ။

"ဟုတ်ပြီ နားထောင်ရသေးတာပေါ့ဗျာ"

"ရော့…မောင်ပုံရေးတဲ့ ဒီစာပိုဒ်လေးကို မင်းအရင်ဖတ်ကြည့်"

ကိုရွှေကျီးညိုက စာရွက်ကလေးတစ်ရွက် ထုတ်ပေးတယ်။ စာရွက်ပေါ်ကစာသားကိုဖတ်ပြီး 'တယ်မခေတဲ့ မောင်ပုံပါလား' လို့ တွေးမိတယ်။



"သရဲဘောကြောင်သူများသည်…
မသေဆုံးမီကတည်းက…
အကြိမ်ကြိမ်အထပ်ထပ်သေဆုံးခဲ့ကြသည်…"

•

"ရှိတ်စပီးယား"

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရေ…,

ကိုယ်ကတွန့်ဆုတ်နေတတ်တာကို…
ပါးရေနုပ်ရေရှိတာလို့သတ်မှတ်တယ်…။
သူတစ်ပါးတွန့်ဆုတ်နေတာကိုကျတော့…
သူရဲ့ပေါကြောင်တာလို့ သတ်မှတ်တယ်…။

အထပ်ထပ်အခါခါသေနေမယ့်လူစာရင်းထဲမှာ…
တို့…ဘယ်တော့မှမပါတော့ဘူး…။



အခန်း(၁)

"တစ်နေ့မနက်မှာ မောင်ပုံအိပ်နေတုန်းတံခါးကို တဒုန်းဒုန်း ထုသံကြားပြီး နိုးလာတယ်"

"ပဲပြုတ်သည်လား"

ကျွန်တော်ရဲ့စကားကို ကိုရွှေကျီးညိုက မတုံ့ပြန်ဘူး။ သူ့စကားကို သူခပ်တည်တည် ဆက်ပြောတယ်။ 'ပြည်သူ့တရားရှင်'ထဲက ပေါင်ချိန်ကို ပြေးသတိရမိတယ်။ ပေါင်ချိန်ရော၊ ကိုရွှေကျီးညိုက မျက်နှာမည်းကြီးတွေ မဟုတ်လား။

"တဒုန်းဒုန်းထုနှိုးသံကြောင့် အိပ်မှုန်စုံမွှား ဖြစ်သွားရတဲ့ မောင်ပုံဟာ အပြင်က ဆက်ကြားရမယ့် အသံကို နားစွင့်ထောင်လိုက်တယ်"

"မတရားစွပ်စွဲခံရပါတယ် တဲ့လား"

ကိုရွှေကျီးညိုက ရှုသိုးသိုး လှည့်ကြည့်တယ်။

"ကောင်လေး"

"ဗျာ"

"အေးအေး နားထောင်ကွာ"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

"ဝင်ဝင်မနှောက်နဲ့"

"ဟုတ်ကဲ့"

ကိုရွှေကျီးညိုက သူ့ဇာတ်လမ်းကို ဆက်ပြောဖို့ ချောင်းဟန့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'အပဟာမ်း'လို့လည်း မဟုတ်ဘူး။ အာလုပ်သံကြီးနဲ့ 'အအမ်း…အအမ်း'တဲ့၊ ပြီး… ဆက်ပြောတယ်။

'မောင်ပုံ ငါပါကွ' တဲ့၊ တံခါးအပြင်ကနေ အဲဒီအသံကြီးကို သူကြားတယ်၊ မောင်ပုံအတော်လေး ချောက်ချားသွားတယ်။

"ဒါပေါ့ဗျာ၊ ချောက်ချားရမှာပေါ့"

"ဟေ…"

ကိုရွှေကျီးညိုက အံ့သြဟန်နဲ့ ကျွန်တော့်ကို လှည့်ကြည့်တယ်။

"မင်းကသိနေလို့လား"

"သိနေစရာမလိုပါဘူးဗျ၊ ဒါမျိုးက ဘယ်သူမဆို ချောက်ချားကြတာပဲ"

"ဘာဖြစ်လို့လဲ"

"ဩော်…မောင်ပုံက စဉ်းစားမှာပေါ့ဗျ"

"ဘယ်လိုစဉ်းစားမှာလဲ၊ ပြောစမ်းပါဦး"

"ငါက အထဲမှာ ရှိနေပါတယ်၊ ဘယ်လိုလုပ် ငါအပြင်ရောက်နေတာလဲ လို့ပေါ့"

"မင်းကလည်းကွာ"

"မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ လာနှိုးတာသူ့ယောက္ခမကွ"

"ဩော်…အဲဒါကြောင့် ချောက်ချားသွားတာလား"

"ဒါပေါ့၊ အကြောင်းတွေရှိတယ်"

"အင်း…ဆက်ပြောပါဦး၊ မောင်ပုံနဲ့ သူ့ယောက္ခမနဲ့ ဘာတွေပြောကြသလဲ"

"တိုးတိုး…တိုးတိုးနဲ့ ပြောကြတယ်ကွာ၊ ဘာပြောလဲတော့ ငါလည်း မကြားဘူး၊ ကြားစရာလိုလည်း မလိုဘူး၊ ပြီးတော့… စိတ်ပျက်လက်ပျက်နဲ့ မောင်ပုံလမ်းပေါ်ထွက်သွားတယ်၊ စိတ်ခါတ်တွေ အတော်ကျနေတဲ့ပုံပဲ"

"အေးလေဗျာ….၊ အိပ်ရာကနိုးနိုးချင်း ယောက္ခမကို မြင်လိုက်ရတာကိုး"



"အဲဒါကြောင့် သက်သက်တော့ မဟုတ်ပါဘူးကွာ၊ အဲဒါထက် အရေးကြီးတဲ့ကိစ္စ ရှိတယ်ကွ၊ သာမန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စ မဟုတ်ဘူး။ နည်းနည်းဆန်းတယ်"

"ဘာကိစ္စများပါလိမ့်"

ကျွန်တော်က စိတ်ဝင်တစားမေးမိတယ်။ ကိုရွှေကျီးညိုက မပြောသေးဘူး။ အသားမည်းကြီးနဲ့ မှုနေတယ်။

"ဆက်နားထောင်ကွာ၊ တဖြည်းဖြည်းနဲ့ သိလာမှာပေါ့ကွာ"

"ဟုတ်ပြီ၊ ဆက်ပြောဆက်ပြော"

"အေး…မောင်ပုံဟာ အုတ်ခုံတစ်ခုံမှာ အမောပြေဝင်ထိုင်ရင်း သက်ပြင်းကြီးတွေချလို့၊ အတော့်ကို ဘေးကြပ်နံကြပ်တွေ့နေပုံပဲ"

"အင်း"

"အဲဒီအချိန်မှာပဲ သူ့နားမှာ အဖိုးအိုနှစ်ယောက် လာစကားပြောနေတာကို ကြားရတယ်"

"အင်း"

"အဖိုးကြီးတွေက ဘာစားနေကြတာလဲ မသိဘူး၊ သွားတွေ မကောင်းလို့ မဝါးနိုင်ပဲ ဒုက္ခရောက်နေတယ်၊ အဲဒါကြောင့် တဖြစ်တောက်တောက် ညည်းတွားနေကြတယ်"

"အဲဒီတော့"

"မောင်ပုံက စိတ်ကောင်းရှိတယ်ကွ၊ သူ့ဖာသာ ဒုက္ခရောက်နေပေမဲ့ သူများဒုက္ခရောက်တာကို မကြည့်ရက်ဘူး၊ အဲဒါနဲ့ဝင်ကူတယ်"

"ဘာလဲ သူက ဝင်ဝါးပြီး ခွံ့ကျွေးတာလား"

"ထပ်သရီး"

ကိုရွှေကျီးညိုက ရွံ့ရှာသွားသလို မျက်နှာကို ရှုံ့မဲ့ပစ်လိုက်တယ်။

"ဘယ်ကလာကွာ၊ သူက ဂရုဏာတရားအပြည့်ပါတဲ့ လေသံနဲ့ အဖိုးကြီးတွေကို လှမ်းကြည့်တယ်"

"ဘယ်လိုပြောလဲ"

"အဖိုး ဒီအတိုင်းဝါးမရရင် ပြုတ်ပြီးဝါးလေတဲ့"

"အဲဒီတော့"

www.burmeseclassic.com

www.burmeseclassic.com



"အဖိုးကြီးတွေက သူ့ကို ကြောင်ကြည့်နေတယ်၊ မျက်လုံးပြူးကြီးတွေနဲ့"

"ဘာဖြစ်လို့လဲ"

"သူလည်း မသိသေးဘူးလေကွာ၊ အဲဒါနဲ့ပဲ သူလည်း ပျာပျာသလဲ ဆက်ပြောလိုက်တယ်"

"ပေး…ပေး…ကျွန်တော်ပြုတ်ပေးမယ် တဲ့"

"အဖိုးကြီးတွေက ပေးလား"

"ပေးတယ်ကွ၊ အဖိုးကြီးတွေကလည်း ရောင်ရမ်းပြီး ပေးလိုက်ကြတယ်၊ အဲဒီမှာပဲ မောင်ပုံလည်း မင်တက်မိသွားတယ်၊ 'ဟိုက်'ကနဲပေါ့"

"ဘာဖြစ်လို့တုန်း"

"အဖိုးကြီးတွေ ဝါးမရဖြစ်နေတာက ရေခဲတုံးကွ"

"ဩော်…ဟော်ဟော်…သူပြုတ်ပေးလို့ ဘယ်ရမလဲ"

"အေးပေါ့"

"ဖြစ်ချင်လို့ ကပ်သီးကပ်သပ်ကြုံရတာပါဗျာ"

"ဟုတ်တယ်၊ သူလည်း အဖိုးကြီးတွေကို တောင်းပန်ပြီး လစ်ထွက်လာရတယ်၊ လမ်းတစ်လျှောက်လုံးမှာ သူ့ဘဝရဲ့ အဆင်မပြေမှုတွေကို တွေးပြီး ရင်နာနေမိတယ်"

"သူ့ဘဝက ဘာတွေအဆင်မပြေလို့လဲ"

"မလောနဲ့လေကွာ၊ ဖြည်းဖြည်းချင်းတော့ သိလာရမှာပေါ့"

"အင်း…ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဆက်ပြောပါဦး"

"နေဦးကွာ၊ ကြော်ငြာဖြတ်ဝင်လိုက်ဦးမယ်"

"ဟင်…ခင်ဗျားကလည်း ဇာတ်လမ်းက စတောင် မစရသေးဘူး"

"ထုံးစံပဲလေကွာ"

"ကဲ…လုပ်ပါ…လုပ်ပါ…ဘာကြော်ငြာဝင်မလို့လဲ"

"မင်းကို ငါ့နာမည်ပြောထားမလို့ပါ"

"ဩော်…ဩော်…ဟုတ်သားပဲ၊ ပြောပါဦး၊ ခင်ဗျားနာမည်က ဘယ်လိုခေါ်တုန်း"

"ငယ်ငယ်တုန်းက ငါ အတော်ချူချာတယ်ကွ"



"အင်း"

"ဒါပေမယ့် အသက်ပြင်းလို့ မသေခဲ့ဘူး"

"အင်း"

"အဲဒါကြောင့် ငါ့ကို 'ချူချာသက်ပြင်း'လို့ခေါ်ကြတယ်"

"ဩော်…အဲဒါခင်ဗျားနာမည်လား"

"မဟုတ်သေးဘူးကွ၊ အဲဒါငယ်နာမည်"

"ဩော်…ကြီးလာတော့ 'ဟင်နရီချူချာသက်ပြင်း'ဖြစ်သွားသလား"

ကိုရွှေကျီးညိုက အတောင်ပံကြီးဖြန့်၊ ရင်ပုံကြီးဖွင့်ပြလို့ မော်ဒယ်လ်တစ်ယောက်လို တစ်ပတ် ပတ်တယ်။ ပြီးမှ…

"နောက်တော့လည်း ငါ့အရည်အချင်းတွေအရ 'ချူချာသက်ပြင်း' လို့ မခေါ်ကြတော့ဘူး၊ 'မဟူရာဌက်မင်း'လို့ ခေါ်လာကြတယ်"

ကျွန်တော် ဖနောင့်နဲ့ ပေါက်ချင်သွားတယ်။

"ဩော်…ချူချာသက်ပြင်းကနေ မဟူရာဌက်မင်း ဖြစ်လာတယ်ပေါ့"

"အေး…ဟုတ်တယ်"

"ဒါဆိုရင် လူတကာတက်နင်းဖို့ပဲ ကျန်တော့တယ်"

"ဘာကွ"

"အင်းအင်း..ဟုတ်ပြီ၊ ကြော်ငြာက အဲဒီ'ဘာကွ'မှာဆုံးတယ်၊အချိန်စေ့ပြီ၊ ဇာတ်လမ်းကိုဆက်တော့၊ မောင်ပုံဘာဖြစ်နေတာလဲ ဆိုတာရယ်၊ ဘာဆက်ဖြစ်ဦးမှာလဲ ဆိုတာရယ်ကို ကျွန်တော်သိချင်နေတယ်"

ကိုရွှေကျီးညို မကျေမနပ်ဖြစ်သွားတယ်။

ကျွန်တော်ကတော့ သူ့ကို 'မဟူရာဌက်မင်း'လို့ မခေါ်နိုင်ဘူး၊ ကိုရွှေကျီးညိုလို့ပဲ ဆက်ခေါ်မှာပဲ။

"အေးလေ၊ ဒါဖြင့်လည်း ဇာတ်လမ်းကို ဆက်ပြောတာပေါ့၊ မောင်ပုံဟာ လမ်းသွားရင်း အိမ်ကြီးတစ်အိမ်ရှေ့ရောက်တော့ ရပ်တယ်၊ သူ့အိတ်ထဲက ဖစ်ဖစ်တင်းကဒ်လေးကို ထုတ်ကြည့်ပြီး အိမ်နံပါတ်နဲ့ တိုက်တယ်၊ နောက်တော့ အဲဒီအိမ်ကြီးထဲ ဝင်သွားတယ်"

"ဘယ်သူနဲ့တွေ့လဲ"

"စားပွဲမှာထိုင်ပြီး အင်မတန်အလုပ်ရှုပ်နေတဲ့ လူတစ်ယောက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ်ကွာ''

''အင်း''

''မောင်ပုံက ကျွန်တော် ဒီဇိုင်းပညာရှင် ဦးစိုးဝင်းငြိမ်းနဲ့ တွေ့ချင်လို့ပါလို့ ပြောတယ်''

''ဪ''

''အဲဒီမှာ စားပွဲကလူက ဒီဇိုင်းပညာအကြောင်းနဲ့ ပုံနှိပ်လုပ်ငန်းရဲ့ သဘောသဘာဝတွေအကြောင်း သူ့ကို ရှွန်းရွှန်းဝေအောင် ပြောတယ်''

''ဦးစိုးဝင်းငြိမ်းနဲ့ ပေးမတွေ့သေးဘူးလား''

''အေး…ကြာတော့ မောင်ပုံကလည်း အဲဒါကိုပဲ စိတ်မရှည်ဖြစ်လာတယ်''

''အဲဒီတော့''

''သူက ထပ်ပြောလိုက်တယ်၊ ကျွန်တော် ဒီဇိုင်းပညာရှင်ကြီး ဦးစိုးဝင်းငြိမ်းနဲ့ တွေ့ချင်လို့ပါတဲ့''

''ဟုတ်ပြီ၊ ကျွန်တော်ဆိုရင်လည်း အဲလိုလုပ်တော့မှာပဲ''

''အဲဒါလည်း မရဘူးကွ၊ ဟိုလူက သူပြောချင်တာတွေပဲ လျှောက်ပြောနေတော့တာပဲ၊ ဘောလုံးပွဲကြေငြာသလိုပေါ့ကွာ၊ ဖြစ်နေတာက တခြား၊ သူလျှောက်ပြောနေတာက တခြား''

''ဒါဆို ခင်ဗျားဇာတ်လမ်းကို အမြန်ရစ်လိုက်တော့ဗျာ၊ နောက်ဆုံး ဘာဖြစ်သလဲ''

''နောက်ဆုံးကျမှ အဲဒီလူက မောင်ပုံ့ကို သူ့ဗစ်ဖင်းတင်းကဒ် ထုတ်ပြတယ်''

''ဪ…ဦးစိုးဝင်းငြိမ်းဆိုတာ သူပဲလား''

''မဟုတ်ဘူးကွ၊ သူက လက်ထောက်စိုးဝင်းငြိမ်း တဲ့''

''ဟင်''

''ပြီး…ဦးစိုးဝင်းငြိမ်း မရှိပါဘူးလို့ ပြောတယ်''

''ဘယ့်နှာ့တုန်း''

''ဘယ်သွားလဲလို့ မောင်ပုံကမေးတော့ လက်ထောက်စိုးဝင်းငြိမ်းက စားပွဲပေါ်က ဘဲလ်လေးကို နှိပ်လိုက်တယ်၊ အဲဒီမှာပဲ ဒုလက်ထောက်



စိုးဝင်းငြိမ်း ဝင်လာတယ်၊ သူကလည်း မောင်ပုံ့ကို သူ့ဗစ်ဇင်းတစ်ကဒ် ထုတ်ပေးတယ်''

''အင်း…ဇာတ်ရှိန်က မြင့်လာသလိုပဲ''

''ဦးစိုးဝင်းငြိမ်း ဘယ်သွားလဲလို့ မေးတဲ့အခါ သူကလည်း ဘဲလ်ကို ထပ်နှိပ်တယ်၊ အဲဒီမှာ ဒုလက်ထောက်စိုးဝင်းငြိမ်း(တွဲဘက်)ဝင်လာပြီး မသိဘူးလို့ဖြေတယ်''

''ဟောဗျာ''

''မောင်ပုံလည်း စိတ်ပျက်သွားတယ်၊ ဒါဖြင့်လည်း 'ကျွန်တော်လာသွားတယ်လို့ပဲ ပြောလိုက်ပါဗျာ' ဆိုပြီး ထိုင်ရာက ထတယ်''

''အင်း''

''လက်ထောက်စိုးဝင်းငြိမ်းက 'မိတ်ဆွေရဲ့ဗစ်ဇစ်တင်းကဒ်လေး ပေးသွားပါ' လို့ မောင်ပုံကိုပြောတယ်၊ မောင်ပုံအကြပ်ရိုက်သွားတယ်၊ သူ့မှာ ဗစ်ဇစ်တင်းကဒ်မရှိဘူး''

''အဲဒီတော့''

''အဲဒီတော့သူက ကျွန်တော့်နာမည် မောင်ပုံပါလို့ ပြောလိုက်တယ်၊ ခက်တာက''

''ဘာဖြစ်သလဲ''

''လက်ထောက်စိုးဝင်းငြိမ်းက အဲဒါကို လက်မခံဘူး သူ့စကားကို တောင် ဆုံးအောင်နားမထောင်ပဲ ဗစ်ဇစ်တင်းကဒ်ပဲ ပေးသွားပါလို့ တောင်းတယ်''

''မရှိဘူးဆို ဘယ်လိုလုပ်ပေးမလဲ''

''အင်း…မောင်ပုံကလည်း အဲဒီလိုပဲ ပြောလိုက်တယ်၊ လက်ထောက်စိုးဝင်းငြိမ်းက ပင့်သက်ကြီး ရှိုက်တယ်၊ 'အလုပ်လုပ်ရတာ ခက်တဲ့လူတွေပဲ' လို့ ညည်းတယ်''

''ဟုတ်လား''

''ခင်ဗျားက ဗစ်ဇစ်တင်းကဒ်ပေးမသွားရင် ခင်ဗျားလာသွားကြောင်း ကျွန်တော်က ဦးစိုးဝင်းငြိမ်းကို ဘယ်လိုတင်ပြရမှာလဲလို့ ပြောတယ်''

''အဲဒီတော့''

www.burmeseclassic.com

www.burmeseclassic.com


"မောင်ပုံလည်း ဖင်ကုတ်၊ ခေါင်းကုတ် ဖြစ်နေတော့တာပေါ့၊ နောက်ဆုံးကျမှ 'ကျွန်တော်လာမသွားဘူးလို့ပဲ သဘောထားလိုက်ပါတော့' ဆိုပြီး ပြန်ထွက်လာခဲ့တယ်"

"ဒါဖြင့် မောင်ပုံ လမ်းပေါ်ပြန်ရောက်သွားတာပေါ့၊ ဟုတ်လား"

"အင်း"

"ကြဲရာမရဖြစ်နေတဲ့အဆုံးမှာ သူဟာ သူ့သူငယ်ချင်း ပန်းချီမောင်မြင့်ဒွေးဆီ ရောက်သွားတယ်"

"အဲဒီမောင်မြင့်ဒွေးနဲ့ရော တွေ့လား"

"တွေ့တယ်၊ တွေ့တယ်၊ မောင်မြင့်ဒွေးနဲ့ကတော့တွေ့တယ်၊သူ့အလုပ်အတွက် အဆင်သင့်သွားတယ်"

"သူက ဘာလုပ်မလို့လဲ"

"ဖိတ်စာတစ်ခု လာအပ်တာ"

"ဘာဖိတ်စာလဲ"

ကိုရွှေကျီးညိုက သူ့ကျိုးကန်းမျက်စိနဲ့ ကျွန်တော့်ကို တောင်ဘက်ကရော၊ မြောက်ဘက်ကရော ကြည့်လိုက်တယ်။ ပြီး ဘဝင်မကျသလို...

"မောင်မြင့်ဒွေး မေးရမယ့် မေးခွန်းတွေကို မင်းကချည်း ဝင်မေးနေတာပဲ"

"အေးပါဗျာ၊ စိတ်မဆိုးပါနဲ့၊ မောင်မြင့်ဒွေး မေးတယ်လို့ပဲ သဘောထားလိုက်ပါ"

"အေး...မောင်မြင့်ဒွေးက အဲလိုမေးတဲ့အခါမှာ မောင်ပုံက ချက်ချင်းပြန်မဖြေဖြစ်ဘူး၊ အဝေးကြီးကို ငေးတယ်"

"နံရံကိုလား"

ကိုရွှေကျီးညိုက 'ကျွတ်'ကနဲ စုတ်သပ်တယ်။ ကျွန်တော့်ကို ဂရုမစိုက်ဘဲ...

"နောက်မှ အက်ကွဲဆို့နင့်တဲ့ အသံနဲ့ ပြောတယ်၊ ကျွန်တော့်ရဲ့ ရှာပုံ ဖိတ်စာတဲ့"

"ဗျာ"

"ကဲ...မင်း ဒီစာသားလေးတွေ ဖတ်ကြည့်စမ်း"

"ဘဝဆိုတာ အလွမ်းပြဇာတ်တစ်ပုဒ်ပဲ..."

"ရစ်ချဲလျူ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရေ…

ဒီစကားလေးကြားရတာ…

ကိုယ့်ကိုယ်ကို 'အလွမ်းသည်' လို့ ခံစားရတယ်။

ရပါတယ်…။

အလွမ်းပြဇာတ်ဖြစ်စေဦးတော့…

ကိုယ့်ဘဝကိုယ်…က. ရမှာပါပဲ…။

တစ်ခုပဲ…သိချင်တယ်…။

ဒါရိုက်တာက ဘယ်သူလဲ…။



''ကဲ…မင်းအမြင်ကို ပြောစမ်းပါဦး''

''ဘာပြောရမှာလဲ''

''ဘဝဆိုတာ အလွမ်းပြဇာတ်တဲ့၊ မင်းကရော ဘယ်လိုမြင်လဲ''

''ဩော်…ဘဝဇာတ်ဆရာအလိုကျ ဆို့ က. ငိုပြရပါတယ်လို့ တောင် စာချိုးကြသေးတာပဲ၊ ကျွန်တော်ဘာမှ ပြောစရာမရှိပါဘူး။ ကပ်ငြင်းရင်တော့လည်း ရတာပေါ့၊ ကပ်ပြီးမငြင်းချင်လို့၊ အခု ခွာပြီး ထောက်ခံလိုက်တာ''

''အဲ…အဲ…ကဲ…အဲ…''

ကိုရွှေကျီးညိုက အဲဒီလိုရယ်ပြီး ဆက်ပြောတယ်။

''သူ့ရှာပနဖိတ်စာကို သူကိုယ်တိုင်လာလုပ်တဲ့ အချက်ကရော''

''ထူးဆန်းတယ်ဗျ၊ စိတ်ဝင်စားစရာကောင်းတယ်၊ နည်းနည်းလည်း မွဲကြမ်းသလိုပဲ''

''မင်း သဘောကျသလား''

''သဘောကျတယ်၊ ကျွန်တော်က ငယ်ငယ်ကတည်းက ရေတံခွန် တွေကို သဘောကျတယ်''

''ဘာဆိုင်လို့လဲဟ''

''ရေတံခွန်ကြီးတွေလို တဟုန်ထိုး ခုန်ချလိုက်ရင် အရမ်းပျော်စရာ ကောင်းမှာပဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဝိနည်းတတ်ရင် ကြက်သတ်လို့ ရတယ်တဲ့ မင်းဟာမင်း ဆက်စပ်ပြပါဦး"

"အခု မောင်ပုံက သူ့ဘဝသူ တဟုန်ထိုးခုန်ချလိုက်တာပဲ၊ ရေတံခွန်လို ဖွေးခနဲ၊ ဖွားခနဲ၊ သူ့ကိုယ်သူ ဖောက်ခွဲစီးဆင်းလိုက်တာ"

"အဲဒီတော့ မင်း ရှေ့ဆက်နားထောင်ချင်တယ်ပေါ့"

"ထောင်ချင်တာပေါ့၊ ကျွန်တော်က အဆင်သင့်ရှိတယ်၊ ခင်ဗျားဘက်က မီးမပျက်ဖို့ပဲ လိုတယ်"

"မပျက်ပါဘူး၊ ဇာတ်လမ်းကို ဆက်လိုက်ကြဦးစို့"

"အိုကေ"

◆◆♥◆◆



အခန်း(၂)

"ကဲ...မောင်ပုံအခု ဘာဖြစ်နေတယ်ဆိုတာ ခဏထားလိုက်ပါဦး..."

"အဲဒါကိုထားပြီး ဘာကိုယူမှာတုံး"

"သူငယ်ငယ်က ဇီဇကလေးကို ပြန်ကောက်ယူကြရအောင်"

"ကောင်းသားပဲ...ပြောလေ..."

"ဒီ မောင်ပုံဆိုတဲ့ကောင်က ငယ်ငယ်တုန်းက နတ်ဘုံကို အရမ်းစိတ်ဝင်စားတာကွ..."

"နတ်ဘုံ...နက်ပြည် နတ်နန်းကို ပြောတာလား..."

"အေး..."

"အော်...အော်...ဆက်ပြောပါဦး"

"သူလေး၊ ငါး၊ ခြောက်နှစ်သားအရွယ်မှာ သူ့အမေကို မေးဖူးတယ်၊ ကလေးအတွေးနဲ့ မေးတာဆိုပေမဲ့ သူဉာဏ်ရှိတာကိုလည်း မြင်သာတဲ့ မေးခွန်းပေါ့ကွာ..."

ကိုရွှေကျီးညို့ရဲ့ စကားကြောင့် ကျွန်တော် ပြုံးလိုက်တယ်။ ကျွန်တော့်လို ကောင်တစ်ကောင်များ ထပ်တွေ့ရပြီလားလို့...။

"အအမ်း..."

ကိုရွှေကျီးညို စကားဆက်ဖို့ ချောင်းဟန့်ပါတယ်။ ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



''သူကမေးတယ်…အမေ နတ်သားနတ်သမီးတွေက ပန်းချီကားထဲကလိုပဲ ဝတ်စားထားကြတာလားတဲ့…သူ့အမေက ဟုတ်တယ်လို့ ပြန်ဖြေတယ်''

''အင်း…''

''ဒါဆိုရင်…သူတို့ရဲ့ ခေါင်းပေါ်မှာလည်း အချွန်အတက်တွေပါတဲ့ ဦးထုပ်ကောက်ကောက်ကြီး ဆောင်းထားတာပဲလားလို့ ထပ်မေးတယ်၊ သူ့အမေကလည်း ဟုတ်တယ်လို့ပဲ ပြန်ဖြေတယ်…''

''အင်း…''

''အိပ်တဲ့အခါ သူတို့အဲဒါတွေချွတ်ရမှာပေါ့လို့ မောင်ပုံကထပ်ပြောတယ်၊ သူ့အမေ ဇဝေဇဝါဖြစ်သွားတယ်၊ နတ်သားနတ်သမီးတွေမှာ ညဝတ်အင်္ကျီရှိမရှိ သူမသိဘူးလေ…အဲဒါနဲ့ပဲ အဲဒီစကားကို မသိဘူးလို့ တုံ့ပြန်လိုက်တယ်၊ ဒါပေမဲ့ မောင်ပုံသိချင်တာက ဒီမှာတင် မရပ်သေးဘူးကွ…''

''ဘရိတ်မပါသော မေးခွန်းများပေါ့ဗျာ…''

ကိုရွှေကျီးညိုက ကျွန်တော့်ကို ခေါင်းငုံ့ကြည့်တယ်…''

''ဒီလိုမေးခွန်းတွေက မကောင်းဘူးလို့ မင်းကဆိုလိုချင်တာလား''

''မကောင်းဘူးတော့ မဟုတ်ပါဘူး။ ဘရိတ်မပါသလို ဆီလည်းမပါတာမျိုး မဖြစ်ဖို့သာလိုတယ်၊ ဆက်ပါဦး…သူဘာတွေ ထပ်မေးသေးလဲ…''

''သူသိချင်တာက အဲဒီခေါင်းစွပ်ကြီးတွေ ချွတ်လိုက်ရင် နတ်သားနတ်သမီးတွေက ဘယ်လိုပုံစံမျိုးလဲတဲ့…''

''ဒါ မေးသင့်တဲ့ မေးခွန်းပဲ၊ သူ့အမေက ဘယ်လိုပြန်ဖြေသလဲ''

''ရှေးခတ်ယောကျ်ားကြီးတွေ မိန်းမကြီးတွေလိုပဲ ဖြစ်မှာပေါ့လို့ ပြန်ဖြေတယ်…''

ကျွန်တော်ခေါင်းကို ခါယမ်းလိုက်မိတယ်။

''ဒါ သူ့ထင်မြင်ချက်ပဲဗျ…ထင်မြင်ချက်ကို ပေးတယ်ဆိုတာ…အဖြေကိုပေးတာ မဟုတ်ဘူး''

''ထားလိုက်ပါတော့ကွာ…မင်းကလည်း အတော်လျှာရှည်တဲ့ကောင်ပဲ…အဓိကက မောင်ပုံရဲ့ နောက်ဆုံးမေးခွန်းကို ပြောချင်တာ…''

''ဟုတ်ပြီ…ဟုတ်ပြီ…ပြောပါဦး''

''အမေ…နတ်တွေထဲမှာ ကတုံးရော ရှိသလားတဲ့၊ ကတုံးနတ်ဆိုတာ ကြားဖူးသလားတဲ့…''

''ကြဲကြဲဖန်ဖန်ဗျာ…''

''အေး…သူ့အမေကလည်း အဲလိုပဲ ပြန်ပြောတယ်…''

''အဲဒီမေးခွန်းရဲ့ အဖြေကို သူအခုရော သိပြီလား…''

''ဟင့်အင်း…သူအခုထိ မသိသေးပါဘူး၊ ဒါပေမဲ့ တချို့မေးခွန်းတွေဆိုတာက ဘဝမှာ သိပ်မလိုအပ်ပါဘူးကွာ…အရွယ်အလိုက်ပြောင်းလဲသွားတာပါပဲ…''

''ဟုတ်ပြီ…ခင်ဗျားဆိုလိုချင်တာကို ကျွန်တော် သဘောပေါက်ပြီ…နောက်အရွယ်မှာ သူဟာဘယ်လို မေးခွန်းကို ထပ်မေးမလဲ…''

''ဒီလိုကွ…အအမ်း…အအမ်း…''

ကိုရွှေကျီးညိုက သူ့အတောင်ပံတွေကို ဆန့်ထုတ်ရင်းအပျင်းဆန့်တယ်၊ 'အွား'.....လို့လည်း သမ်းဝေလိုက်တယ်။ ပြီးမှ

''သူအသက်ဆယ်နှစ်ကျော်ကျော်မှာ ရောဂါဖြစ်လို့ ဆေးရုံတက်ရသေးတယ်ကွ…ဆေးရုံမှာ ဆရာဝန်က သူ့ကို မှာတယ်''

''သူ့မိန်းမက ဆေးရေးပါတိတ် ဝတ်ချင်တယ်တဲ့လား…''

''မဟုတ်ပါဘူးကွ…အကောင်းလမ်းညွှန်တာပါ…''

''ဘယ်လိုလဲ…ပြောပါဦး''

''စိတ်အေးလက်အေး ပျော်ပျော်ရွှင်ရွှင်နေပါတဲ့…အဲဒီလို နေနိုင်ဖို့အတွက် သစ်ပင်ပန်းပင်လေးတွေ စိုက်တဲ့ အလေ့အကျင့်လုပ်ပါတဲ့…''

''အင်း…''

''သစ်ပင်ပန်းပင်တွေကို စိုက်ရင် ဘာအကျိုးထူးမှာလဲလို့ မောင်ပုံက မေးတယ်…''

''ကျွတ်တွယ်မယ်၊ လက်ရွှံ့ပေမယ်၊ မျက်စိထဲ ဖုန်ဝင်မယ်လို့ ဆရာဝန်က ပြန်မပြောဘူးမဟုတ်လား''

''ဟင့်အင်း…အဲလို သစ်ပင်ပန်းပင်စိုက်ရင် ရုပ်ချောလာမယ်၊ နတ်သားလေးတွေလို ချောလာမယ်လို့ပြောတယ်၊ ကျန်းမာ[illegible]ရွှင်လာမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ သဘောပေါ့ကွာ''

''ဪ...''

''ဒါတင်မကသေးဘူး၊ သေရင်နတ်ပြည်ရောက်ဦးမှာတဲ့...''

''အင်း...ဟိုမော်ဒယ်ဂဲလ်လေးနဲ့ နတ်ပြည်ကို လေးယောက်သွား ရမယ်ထင်ပါရဲ့၊ ထားပါတော့...အဲဒီစကားတွေကို မောင်ပုံကယုံလား''

''မောင်ပုံဆိုတဲ့ နာမည်နဲ့လိုက်အောင် ပုံပြီးယုံလိုက်တာပေါ့ကွာ၊ ကလေးဆိုတော့ စိတ်ကူးတွေယဉ်တော့တာပေါ့...''

''သူ...သစ်ပင်တွေပန်းပင်တွေ စိုက်တော့တာပေါ့...''

''အေး...အစပိုင်းမှာ တော်တော့်ကို တက်တက်ကြွကြွလုပ် တယ်၊ မကြာဘူးတစ်ရက်မှာ မှုန်တေတေမျက်နှာနဲ့ အဲဒီဆရာဝန်ကို သူသွားတွေ့ တယ်၊ သူနဲ့အတူ လူတစ်ယောက်လည်း ပါတယ်...''

''ဘာဖြစ်ပြန်တာပါလိမ့်...''

''သစ်ပင်ပန်းပင်တွေ စိုက်ရင် နတ်သားလေးလို ချောလာလိမ့် မယ်ဆိုတဲ့ စကားကို ပြန်ရုတ်သိမ်းနိုင်းတာပေါ့ကွာ...သူနဲ့အတူပါလာတဲ့ လူကိုသက်သေပြတယ်...''

''အဲဒီလူသက်သေက ဘယ်သူတဲ့တုံး...''

''ရာဂျူးလေကွာ...သူတို့လမ်းထဲက မာလီကုလား အတော်ရုပ် ဆိုးတယ်၊ စာရေးဆရာ မောင်သစ်ဆင်း ဆံပင်တွေကောက်ပြီး သွားဖြူလာ တဲ့ပုံမျိုးပေါ့ ကြောက်စရာကြီး''

''ဪ...ဪ...မာလီဆိုတော့ သစ်ပင်ပန်းပင်စိုက်တဲ့လူပေါ့''

''အေးလေကွာ...ရာဂျူးလောက်စိုက်တာ ရာဂျူးပဲရှိတယ်... ရာဂျူးလောက်ရုပ်ဆိုးတာလည်း ရာဂျူးပဲရှိတယ်...''

''အဲဒီတော့...ဆရာဝန်က ဘာပြောလဲ...''

''အဲဒီတော့လည်း ဆရာဝန်က မျက်နှာသေလေးနဲ့ပေါ့...ဘာမှ မပြောဘူး...''

''လူတွေမှာ ခြေသေလက်သေ ကိုယ်တစ်ပိုင်းသေတာတွေ ထက် စာရင် မျက်နှာသေတာက အဆိုးဆုံးဗျ''

''အေး မင်းပြောလိုက်တဲ့ စကားကောင်းတယ်၊ လိုရင်းအချက်ကို



ပြောရရင် မောင်ပုံစိတ်ဓါတ်ကျသွားတယ်ကွ...''

''အဲဒီနောက် နတ်ပြည်ကို သူစိတ်ဝင်စားသေးလား...''

''စိတ်ဝင်စားနေတုန်းပါပဲ၊ အဲဒီလိုနဲ့ တစ်နေ့မှာ သဘောအရမ်း ကောင်းတဲ့ သူ့ဘကြီးဟာ အသဲကင်ဆာနဲ့ ဆုံးသွားတယ်၊ အဲဒီစျာပနမှာ သူတရားသံဝေဂတွေ ရလိုက်သေးတယ်...''

''ဘယ်လိုရတာလဲ...''

''သူ့ဘကြီးက ဝေဒနာကို အတော်ခံစားလိုက်ရတယ်၊ ဒါပေမဲ့ သေပြီးနောက် နတ်ပြည်ကိုရောက်မှာပဲလို့ မောင်ပုံက ယုံကြည်တယ်...''

''ဘာဖြစ်လို့လဲ...''

''သူ့ဘကြီးရဲ့ကင်ဆာက အသည်းမှာဖြစ်တာလေ၊ အသည်းရှိတဲ့ လူသေရင် နတ်ပြည်ရောက်ပြီး အသည်းမရှိတဲ့လူသေရင် ငရဲပြည်ရောက် မယ်လို့ သူနားလည်ထားတယ်၊ သူ့ဘကြီးက သေပြီးနောက် နတ်ပြည် ရောက်မယ့်သူလို့ သူယုံတယ်....''

''သူ့ဟာနဲ့သူတော့ ဟုတ်နေပါလား...''

ကိုရွှေကျီးညိုက မျက်ကလဲဆန်ပြာနဲ့ အမြီးခါတယ်။

''အဲလိုဟုတ်တာက သုံးလေးလပဲ ကြာတယ်ကွ...အတွေးတစ်ခု ထပ်ဝင်ပြီး ဇဝေဇဝါဖြစ်လာပြန်ရော...''

''တော်တော်ရှုပ်တဲ့မောင်ပုံပဲ ပြောပါဦး၊ ဘယ်လိုဖြစ်ပြန်တာတုံး''

''သူ့ဘကြီးက နတ်ပြည်ကို အသည်းမပါပဲ ရောက်သွားမှာလေ၊ အသည်းမရှိတဲ့လူက နတ်ပြည်မှာ လျှောက်သွားနေမှာ မသိလျှော်သလိုကြီး ဖြစ်နေတယ်၊ အသည်းမပါပဲနဲ့ အဲဒီနတ်က လူသတ္တဝါတွေအပေါ် ဘယ်လို မေတ္တာထားမှာလဲ''

မအောင်နိုင်လို့ ကျွန်တော်ရယ်မိတယ်။

''ဟီး...ဟီး...''

ကိုရွှေကျီးညိုကလည်း ရယ်တယ်။

''အအီး...''

ပြီး ပြုံးပြုံးကြီး ဆက်ပြောတယ်။

''အဲဒီလိုနဲ့ မောင်ပုံတိုင်ပတ်နေတော့တယ်...အသည်းရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိပဲဟေ့…''

''အရွယ်ရောက်ချိန်မှာရော ထူးထူးခြားခြား ထပ်ဖြစ်သေးလား''

''ဖြစ်တယ်…ကြီးကြီးမားမားကို ဖြစ်တယ်''

''အင်း…ဆိုပါဦး''

ကိုရွှေကျီးညိုက သူ့ကိုယ်ကို ဖြုန်းခနဲ ဆန့်ထုတ်လိုက်တယ်။

''အချိန်ကျပြီ…''

''ဘာလဲ…''

''ကြော်ငြာဖြတ်ဝင်ရဦးမယ်လေ…''

''ဟာဗျာ…''

''မညည်းနဲ့လေကွာ…ဇာတ်လမ်းကို ကြည့်ချင်ရင် ကြော်ငြာကို လည်းကြည့်ရမှာပေါ့…''

ကျွန်တော်က စိတ်မရှည်တဲ့လေသံနဲ့

''ကဲ…ဒါဖြင့်လည်း မြန်မြန်ကြော်ငြာဗျာ၊ ဒီတစ်ခါ ဘာကို ကြော်ငြာမှာလဲ''

''ငါးဒိုင်တစ်ခုက ကြော်ငြာခိုင်းထားတာကိုငါ လက်ခံထားတယ်၊ သူ့ဆီမှာ ငါးလာဝယ်ဖို့ပေါ့…''

''ခင်ဗျားကတော့ ထွင်ပြန်ပြီ၊ ငါးစိမ်းသည်နဲ့ ကြော်ငြာမှာပေါ့ ဟုတ်လား…''

''ဟေ့အေး…လူမထည့်တော့ဘူးကွာ…ငါးတွေကိုရိုက်ပြ ဆိုင်တွေ ကို ရိုက်ပြပြီး နောက်ကပဲ အသံထည့်မယ်…''

''အသံက ဘာကိုပြောမှာတုံး''

''ယူချင်တာ ယူလိုက်…ဘစ်ဖိုက်၊ ဘစ်ဖိုက်လို့…''

သူပြောတာကို ကျွန်တော်သဘောမပေါက်ဘူး။

''ဘာလဲဗျ ခင်ဗျားဟာက…ဘာဆိုင်လို့တုံး''

''Big Five, Big Five ဆိုတာ…ငါးကြီး ငါးကြီးပေါ့ကွာ…''

''အော်…အဲလိုလား''

ကျွန်တော်ခံလိုက်ရတယ်။ ကိုရွှေကျီးညိုက ကျွန်တော့်ကို ပြုံးပြုံး ကြီးကြည့်ပြီး…''



''ပီပြင်တယ်မဟုတ်လား…အဲ…အဲ…အဲအဲ…''

''ပီပြင်ပါတယ်ဗျာ…အဲအဲ…အဲအဲ…''

''ကဲ…ဒါဖြင့် မောင်ပုံ့အကြောင်း ဆက်ကြမယ်''

''တော်ပါသေးရဲ့ဗျာ…''

''တိုတိုပဲ အချိန်ပေးမယ်ကွ…သူတို့ကလည်း ကြော်ငြာခကို မြန်မာငွေပဲပေးတာကိုး…ကဲကဲ…ဇာတ်လမ်းဆက်ပြီ…''

''ဟုတ်ပြီ…မောင်ပုံက ကြီးကြီးမားမား…ဘာကြုံတွေ့လိုက် သလဲ…''

''မောင်ပုံက လောကနတ်ကို ရုပ်တုကလေးထုပြီး ကိုးကွယ်တယ် ကွ၊ သူ့ရုပ်တုကလည်း တော်တော်တန်ကြေးကြီးတယ်၊ နှစ်ပေါင်းများစွာ သူစုဆောင်းလာတဲ့ ငွေကြေးလေးတွေနဲ့ ဒီရုပ်တုကို ထုတာ…''

''အော်…ဟုတ်လား…''

''ဒါပေမယ့် ခက်နေတာတစ်ခုရှိသေးတယ်…အဲဒီလောကနတ် ကို ဘယ်လို ပူဇော်ရမလဲဆိုတာ သူမသိဘူး…လောကနတ်က လူတွေကို ဘာတွေဩဝါဒပေးသလဲဆိုတာ မသိဘူး၊ လောကကြီးကို ဘယ်လိုစောင့် ရှောက်သလဲဆိုတာ ပိုမသိဘူး…''

''ဟုတ်သားပဲ…ကျွန်တော်လည်း မသိဘူးဗျ ပြောပါဦး…ဘာ ဆက်ဖြစ်သလဲ''

''စာတတ်ပေတတ်ပုဂ္ဂိုလ်တွေကို သူမေးကြည့်တယ်…လောက နတ်အကြောင်း သေသေချာချာ မရှင်းပြနိုင်ကြဘူး၊ တစ်နေ့မှာ ဘုန်းတော် ကြီးတစ်ပါးနဲ့ တွေ့တယ်…ဘုန်းတော်ကြီးပြောလိုက်တဲ့ စကားကြောင့် သူ တော်တော်စိတ်လှုပ်ရှားသွားတယ်…''

''ဘာစကားပါလိမ့်''

''လောကနတ်ဆိုတာ…ထေရဝါဒဗုဒ္ဓဘာသာမှာ လုံးဝမရှိဘူး တဲ့''

''အဲ…''

ကျွန်တော်လည်း မျက်လုံးပြူးခနဲ ဖြစ်သွားရတယ်။

''မရှိဘူး ဟုတ်လား…သေချာလို့လား''

''မောင်ပုံကလည်း အဲလိုမေးတာပါပဲကွာ…''

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးက ဘာပြန်ပြောလဲ…"

"ထေရဝါဒကျမ်းဂန်တွေမှာ လောကဇျုဟာနတ်သားဆိုတာပဲ ရှိတယ်တဲ့၊ ကမ္ဘာပျက်ခါနီးမှာမှ ပေါ်လာပြီး၊ လူတွေကို တရားစောင့်ဖို့ ဆော်ဩတတ်တယ်တဲ့…"

"အော်…အဲဒါဆို…အဲဒီလောကဇျုဟာနတ်သားက ခုလောလောဆယ်တော့ မလာသေးဘူးပေါ့…"

"ဒါပေါ့…"

"နို့…သောင်းလုံးဝေလုံ့တို့ တိမ်မှောင်တောင်းတို့ အဲဒီသီချင်းကြီးတွေထဲမှာ လောကနတ်ပါတယ်လေ၊ မဟာဂီတထဲမှာ ဖတ်ကြည့်ပါလား"

ကိုရွှေကျီးညိုက မိန့်မိန့်ကြီးပြုံးတယ်။

"ဘုန်းတော်ကြီးက တစ်ခွန်းတည်း ပြန်ပြောတယ်၊ အဲဒီသီချင်းကြီးတွေကို ကျမ်းဂန်က တာဝန်မယူဘူးတဲ့…ထေရဝါဒမှာတော့ လောကနတ်ဆိုတာ ဘယ်နေရာမှာမှ မပါဘူးတဲ့…"

"အော်…အဲလိုလား…ဒါဆို မောင်ပုံယုံကြည်ချက်တွေ နည်းနည်းတော့ ပြိုလဲထွက်သွားတာပေါ့…"

"ဒါပေါ့ကွာ…ဘုန်းတော်ကြီးက ရှည်ရှည်ဝေးဝေးမရှင်းပြလိုက်ရပါဘူး၊ မောင်ပုံသဘောပေါက်သွားတယ်…"

"သူကရော…ဘာပြန်ပြောလိုက်သေးလဲ"

"ပြောမလို့တော့ လုပ်တယ်…ဒါပေမဲ့ ဟို…ဆိုပြီး ရပ်သွားတယ်၊ ဘာမှဆက်မပြောဘူး…"

"သဘောပေါက်သွားရင် ပြီးတာပါပဲဗျာ…စိတ်ခါတ်တော့ကျသွားမှာပေါ့…"

"အင်း…ဘယ်လိုပြောရမလဲတော့ မသိဘူး၊ သူရေးတဲ့ စာသားလေး မင်းဖတ်ကြည့်…သူ့ကောင်မလေးကိုတော့ ခေါင်းတပ်ထားတာပဲ…"

*"သုတေသန သမ္မာ မဂ္ဂင် ပဍာကျမ်း"
အရှင်ဩဘာသာဘိဝံသ။ စာ-၂၂၈

"ပညာရှိသူအတွက်
စကားလုံးတစ်လုံးသည် လုံလောက်ပါသည်။"
"ရာဘင်ဒြာနသ်တဂိုး"

www.burmeseclassic.com

www.burmeseclassic.com


ကောင်မလေးရေ…

စကားတစ်လုံးတည်း ပြောတတ်သူတွေဟာ…
ပညာရှင်တွေများ ဆန်နေမလား…။
'ညောင်' လို့အော်တတ်တဲ့ ကိုယ့်ကြောင်လေးရယ်…
'ဝုတ်' လို့မြည်တတ်တဲ့ ကိုယ့်ခွေးကလေးရယ်…
'ဟို' ဆိုပြီး စကားကို ရှေ့မဆက်နိုင်တဲ့ ကိုယ်ရယ်…။

ခုလောလောဆယ်မှာ…
ပညာရှင်ကြီးသုံးယောက်ရှိကြတယ်…။

''ကောင်လေး…''

''ဗျ…''

''မောင်ပုံရဲ့ အဖြစ်အပျက်ကို ဒီအထိမင်းဘယ်လိုမြင်လဲ''

သူ့ဘော်လီဘောကို သူ့ဆီပြန်ပုတ်ပေးလိုက်တယ်။

''ကိုရွှေကျီးညိုကရော ဘယ်လိုမြင်တုံး တဖြည်းဖြည်း နတ်ပြည်သွားချင်စိတ် လျော့လာမယ်ထင်တယ်''

''ဟုတ်တယ်…အံကိုက်ပဲ…ဒီအပေါ်မှာ သူစိတ်ဝင်စားမှု လျော့လာတယ်၊ ကောင်းတယ်ပြောမလား၊ မကောင်းဘူးပြောမလား၊ မင်းဘယ်လိုသုံးသပ်မလဲ…''

''လူတစ်ယောက်အနေနဲ့ လောကကြီးနဲ့ ဆီလျော်ပြေပြစ်အောင်နေမယ်ဆိုရင်တော့ ဖလက်ဆေဘယ်လ် (Flexable) ဖြစ်ဖို့လိုတယ်၊ ပျော့ပြောင်းမှုရှိရမယ်…''

ကိုရွှေကျီးညိုက ဥပမာဆိုပြီး ကျွန်တော့်ဆီက အစဆွဲထုတ်ပြန်တယ်။ ပိုးစလုလုလေးကို သူရသွားတယ်။

''ဥပမာ…သက်တန့်ပေါ့ဗျာ၊ ကောင်းကင်က သက်တန့်မျိုးပေါ့ အိန္ဒြေရရ လှလှပပနဲ့ ကွေးညွတ်ပျော့ပြောင်းနိုင်ရမှာပေါ့…''

''အေး…ဟုတ်တယ်ကွ…''

''မောင်ပုံက အဲလိုမပျော့ပြောင်းနိုင်သေးဘူးဗျ။ အဲဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပျင်းတွဲတွဲ မာခေါက်ခေါက်နဲ့ သူ့ဒုက္ခရောက်ဦးမယ်…''

''ဟုတ်တယ်၊ နုတ်ပြည့်ကိုစိတ်ဝင်စားမှု လျော့သွားပြီးတဲ့နောက်…''

''ဘာဆက်ဖြစ်လဲ…''

''မိန်းကလေးတွေကို သူစိတ်ဝင်စားသွားပြန်တယ်…''

''ဘာမှလည်း မဆိုင်ပါလား…''

⬩◆♥◆⬩



အခန်း(၃)

''ဘာမှတော့မဆိုင်ဘူးပေါ့ကွာ…ဒါပေမဲ့ သူကအရွယ်ရောက်နေပြီကွ…''

''ဘယ်လိုဖြစ်ပြီး စစိတ်ဝင်စားတာတုံး…''

''အနမ်း၏ဒဿနဆိုတဲ့ စာပိုဒ်လေးကိုဖတ်ပြီး ချစ်သူရည်းစားထားဖို့ စိတ်ဝင်စားသွားတာကွ''

''အနမ်း၏ဒဿန…ဟုတ်လား Philosophy of kiss ပေါ့ ဟုတ်လား…ကျွန်တော်မကြားဖူးပါလား…''

''မကြားဖူးရင် ပြောပြမယ်လေ…နားထောင်…''

နားဆိုတာကတော့ နားထင်နားမှာကပ်လျက် အမြဲတမ်းထောင်နေတာပါပဲ။ တစ်ခါမှလဲတယ်ရယ်လို့ မရှိပါဘူး။ အဲဒါကိုဘာလို့ နားထောင်၊ နားထောင်နဲ့ ပြောကြတာလဲ။

''အစတည်းက ထောင်နေပါတယ်ဗျာ…ပြောပါ…''

ကိုယ့်ကိုပြောဖို့ကျတော့ သူကလျှာကိုထောင်လိုက်တာလည်း မဟုတ်ပဲနဲ့။

''တစ်နေ့မှာ သူ့သူငယ်ချင်းတစ်ယောက်ရဲ့ မှတ်စုစာအုပ်ထဲကနေ အနမ်း၏ဒဿနကို သူဖတ်လိုက်ရတယ်ကွ…သူ့သူငယ်ချင်းကလည်း ရည်းစားမရှိပါဘူး…'ချိုချိုထွန်းငြိမ်း'ဆိုတဲ့ ကောင်လေးပါကွ စိတ်ကူးယဉ်ပြီး ကဗျာတွေစာတွေကို ကူးရေးထားတာ…''

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့…အဲဒီအနမ်းရဲ့ ဒဿနဆိုတာကို ပြောပါ…"

"ဒီလိုရေးထားတယ်ကွ…"

"အင်း…"

ကိုရွှေကျီးညိုက နမ်းခြင်းဆိုတဲ့ ကိစ္စကို သူကိုယ်တိုင်ကြုံဖူးတာလည်း မဟုတ်ဘဲနဲ့ ဆရာကြီးလေသံသုံးပြီး ပြောပါတော့တယ်။ (သူက နှုတ်သီးခံနေတယ်၊ နမ်းလို့မရဘူး)

"တစ်– နမ်းခြင်းသည် ထူးဆန်း၏"

"ဘယ်လိုထူးဆန်းတာတုံးဗျ"

ကိုရွှေကျီးညိုက ကျွန်တော့်စကားကို ပြန်မဖြေဘဲ သူ့စကားသူ ဆက်ရွတ်၏။

"နှစ်– တစ်ယောက်တည်း လုပ်လို့မရ"

"ဟုတ်လိုက်လေဗျာ"

"သုံး– ကလေးများက၊ အခမဲ့ရ၏"

လေး– လူကြီးများက ရင်နှီးဝယ်ယူရ၏"

ဘယ်လောက်ပေးဝယ်ရလဲလို့ မေးရင်လည်း "၁၅၀၀ပေါ့"ဆိုတဲ့ ပေါ်ပေါ်လောလောအဖြေကိုပဲ ရမှာမို့လို့ မမေးတော့ပါဘူး။

"ငါး– ချစ်သူများ၏ ပျော်ပွဲနိဒါန်းဖြစ်၏"

"တကယ်မချစ်ရင်ကော…"

"ခြောက်– ဟန်ဆောင်သူများ စွပ်တတ်သည့် မျက်နှာဖုံး ဖြစ်၏"

"အော်…အဲလိုလား…ဆက်ပါဦး"

"ခုနှစ်– မိန်းကလေးများအတွက် နမ်းခြင်းသည် သစ္စာတစ်ရပ် ဖြစ်၏"

"မိန်းမကြီးတွေအတွက်ရော…"

"ရှစ်– မိန်းမကြီးများအတွက်မူ နမ်းခြင်းသည် မျှော်လင့်ချက် တစ်ရပ် ဖြစ်သည်"

"ဒီထက်ကြီးသွားရင်ကော…"

"ကိုး– ဖွားဖွားများအတွက်မူ အနမ်းသည် ဒါနသက်သက်သာ



ဖြစ်လေသည်၊ အဟောသိကံ"

"အဟီး…အဲဒီမှာသူ စိတ်ဝင်စားသွားတာပေါ့…ဟုတ်လား…"

"မောင်ပုံပဲကွာ…ဒီလောက်နဲ့တော့ ဘယ်စိတ်ဝင်စားဦးမလဲ၊ သူ့စိတ်ထဲမှာ သို့လော၊ သို့လောတော့ ဖြစ်သွားတာပေါ့…"

"ဒါဖြင့် လေ့လာစူးစမ်းမှုထပ်ပြီး ပြုတယ်ဆိုပါတော့"

"အေး…အနမ်းကို အဆိုးမြင်ရှုထောင့်ဘက်က ရေးထားတာတွေကိုလည်း သူဖတ်ရတယ်…"

မောင်ပုံမပြောနဲ့၊ ကျွန်တော်တောင်စိတ်ဝင်စားသွားတယ်၊ အဲဒါနဲ့ပဲ

"ဆိုပါဦးဗျ…အဆိုးမြင်ရှုထောင့်က ဘယ်လိုရေးထားလဲ…"

"ဖြစ်စဉ်အလိုက်ပြောပြမယ်ကွာ…ခုနကလိုပဲ ရွတ်ပြမယ်…"

"အင်း…"

"တစ်– ချစ်သူ၏ ပါးပြင်ကို နမ်းမည်ဆိုပါစို့…"

"ဟုတ်ပြီ…"

"နှစ်– ချစ်သူ့ပါးပြင်သည် နူးညံ့မွေးသည်ဆိုပါစို့…"

"ဒါပေါ့…ဆိုမယ်…"

ကိုရွှေကျီးညိုက ကျွန်တော့်ကို အဓိပ္ပါယ်ပါပါ ကြည့်ရင်း အာလုတ်သံကြီးဖြင့်။

"ထိုနေရာတွင်…"

"ဘာတုံးဗျ…"

ကိုရွှေကျီးညိုက မန်ကျည်းသီးဆန်ဆန်ပြုံးပါတယ်။ မချိုမချဉ် အပြုံးပေါ့။ ဆက်ရွတ်တယ်။

"ခန္ဓာကိုယ်တွင် နှာခေါင်းသည် အတွေ့အထိကို မသိဆုံးသော အစိတ်အပိုင်းဖြစ်၏"

"ဟင်…ဟုတ်လား…"

"ပါးပြင်ကိုမှန်ဘီလူးဖြင့် အဆတစ်ထောင်ချဲ့ကြည့်ပါက…"

"ဗုဒ္ဓေါ…"

"သနပ်ခါးမှုန်များကို ကျောက်ဆောင်ကြီးများ အသွင်မြင် ရလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မည်…''

''ဟယ်…''

''ပါးမွေးကြီးများက မြက်ပင်များကဲ့သို့ ရှိပြီး…''

''အလိုလေး…''

''ဖုန်၊ ချေး၊ အဆီများက ဝက်ခေါက်များကဲ့သို့ အလွှာလွှာထပ်နေသည်…''

''အောင်မယ်လေးဗျာ…''

''ထို့ကြောင့် နှာခေါင်းက ပါးကိုနမ်းသောအခါ အသားချင်းလုံးဝမထိပါ…''

ကျွန်တော်က ရုပ်မြင်သံကြားဇာတ်လမ်းထဲက တရုတ်ဘုရင်လိုရေရွတ်လိုက်မိတယ်။

''အဲလိုအဖြစ်မျိုး ရှိသလား…''

ကိုရွှေကျီးညိုက အဆင်းကိုဘီးတပ်ပြီး ထပ်ရွတ်တယ်။

''နမ်းခြင်းဟူသည်မှာ၊ အမှန်စင်စစ် တစ်ယောက်နှင့်တစ်ယောက် ဖုန်ချင်း၊ ချေးချင်း၊ အမွေးချင်း ပွတ်တိုက်ကြခြင်းဖြစ်လေသည်…''

အဲဒါကို စောစောက ဘာလို့မသိရတာလဲ။ တကယ်ဆို ကြိုသိထားသင့်တာပေါ့။ အခုတော့ ရုပ်မြင်သံကြားဇာတ်လမ်းထဲက ရွှေခါးကိုင်တရုတ်မင်းသားလို မြည်တမ်းလိုက်တယ်။

''ကျွန်တော် သေသင့်ပါတယ်…''

ကိုရွှေကျီးညိုက ကျွန်တော့်ကို မျက်လုံးပြူးကြီးနဲ့ ကြည့်တယ်။

''ဘာလဲ…မင်းက အသိနောက်ကျလေခြင်းဆိုပြီး နောင်တရတာလား…''

''ဟဲဟဲ…နောင်တရတာတော့ မဟုတ်ဘူးပေါ့ဗျာ၊ အသိနောက်ကျတာတော့ ကိုယ့်ကိုကိုယ် အားမရဘူးပေါ့…''

''ကဲထားပါတော့…ခု မင်းထက်စာရင် မောင်ပုံက ကြိုသိခဲ့ပြီ…''

''အင်း…အဲဒါကိုပဲမေးမလို့ သူရည်းစားထားချင်စိတ်ကော ရှိသေးလို့လား…''

''ဟုတ်မဟုတ် စမ်းကြည့်ချင်တာပေါ့ကွာ…တစ်နေရာမှာလည်း



သူက ဆုံးမစာလေးတစ်ခု ဖတ်ရသေးတယ်…''

''ဘယ်လိုဆုံးမထားလဲ…''

''ဆုံးမစာရှေ့မှာ သူက အဖြစ်အပျက်ကို ရေးထားသေးတယ်…''

''ပြောဗျာ…''

ကိုရွှေကျီးညိုက နွေရာသီမီးသတိပေးချက်အော်သလို အော်ပြန်တယ်။

''မယ်၏ နှုတ်ခမ်းများသည် တုန်လှုပ်နေသည်။ မယ်၏ပါးပြင်ကလည်း ဘယ်ညာယိမ်းနေ၏။ မယ့်နားသို့ မောင်က ဖြေးဖြေးချင်းကပ်လာသည်။ သို့သော် တုန်တုန်ယင်ယင်နှင့် အချိုးမကျဖြစ်နေလေသည်။''

''သြော်…ကြိုက်ခါစ သမီးရည်းစားတွေထင်တယ်''

''ဆုံးမချက်ကို နားထောင်လေကွာ…''

''ဘယ်လို ဆုံးမထားလဲ…''

''ဂျစ်ကားမောင်းနေစဉ် နမ်းရန်မကြိုးစားပါနှင့်…တဲ့…''

''သြော်ဟော်…အဲလိုလား…ဟားဟား…''

''အေး…အဲဒီမှာ သူစဉ်းစားတယ်လေ…နမ်းတယ်ဆိုတာကောင်းတဲ့ကိစ္စမဟုတ်ဘူး၊ ဘာကြောင့် နမ်းချင်ကြတာလဲ…''

''ဟုတ်တာပေါ့၊ စဉ်းစားစရာပေါ့…''

''တစ်နေ့မှာ…သာသနာရေးဦးစီးဌာနမှာ လုပ်တဲ့သူ့မိတ်ဆွေကိုအေးမြင့်ဆိုသူက သူနဲ့အတူ စာတစ်စောင်ပါးလိုက်တယ်…ကိုအေးမြင့်ရဲ့ရည်းစားဆီကိုပါ…''

''အင်း…''

''လူမြင်ကွင်းမှာ ရေးပေးလိုက်တဲ့စာမို့လို့ အကြောင်းအရာကိုသူကသိနေတယ်၊ အဲဒီစာအနေအထားကလည်း သူ့အတွက်စဉ်းစားစရာပဲ…''

''ဘယ်လိုရေးထားလို့လဲ''

''ဒီလိုကွ''

''အင်း''

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေကျီးညိုက ပီပီသသနဲ့ မာန်ပါပါရွတ်ပြတယ်။

"အချစ်ရေ…

ပစိဖိတ်သမုဒ္ဒရာကိုလည်း ဖြတ်ရဲတယ်…

ဆာဟာရသဲကန္တာရကိုလည်း ကျော်လွှားမယ်…

အချစ်အတွက်ဆိုရင် မွဝံကြယ်ကိုရှုးဆွတ်တဲ့အထိ

စွန့်စားရဲရမယ်…ဒီညနေ မောင်နဲ့ တွေ့ဖို့ကို

မမေ့နဲ့နော်…မိုးမရွာရင် မောင်ဆက်ဆက်

လာခဲ့မယ်…တဲ့"

"ဒီလိုလား"

ကျွန်တော့်မှာ ရယ်လိုက်ရတာ။

"အဲဒီမှာ မောင်ပုံက တွေးမိလာတယ်၊ အချစ်ဆိုတာဟာ…တစ်ခါတစ်ခါမှာ သက်ပြင်းချခြင်း၊ တစ်ခါတစ်ခါမှာ မျက်ရည်ကျခြင်း၊ တစ်ခါတစ်ခါ အိပ်ရာပေါ်လဲခြင်းနဲ့ များသောအားဖြင့် လိမ်ညာနေရခြင်းတို့ ပေါင်းစပ်နေသည်လို့…"

"ဘာလဲ အဲဒါကြောင့် သူကချစ်ရေးချစ်ရာကို စိတ်ကုန်နေတာပေါ့…ဟုတ်လား…"

"ဘယ်ကလာ…အဲလိုဖတ်ရလေလေ အဲဒါကို စိတ်ဝင်စားလာလေလေပဲ…မင်းတို့ လူ့သဘာဝလေကွာ‥မလုပ်ပါနဲ့ဆိုရင် လုပ်ချင်တယ်"

"ဪ…သူရည်းစားထားတော့မယ်ပေါ့…"

"အေး…"

"ဟေးဟေး…သူဘယ်လိုလုပ် မိန်းမပိုးလဲ"

"သိချင်လား…"

"အင်းသိချင်တာပေါ့…"

"အဲဒါဆိုရင် ကြော်ငြာထိုးဦးမယ်…"

ကျွန်တော် နှာခေါင်းကိုလက်နဲ့ ပွတ်နေမိပါတယ်။ နေနှင့်ဦးပေါ့။ ချူချာသက်ပြင်းရယ်…"

"ဘာကြော်ငြာဝင်မှာလဲ"

"ဒီတစ်ခါ ကြော်ငြာမှာက ဘောလုံးကန်နည်း စာအုပ်ကွ…"



"ဘယ်သူရေးတာလဲ"

"လွှမ်းဝေနိုင်တဲ့…စာအုပ်နာမည်က ပေး–ကန်–ပြေး…တဲ့…"

"ဪ…ဘောလုံးရရင် ကိုယ့်လူဆီထိုးပေး၊ အဲဒီလူက ရှေ့ကို ကန်တင်၊ နောက်လူက ပြေးပြီး ဂိုးသွင်း။ အဲဒီသဘောကိုပြောတာပေါ့ ဟုတ်လား၊ ပေး–ကန်–ပြေး ဆိုတာ…"

"မဟုတ်ဘူးကွ…ကိုယ်ဘောလုံးရရင် ကြုံသလိုပေး…အဲဒီလူက ရောက်တက်ရာရာကန်…နောက်ဆုံးတစ်သင်းလုံး ကိုယ့်ဂိုးဘက်ပြန် လှည့်ပြေးလာ…အဲဒါကို ရေးထားတာ၊ ပေး–ကန်–ပြေး စနစ်တဲ့…"

"ဟင်…အဲလိုကန်ရင် နိုင်မှာမို့လားဗျ…"

"ဟင့်အင်း…ပွဲတိုင်း ရှုံးမယ်တဲ့၊ အဲလို မကန်နဲ့လို့ ပြောထားတဲ့ စာအုပ်…"

" ဘယ်သရုပ်ဆောင်နဲ့ ရိုက်မှာလဲ…"

"သရုပ်ဆောင်မလိုဘူး။ စာရေးဆရာက သူ့ဘာသာလျှောက်ပြေး ပြထားတယ်…"

"အင်း…ရောင်းကောင်းမယ့်စာအုပ်ပဲဗျ၊ ကဲ…ကြော်ငြာပြီးရင် ဇာတ်လမ်းဆက်ဗျာ…"

"တစ်နေ့မှာ သူကောင်မလေးတစ်ယောက်ကို ရအောင်ပိုးနိုင်လိုက်တယ်ဗျ…"

"ခင်ဗျားလူက ရည်းစားစကားကိုရော လည်လည်ဝယ်ဝယ်ပြောတတ်ရဲ့လား"

"စကားပြောစရာတောင် သိပ်မလိုဘူး၊ ဟာသအဘိဓာန်ထဲက နည်းတစ်နည်းအတိုင်း သူလှူပ်ရှားလိုက်တာ အဆင်ပြေသွားတယ်"

"ရှင်းအောင်ပြောဗျာ…"

"ဒီလိုကွ…"

"အင်း…"

"သူ့ကောင်မလေးက ထိရောင်းတယ်…"

"ထိ…ဟုတ်လား…ကျွန်တော်ကြားဖူးတာကတော့ သိခံနဲ့ဆို ထွဲခံနဲ့ပဲတယ်တဲ့…"

www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုကောင်မျိုးကသာကွဲမှာ…မောင်ပုံက မကွဲဘူး၊ အဲဒီကောင်မလေးဆီမှာ ထိသွားတိုးတယ်…"

"အင်း…ဆက်ပါဦး…"

"ကောင်မလေးက သူ့ကိုမေးတယ် အတိတ်ဘယ်လိုရေးမလဲ တဲ့…ဘောလ်ပင်လေးကိုင်လို့ပေါ့…"

"အဲဒီတော့ ဘယ်လိုပြန်ပြောလိုက်လဲ…"

"မောင်ပုံပြန်ပြောလိုက်တဲ့ အတိတ်က ကြောက်စရာကြီးကွ…"

"ဘာတဲ့တုန်း…"

"ရေးသူကိုယူရန်တဲ့…"

"ဟင်…ကောင်မလေးက သူ့ကိုပါးရိုက်မလွှတ်လိုက်ဘူးလား"

"ဟင့်အင်း…မရိုက်ပါဘူး၊ သူက 'ဘိတ်'သူပဲ၊ 'ရေး'သူမှ မဟုတ်တာ…"

"ဒါပေမဲ့…မောင်ပုံက မထိတထိသွားစသလို ဖြစ်နေတာပေါ့ ဟုတ်လား…"

"အင်းပေါ့ကွာ…နောက်ဆုံးကျတော့လည်း သူတို့ချင်း ကြိုက်သွားကြတယ်ပေါ့…ဒါပဲပေါ့၊ တန်ခူးလမှာ သင်္ကြန်ရေကစားတယ်၊ ကဆုန်လမှာ ညောင်ရေသွန်းတယ်၊ ဝါဆိုလမှာ ပန်းခူးတယ်၊ အဲဒီလိုနဲ့ သီတင်းကျွတ်မှာ ခိုးပြေးလိုက်ကြတယ်…"

"တန်ဆောင်မုန်းလ ကျီးမနိုးပွဲကိုတော့ သူတို့ဘယ်လိုလုပ်ကြသေးလဲဗျ…"

"အဲဒီမေးခွန်းကို ဆင်ဆာဖြတ်တယ်၊ ဒီမယ်ဟေ့ကောင်…"

"ဟဲဟဲ…ပြော…"

"အခု မောင်ပုံအရမ်းစိတ်ညစ်နေရတဲ့ ကိစ္စဟာ…၊ မောင်ပုံ သူ့ရှာပနဖိတ်စာကို သူလာလုပ်ရတဲ့ ကိစ္စဟာ…ဒီကောင်မလေးနဲ့ ပတ်သက်နေတယ်…"

"ဩော်…ဒီလိုလား"

"ဟုတ်လား…ရော့…မင်းဒီမှာဖတ်ကြည့် မောင်ပုံက သူ့ကောင်မလေးကို ရေးထားတဲ့ စာသားအချို့…"



ကျွန်တော်ဆွဲယူဖတ်လိုက်တော့ ထုံးစံအတိုင်း အကြောင်းအရာ တစ်ခုတည်းအပေါ်မှာပဲ သူများအယူအဆက တစ်ခု၊ သူ့အယူအဆက တစ်ခု။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဏ်ရာများကို မေ့လိုက်ပါ...
ကြင်နာသမျှတွေကိုတော့ မေ့ပစ်စရာမလိုပါ..."
"ကွန်ဖြူးရှပ်"



ကောင်မလေးရေ...,
ဒီပညာရှိကြီးရဲ့ စကားက...
လှလည်းလှတယ်...ကဗျာလည်းဆန်တယ်နော်...
ဒါပေမယ့်...တစ်ခုတော့ရှိတယ်...
ဒါဏ်ရာတွေကိုလည်းမမေ့...
ကြင်နာခဲ့သမျှတွေလည်း မမေ့နိုင်တဲ့သူမှာတော့...

ဘာကိုများမေ့ရပါ့မလဲ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုရွှေကျီးညို..."

"ဟေ...ပြော..."

"သူတို့အိမ်ထောင်ရေးမှာ ပြဿနာတစ်ခုတော့ ဝင်ပြီထင်တယ်"

"သေချာတာပေါ့ကွာ..."

"ခုထိသိရသလောက်မှာတော့...မောင်ပုံက လူရိုးလူအေးပါ၊ ဘယ်လိုဖြစ်ကြတာလဲ..."

"လောကမှာ ကိုယ်မထင်တဲ့ ပြဿနာတွေ ဝင်ဝင်လာတတ်တယ်ကွ..."

"ကွဲတော့မကွဲစေချင်ဘူးဗျာ..."

"ဘာဖြစ်လို့လဲ..."

"ကြွေပြီးသားပန်းက...အပင်ပေါ် ပြန်တက်လို့မရဘူးဗျ..."

"မင်းကလဲ ကဗျာဆန်နေပြန်ပြီ"

"ကွန်ဖြူးရှပ်တောင် ကဗျာဆန်သေးတာပဲဗျာ"

နှစ်ယောက်သား ရယ်လိုက်မိကြတယ်။ နှစ်ယောက်သားလို့သာ သုံးရတယ်၊ အံဝင်ခွင်ကျမဖြစ်လှဘူး။

"အဲအဲ...အဲအဲ"

အဲဒါကသူရယ်တာ

"အားအား...အားအား"



အဲဒါက သူနဲ့ပေါင်းပြီး ကျွန်တော်ရယ်တာ။

"ကောင်လေး"

"ပြော..."

"သူတို့ရဲ့ အိမ်ထောင်ရေးပြဿနာက အတော်ထူးဆန်းတယ်ဗျ"

"ထူးဆန်းမှန်းသိပါတယ်၊ အဲဒါကြောင့် စိတ်ရှုပ်ရှုပ်နားထောင်နေတာ..."

"ထူးဆန်းတယ်၊ ဒါပေမဲ့ မာယာမများဘူး၊ ရိုးသားတယ်... လဆန်းညတစ်ညရဲ့ "ဆူဆူညံညံ ညအိပ်မက်လေး"တစ်ခုလို့သာ သဘောထားလိုက်ကြရအောင်"

"နတ်ပြည်နဲ့ ပတ်သက်ရဲ့လား"

"မင်းတောင်ကွက်ကျော်မြင် တတ်လာပြီ...အဲအဲအဲအဲ..."

✦◆♥◆✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

''မောင်ပုံက ဘာလုပ်လို့လဲ...''

''သာမန်ရုံးဝန်ထမ်းလေး တစ်ယောက်ပါပဲကွာ...''

''သူ့လစာလေးနဲ့ မိန်းကလေးတစ်ယောက်ကို တင့်တင့်တယ်တယ် လက်ထပ်ယူနိုင်ရဲ့လား...''

''သူဟာနဲ့သူတော့ ဖြစ်သွားတာပါပဲကွာ''

''ဟုတ်ပြီ...ဟုတ်ပြီ...ခင်ဗျားဘာသာပဲ ဆက်ပြောပြပါ တော့...''

''အေး...မင်းမေးတာမေးသင့်ပါတယ်...မောင်ပုံဟာ သမီးရည်းစားဘဝမှာတောင် သူ့ကောင်မလေးကို လက်ဆောင်ကောင်းကောင်း မပေးနိုင်ခဲ့ဘူး၊ သနားစရာကောင်းပါတယ်...''

''သူ့ကောင်မလေးကရော မတောင်းဘူးလား...ဥပမာ မွေးနေ့တို့ဘာတို့မှာ...''

''တောင်းပါတယ်၊ ဒါပေမဲ့ မောင်ပုံကလည်း ဟာသအဘိဓာန် ဖတ်ထားတာဆိုတော့ ထွက်ပေါက်တွေရရနေတယ်...''

''ဘယ်လို...ဘယ်လို...''

''ဆိုကြပါဆို့ကွာ...ကောင်မလေးက သမီးရည်းစားဘဝမှာပဲ သူ့အတွက် မွေးနေ့လက်ဆောင်တောင်းတယ်...မောင်ပုံကတော့ ရယ်ကျဲကျဲနဲ့ပေါ့ကွာ...ကောင်မလေးကို သူကမေးတယ်...''

''ဘာမေးတာလဲ...''

www.burmeseclassic.com

www.burmeseclassic.com


''မွေးနေ့လက်ဆောင်အဖြစ် ဘာရမယ်ထင်လဲတဲ့...''

''အဲဒီတော့...''

''ကောင်မလေးက မသိဘူးလို့ ပြန်ပြောတယ်...''

''အဲဒီတော့ သူက...အာရုံခံကြည့်စမ်း၊ မျက်စိထဲမှာ ဘာမြင်သလဲလို့...ကောင်မလေးက မျက်စိမှိတ်ပြီး အာရုံခံတယ်...''

''ဘာမြင်တယ်တဲ့လဲ...''

''ဘယ်မြင်နိုင်မလဲကွာ...သူ့မှာ ကျောက်စိမ်းလက်ကောက်မှ မရှိတာ၊ မျက်စိမှိတ်ထားတာပဲ အဖတ်တင်တယ်...''

''ဘာမှမြင်ဘူးလို့ပဲ ပြန်ပြောလိုက်သလား...''

''အဲလိုပဲ ပြောရတော့တာပေါ့...မောင်ပုံကလည်း ပြုံးပြုံးကြီး ခေါင်းညိတ်တယ်၊ ဟုတ်တယ်...ကိုယ်ကလဲ ဘာမှမပေးဘူးတဲ့... ကိုယ့်ရည်းစားကတော်တော် သမာဓိအားကောင်းတာပဲလို့ သူကတောင် ချီးကျူးလိုက်သေးတယ်...''

''ကောင်မလေးကတော့ အောင့်သီးအောင့်သက် ဖြစ်မှာပဲနော်''

''အင်း...ချစ်တော့လည်း ဘာမှမပြောရှာဘူးကွ၊ သူတို့မင်္ဂလာဆောင်ခါနီးမှာလည်း ကောင်မလေးကမောင်ပုံ့ကို အချစ်စမ်းသေးတယ်...''

''ဘယ်လိုစမ်းသတုံး...''

''သူ့အပြင်နောက်မိန်းမ မယူရဘူးနော်...တဲ့''

''မောင်ပုံကလည်း မယူဘူးလို့ ဖြေမှာပေါ့ကွ...''

''အေး...ဟုတ်တယ် ယောကျာ်းတိုင်းကတော့ အဲလိုဖြေကြမှာချည်းပဲကွ...ဒါပေမယ့် မောင်ပုံဖြေတာကတော့ ခံစားချက်အပြည့်နဲ့ကွ၊ ယုံကြည်လောက်အောင်ဖြေတာ...''

''ဘာဖြစ်လို့တုံး...''

''ကောင်မလေးကလဲ အဲလိုပဲမေးတာပဲ...မောင်ပုံက တစ်လုံးချင်းပြန်ဖြေတယ်...အံကြိတ်ကြိတ်လို့ပေါ့...''

''ပြောပါဦး''

''ယောကျ္ာမနှစ်ယောက်ရဲ့ဒါဏ်ကို သူခံနိုင်မှမဟုတ်ဘူးတဲ့...''

''အော်...အင်း...ဒါပေါ့ဗျာ...ယုံကြည်လောက်ပါတယ်... ဒါနဲ့ မင်္ဂလာဆောင်ပြီးတော့ရော သူတို့တွေ ပြေပြေလည်လည် ရှိကြရဲ့လား...''

''ဘယ်ပြေလည်ပါ့မလဲကွာ မောင်ပုံလည်းရုံးအချိန်မှာ ဈေးလေးဘာလေး ထွက်ရောင်းပါတယ်၊ သူ့မိန်းမလိုထီရောင်းတာတော့ မဟုတ်ဘူးပေါ့ ရာသီပေါ်သီးနှံလေးတွေ ရောင်းတာ...''

''သူ စီးပွားရေးရောလုပ်တတ်ရဲ့လား...အဲဒီစကားကကြီးသွားတယ်...ဈေးကောရောင်းတတ်ရဲ့လား...''

''တစ်ခါတော့ သူဌေးတစ်ယောက်က သူ့ဆီမှာလာပြီးသီးနှံတွေ ဝယ်ဖူးတယ်...''

''အများကြီးဝယ်တာလား...''

''ဝယ်တာကနည်းနည်းပါ၊ ဒါပေမယ့် မောင်ပုံ့ကို ကြိုက်တဲ့ဈေးတောင်းလို့ ပြောတယ်...''

''မောင်ပုံပွသွားတယ်ပေါ့...ဟုတ်လား...''

''မပွပါဘူး၊ မောင်ပုံက ဈေးရင်းအတိုင်းပဲ တောင်းတယ် ၇၅ဝ တဲ့...''

''အော်...''

''သူဌေးကသဘောကောင်းပါတယ်...မောင်ပုံရိုးသားတာကို ကြည့်ပြီး ငါပေးနိုင်ပါတယ် မင်းမြှင့်ပြောတောင်းပါလို့ ပြောတယ်...''

''ဟုတ်ပြီဗျာ...ကောင်းပါပြီ၊ အဲဒီတော့ မောင်ပုံဘယ်လောက်တောင်းသတုံး...''

''ဟာကွာ တို့ကောင်က သုံးမရပါဘူး...''

''ဘယ်လိုဖြစ်ပြန်သတုံး...''

''သူက...၇၅ဝ–၇၅ဝဆိုပြီး အသံမြှင့်ပြီး ထပ်တောင်းတယ်...''

''ဟင်...ဈေးကိုမြှင့်မတောင်းပဲ အသံကိုမြှင့်တောင်းတယ်''

''ဟုတ်ပ...''

''ဟာကွာ...''

မောင်ပုံအတွက် ကျွန်တော်အားမလို အားမရဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



စပ်မိလို့ ဖြတ်ပြောရပါဦးမယ် အဲဒီအားမလိုအားမရဆိုတဲ့ စကားကို ကျွန်တော်သုံးသာသုံးရတယ်။ ကောင်းကောင်းနားမလည်ဘူး၊ စဉ်းစားကြည့်လေ၊ မလိုလို့မရတာ အံ့ဩစရာမှမဟုတ်ပဲ၊ အဲဒါများ စကားလုပ်ပြောနေသေးတယ်။

''ဒါပေမဲ့ ကောင်းသွားတာတစ်ခုရှိတယ်ကွ...''

''သူဌေးကသူ့အသိစိတ်ဓါတ်နဲ့သူပိုပေးသွားလို့လား...''

''မဟုတ်ဘူး...သူဌေးကသူ့ကို ခင်သွားတယ်ကွ၊ သူ့ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ မောင်ပုံ့ကို လာခေါ်တယ်...လစာတော်တော်ကောင်းတဲ့ အလုပ်ပေါ့ကွာ...''

''အော်...အဆင်ပြေသွားပဲ...''

''မပြေဘူး...မင်းကောင် မောင်ပုံက ငြင်းတယ်...ရုံးကအလုပ်တွေသူမရှိလို့ မဖြစ်ဘူးတဲ့ သူမလုပ်ရင် ဘယ်သူမှလုပ်မှာမဟုတ်ဘူးဆိုပြီးမထွက်ဘူး...''

''အဲသွားရောပေါ့ဗျာ...''

''သွားတော့လည်း မသွားဘူးကွ...''

''ဟင်...ဘယ်လိုဖြစ်ပြန်သလဲ...''

ကိုရွှေကျီးညိုကို ကျွန်တော်နားဘန်ကျင်းချင် လာတယ်။

''သူရိုးသားတာ၊ ကြိုးစားတာ၊ အလုပ်အပေါ်သစ္စာရှိတာကို သိတော့ ကုမ္ပဏီသူဌေးက ပိုပြီးလိုချင်သွားတာပေါ့...မောင်ပုံ့ကို မပြောတော့ဘဲ မောင်ပုံ့ယောက္ခမကို တိုက်ရိုက်တက်ပြောတယ်လေ...''

''အဲဒီတော့...''

''ယောက္ခမမေတ္တာ သောက်ရေသန့်ဗူးပမာပေါ့ကွာ၊ စစ်မစစ်က ဓါတ်ခွဲကြည့်မှ သိမှာပေါ့...လောလောဆယ်တော့ မောင်ပုံက စာရေးလေးဘဝကနေ ကုမ္ပဏီအတွင်းရေးမှူးဘဝ ရောက်သွားတယ်...''

''ကောင်းပါတယ်ဗျာ...ကြီးပွားတိုးတက်ဖို့ လမ်းစပွင့်သွားတာပေါ့...''

''အဲဒီမှာလည်းမောင်ပုံက ရိုးတော့ လူရယ်စရာနည်းနည်းဖြစ်နေတာပေါ့ သူ့ကောင်မလေးက နောက်ကအတင်းတွန်းနေရတယ်၊



တစ်ခါတစ်ခါလည်း သူတို့လင်မယားကွိကျိ၊ ကွိကျိရန်ဖြစ်ကြတယ်...''

''မောင်ပုံက စဖြစ်တာတော့ မဟုတ်ဘူးထင်တယ်...''

''မယ်ပုံကပြောတော့...ဒီကောင်ကစဖြစ်တာဆိုပဲ တစ်ယောက်က တစ်ခွန်းနဲ့ စကြတာပေါ့ကွာ၊ မယ်ပုံကပြောတယ် ''ရှင်ဒီလောက်အသုံးမကျမှန်း ကျွန်မ မယူခင်ကမသိခဲ့ဘူး''...တဲ့''

''ဟာ...ဒါဆိုရန်ပွဲကို မယ်ပုံကစတာပေါ့ဗျ''

''မယ်ပုံကပြောတော့လည်း ကောင်းစေချင်လို့ ဆိုပဲ...မောင်ပုံကသာ နှိုင့်ထက်စီးနင်း ပြန်ပြောတာတဲ့...''

''ဘယ်လို...''

ကျွန်တော်အံ့ဩသွားတယ်။

''မောင်ပုံက ဘယ်လိုပြန်ပြောလို့လဲ''

''မင်းကို လက်ထက်ခွင့်တောင်းကတည်းက ငါဘယ်လောက်အသုံးမကျတဲ့ကောင်ဆိုတာ မင်းသိဖို့ကောင်းပါတယ်တဲ့...''

''အားဟားဟား...အဲဒီတော့ရန်ဖြစ်ကြရောပေါ့ ဟုတ်လား...''

''အင်း...ယောက္ခမနဲ့လည်း သိပ်အဆင်မပြေလှဘူး...''

''ပြောပါဦး...''

''ဒီကောင့်ဝင်ငွေက ကောင်းလာတော့ တစ်ချို့ပစ္စည်းတွေကို ယောက္ခမက အကြွေးဝယ် ဝယ်လာတယ်၊ သားမက်ပြန်ဆပ်လိမ့်မယ်ဆိုပြီး...''

''မောင်ပုံက အဲဒါကို ဘာပြောလဲ...''

''ကျွန်တော့်ကို ဒီလောက်အထင်မကြီးသင့်ဘူးလို့ ပြန်ပြောတယ်...''

''အကြွေးတွေကိုတော့ ဆပ်ပေးရတာပဲ မဟုတ်လား...''

''ကြွေးဟောင်းတွေကို မဆပ်ပေးနိုင်တော့ဘူးတဲ့...''

''ကြွေးသစ်တော့ ဆပ်မယ်ပေါ့...''

''ကြွေးသစ်ကိုကျတော့ ဟောင်းအောင်ထားလိုက်တဲ့...''

''ဟုတ်ပြီ...ကျွန်တော်သဘောပေါက်ပြီ၊ ယောက္ခမနဲ့လည်း ရန်သဖြစ်ကြရော ဆိုပါတော့...''

www.burmeseclassic.com

www.burmeseclassic.com



''အင်း...ဝင်ငွေမကောင်းတုံးကတစ်မျိုး၊ ကောင်းလာတော့တစ်မျိုး မောင်ပုံနားညည်းရတာပေါ့ကွာ...''

''ဟုတ်ပြီ...မောင်ပုံ့အနေအထားကို ဒီလောက်ဆိုကျွန်တော် တော်တော်သဘောပေါက်သွားပြီ၊ ဒါထက်...ခင်ဗျားပြောတဲ့ ထူးထူးဆန်းဆန်းပြဿနာ...မောင်ပုံသေချင်လောက်အောင် စိတ်ညစ်ရတဲ့ ပြဿနာဆိုတာ ဒါမဟုတ်သေးဘူး ထင်တယ်...''

''မဟုတ်သေးဘူး...''

''ကြာတယ်ဗျာ...သိချင်ပြီ ပြောတော့...''

''နေဦးလေကွာ...ကြော်ငြာထိုးလိုက်ဦးမယ်''

''ခင်ဗျားကတော့ လုပ်ပြီ...''

''မင်းငါ့ကို အဲလို မျက်လုံးပြူးကြီးနဲ့ ကြည့်မယ့်အစား ကြော်ငြာကိုသာ မျက်လုံးပြူးနဲ့ ကြည့်စမ်းပါကွာ...''

ကျွန်တော်က စိတ်မရှည်သံနဲ့

''ကဲ...လုပ်လုပ်...ခင်ဗျားကဘာကြော်ငြာမှာလဲ''

''ဒီတစ်ခါ လွှယ်အိတ်ကြော်ငြာမှာကွ...''

''ဩော်...မော်ဒယ်ဂဲလ် လှလှလေးနဲ့ပေါ့၊ ထက်ထက်မိုးဦးနဲ့ဖြစ်ဖြစ်၊ ကြည်လဲ့လဲ့ဦးနဲ့ဖြစ်ဖြစ် ကြော်ငြာစမ်းပါဗျာ...''

ကိုရွှေကျီးညိုက စိတ်မကောင်းဟန်နဲ့ ဖြည်းဖြည်းညင်းညင်း ခေါင်းကိုခါတယ်။

''မော်ဒယ်ဂဲလ်တွေနဲ့ မသင့်တော်ဘူးကွ...တစ်ခြားတစ်ယောက်နဲ့ ရိုက်ရမှာ...''

''ဗျာ...''

နားကို မလည်နိုင်တော့ဘူး။

''လွှယ်အိတ်ကို မော်ဒယ်ဂဲလ်နဲ့ မကြော်ငြာဘူး...ဟုတ်လား...တစ်ခြားတစ်ယောက်ရှိတယ်...ဟုတ်လား...''

''အင်း...ဟုတ်တယ်...''

''ဘယ်လိုဖြစ်တာဘာလိမ့်၊ အဲဒီတစ်ယောက်က ဘယ်သူတုံးဗျ...ထက်ထက် ထက်လှလား...''



''ဖွဲ့ဟဲ့...လွှဲပါစေ၊ ဖယ်ပါစေ...''

''ထက်ထက်လောက် မလှပါဘူးကွာ...မလှတဲ့အပြင် ပုံတုံးကြီးပါ။ မိန်းကလေးလည်း မဟုတ်ပါဘူး...ယောကျ်ားကြီးပါ...''

''ပေါက်ပေါက်ရှာရှာ...ပြောပါဦးဗျ၊ဘယ်သူ့သွားခေါ်ထားတုံး''

''အော်...စာပေဝေဖန်ရေးသမား တစ်ယောက်ပါကွာ...''

ကျွန်တော် လက်ဖြောက်တီးလိုက်တယ်။

''အိုး...အိုင်စီး အိုင်စီး...ကျွန်တော်သိပြီ စာပေသမားတွေက အမြဲတမ်းလွယ်အိတ်ကြီး လွယ်လွယ်ထားကြတယ် အဲဒါကြောင့် မဟုတ်လား...''

''မဟုတ်ပါဘူးကွာ...သူ့ကိုရိုက်ထားတဲ့အထဲမှာ လွယ်အိတ်လည်း မပါပါဘူး...''

''ဟင်...''

''သူ့တစ်ယောက်ထဲကိုပဲ ကင်မရာဆီ ခါးထောက်ပြီး **ရပ်ကြည့်**နိုင်းထားတယ်...''

''ရှုပ်ကုန်ပြီ...ဘာသဘောတုန်းဗျ...''

''လွယ်အိတ်ကို ကြော်ငြာတာ ဒီလူနဲ့ ကြော်ငြာတာ အသင့်တော်ဆုံးကွ...လွယ်အိတ်ရဲ့ အနှစ်သာရတွေ ဒီလူ့မှာ အပြည့်ရှိတယ်...''

သူပြောဖူးတဲ့ စကားနဲ့ပဲ ကျွန်တော်က ကိုရွှေကျီးညိုကို ပြန်အငေါ်တူးလိုက်တယ်။

''ဝိနည်းတတ်ရင် ကြက်သတ်လို့ရတယ်တဲ့ ခင်ဗျားဘာသာပဲ ဆက်စပ်ပြပါဦး...''

''ဒီလူကကွာ...''

''အင်း...''

''ရှေ့ကလည်း ဦးဆောင်ပြီးမသွားဘူး...''

''အင်း...''

''နောက်ကလည်း ဖြောင့်ဖြောင့်တန်းတန်းမလိုက်ဘူး...''

''အင်း...''

''လွယ်အိတ်လို ဘေးတိုက်ကြီးနေတတ်တယ် ဝေဖန်ရေးသမား

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွ''

''အင်း…ဟုတ်ပြီ…ဟုတ်ပြီ…ဒါဆိုရင်တော့ အဲဒီလွယ်အိတ်လည်း ရောင်းကောင်းဦးမှာပဲ၊ ကြော်ငြာကထိမိတာကိုးဗျ…ဒါထက် ဇာတ်လမ်းလေးကို ဆက်စမ်းပါဦး…''

ကိုရွှေကျီးညိုက စူပုပ်ပုပ်ဖြစ်သွားတယ်။

''မင်းကလဲကွာ ကြော်ငြာစကားလေးတောင် ဆုံးအောင် မပြောရဘူး…''

''မောင်ပုံအကြောင်းဆက်ပြောစမ်းပါဦး…သူကြုံတွေ့ရတဲ့ ထူးထူးခြားခြားပြဿနာကဘာလဲ…''

''ဒီလောက်ကြားချင်ရင်လည်း လိုရင်းကိုတန်းပြောမယ်ကွာ…''

''သိပ်ကြိုက်တာပေါ့…ပြော…''

''သူ့ယောက္ခမရဲ့အစီအစဉ်ပဲကွ…သူ့သမီးမောင်ပုံ့မိန်းမကို 'နှတ်'နဲ့ပေးစားဖို့ လုပ်နေတယ်…. စီးပွားပိုကောင်းအောင်တဲ့…''

''ဗျာ…နှတ်နဲ့ပေးစားဖို့…''

''အေး…လိပ်ပြာအပ်ပွဲလို့ ခေါ်တယ်…''

''ဟင်…ဒီလိုအဖြစ်မျိုးရှိသလား…''

''အေး…မောင်ပုံသေသင့်ပါတယ်…ရှိတယ်''

''အခုတက်နေတာ အဲဒီပြဿနာပေါ့…ဟုတ်လား…''

''ဟုတ်တယ်…''

''မယ်ပုံက သဘောတူလား…''

''လူကြီးကကောင်းမယ်လို့ စီမံတာကို သူကဘာမှမပြောဘူးလေ…မောင်ပုံကသာ…''

စကားကိုဆုံးအောင်မပြောဘဲ ကိုရွှေကျီးညိုက စာရွက်ကလေးထုတ်ပြပါတယ်။

◆◆♥◆◆



''အနာဂါတ်အတွက်…ကြောက်ရွံ့မနေနဲ့…
ပြီးခဲ့တာတွေအတွက်လည်း…ငိုကြွေးမနေနဲ့''

''ရှယ်လီ''

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရေ…,

ရယ်စရာလေးပြောရဦးမယ်။
သူများစွန့်'ပစ်'ပြီးသားပန်းတွေ…ဖဲကြိုးတွေ…
ပုဝါအ'စုတ်'အပြတ်တွေကို…
ခေါင်းမှာယှုယှု'ပန်'တတ်တဲ့…အရူးမတစ်ယောက် ကို
ကိုယ်တွေ့ဖူးတယ်…
ကိုယ်ကသူ့ကို ''ပန္နပြန်'' လို့ခေါ်တယ်။

''ကဲ…ကောင်လေးရေ…မင်းသာဆိုရင် ဒီကိစ္စကို ဘယ်လိုရှင်ဆိုင်မလဲ''

''အဲဒါက…အင်း…အဲဒါက…''

ကိုရွှေကျီးညိုက ကျွန်တော်ထစ်အနေပုံကို ကြည့်ပြီး

''မင်းအဲလို ဖြစ်သွားမယ်ဆိုတာ ငါသိသားပဲ…''

''ခင်ဗျားဆိုရင်ကော…''

''အတူတူပါပဲ…အဲဒါက…အဲဒါက ပါပဲ…''

စကားအဆုံးမှာ အွှားခနဲ(ဝါးခနဲ) ရယ်လိုက်ကြမိတယ်။

''ကပ်သီးကပ်သပ်ဗျာ…နော်…''

''အေးလေကွာ…ပေါက်တီးပေါက်ရှာ…''

''နေပါဦးဗျ…မယ်ပုံယှုမယ့်နတ်က ဘာနတ်တုံးဗျ…''

''အဲဒါတွေကို အကျယ်မမေးနဲ့တော့ကွာ…ငါလည်းနတ်တွေကို နာမည်အပြည့်အစုံမသိဘူး…''

''ပြီး…အဲဒီနတ်က လူပျိုတော့ဘယ်ဟုတ်မလဲ…''

''သိပါဘူးဆိုကွာ…တော်ပြီမမေးနဲ့တော့…မယ်ပုံ့မိဘတွေရဲ့ အပြောအရတော့ မယ်ပုံ့ရဲ့မပွင့်သေးတဲ့ ကံမျိုးစေ့လေးတွေကို ပွင့်သွားအောင် ရေလောင်းပေါင်းသင်ပေးတဲ့ သဘောတဲ့…''

''အာ…ကျွန်တော်တော့လက်မခံပါဘူးဗျာ…ပေါင်းသင်တယ်ဆိုတာကိုက…''

''ဘာလဲ…ဘာပြောမလို့လဲ…''

www.burmeseclassic.com

www.burmeseclassic.com

“ကိုယ်စိုက်တဲ့အပင်အတွက် တစ်ခြားမြက်ပင်တွေကို လိုက်နှုတ်တာ မဟုတ်လား…ကျွန်တော်ဘဝင်မကျဘူး။ မြက်တစ်ပင်ရဲ့ မြေဆီခံစားခွင့်ကို မတရားပိတ်ပင်တယ်လို့ ခံစားမိတယ်…”

“အင်း…မင်းလုပ်မှုပိုရှုပ်ကုန်တော့မှာပဲ…ဇာတ်လမ်းကိုပဲ ဖြောင့်ဖြောင့်တန်းတန်း ဆက်ပြောကြရအောင်ကွာ…”

“လုပ်လိုက်လေ…”



အခန်း (၅)

“ဒီလိုနဲ့ကွာ မောင်ပုလည်း စိတ်ညစ်ပြီး အရက်ဆိုင်ရောက်သွားတယ်၊ အရက်ကိုပဲ တစ်ခွက်ပြီးတစ်ခွက် မော့သောက်ရင်း ဘာလုပ်ရမလဲ မသိဖြစ်နေတယ်၊ တစ်လောကလုံးကို ဇဝေဇဝါကြီး ခံစားနေရတယ်”

“တစ်ယောက်တည်းပေါ့၊ အဖော်မပါဘူးဟုတ်လား”

“သွားတုန်းကတော့ သူတစ်ယောက်တည်းပဲ”

“ဩော်…ဟိုမှာ သူ့အဖော်တွေ ထပ်တွေ့တယ်ပေါ့၊ ဟုတ်လား”

“အေးကွ၊ သူတော်တော် အရှိန်ရတဲ့အချိန်မှာ ရပ်ကွက်ထဲက လူတွေက သူ့ဝိုင်းကို တစ်ယောက်ပြီးတစ်ယောက် ရောက်လာတယ်”

“သူတို့က သတင်းကြားပြီးကြပြီးပြီပေါ့၊ ဟုတ်လား”

“ဒါပေါ့ကွာ၊ ပန်းသတင်းလေညင်းဆောင်ပေါ့”

“မောင်ပုံ့ကို ဝိုင်းမေးကြမှာပေါ့”

“အေးလေ၊ မောင်ပုကလည်း မှုံမှုံနဲ့ လျှောက်ပြောတာပေါ့ကွာ”

“အဲဒီတော့ သူတို့က ဘယ်လိုအကြံပေးကြလဲ”

“တစ်ယောက်ကပြောတယ်”

“အင်း”

“မယ်ပုံက နတ်နဲ့ယူမှာဆိုတော့ နတ်ကတော် ဖြစ်တော့မှာပေါ့

“ဟုတ်သလိုလိုပဲ”

www.burmeseclassic.com

www.burmeseclassic.com



"မောင်ပုံ့ခမျာ အရက်တောင်ဖြောင့်ဖြောင့် မသောက်နိုင်တော့ဘူးပေါ့ကွာ၊ နတ်ကတော်ဆိုတာကလည်း လူတော်တော်အမြင်ကပ်တဲ့ လူမျိုးဖြစ်နေတယ်၊ အဲဒီစကားလုံးကြီး ကြားရတာ နားထဲမှာ အရက်ထက်ခါးသွားတယ်"

"ဒါပေါ့ဗျာ၊ ဒါပေါ့"

"နောက်တစ်ယောက်ကလည်း ဝင်ပြောတယ်၊ 'တစ်လင်တစ်မယား' ဆိုတဲ့ စကားပဲ ကြားဖူးပါတယ်၊ ခုတော့ နတ်နဲ့ခင်ဗျားက 'တစ်မယားတည်းလင်' တွေ ဖြစ်နေတာပေါ့နော်…တဲ့"

"အင်း…မသက်သာပါလား"

"အေးလကွာ၊ အဲဒီစကားကြားရတဲ့အချိန်မှာ မောင်ပုံဟာ ဝါးလက်စ အာလူးကြော်ကိုတောင် ဆက်မဝါးနိုင်တော့ဘူး"

"ဖြစ်လောက်ပါတယ်ဗျာ"

"နောက်တစ်ယောက်ကလည်း ဝင်ပြောတယ်၊ အမှန်တော့ ခင်ဗျားတို့အိမ်မှာ ခင်ဗျားကလည်း အိမ်ဦးနတ်ပဲဗျ၊ ခုတော့ နတ်နှစ်ပါးကို ထိပ်တိုက်တွေ့ပေးတာပဲ တဲ့၊ အဲဒီစကားကိုတော့ မောင်ပုံက 'ဟာ… မဟုတ်ပါဘူး၊ မဟုတ်ပါဘူး' လို့ ခြေကာကာ၊ လက်ကာကာနဲ့ ပြန်ငြင်းတယ်"

"အင်း"

"နောက်တစ်ယောက်ကလည်း ပြောပြန်တယ်၊ နောက်ပိုင်းဆို ခင်ဗျားမလွယ်ဘူးနော် တဲ့၊ ကိုယ့်မိန်းမနဲ့ ကိုယ်ရန်ဖြစ်ရင်တောင် သတိထားရမယ်၊ တော်ကြာ ဟိုနတ်က ကြားထဲက ဝင်တီးသွားဦးမယ်၊ မယားထိ ခါးကြည့်ဆိုပြီး" တဲ့၊ မောင်ပုံမျက်လုံးပြူးသွားတယ်၊ အဲဒီအချိန် မှာပဲ အဲဒီစကားကို နောက်တစ်ယောက်က ဝင်ကန့်ကွက်တယ်၊ "အဲဒီလိုတော့မလုပ်လောက်ပါဘူးကွ၊ သူတို့ချင်း ညီအစ်ကိုတွေဖြစ်နေပြီပဲ"တဲ့၊ မောင်ပုံရဲ့ပြူးနေတဲ့ မျက်လုံးကြီးက လည်ထွက်သွားတယ်"

"မောင်ပုံလည်း ဒုက္ခကြီးလှချည်လားဗျ"

"ဟုတ်တယ်၊ ဒုက္ခကြီးတယ်၊ နောက်တစ်ယောက်က ဝင်ပြောပြန်တယ်"

"ကြိတ်လိုက်ဦးကွ၊ ဘာတဲ့လဲ"

"သြော်…အခု မောင်ပုံတို့က၊ ကလေးမရကြသေးဘူးလေ၊ နောက်မှ မယ်ပုံဗိုက်ထွက်လာရင် စဉ်းစားစရာက နှစ်ခုဖြစ်နေတယ် မဟုတ်လား၊ သူလိုလို ငါလိုလိုတဲ့၊ အဲဒီစကားကြားရပြန်တော့ မောင်ပုံ့မျက်နှာဟာ ပုလင်းဖုံးသာဆိုရင် ကျွတ်ထွက်သွားမတတ်ပဲ၊ နောက်တစ်ယောက်ကလည်း ဝင်ပြောတယ်"

"ကျုပ်တို့ကောင် လိမ့်ခံနေရတာပေါ့ဗျ၊ နော့"

"အေး…လိမ့်နေတာပဲ"

"အင်း…ဆိုပါဦးဗျ၊ နောက်တစ်ယောက်က ဘာဝင်ပြောတာလဲ"

"မောင်ပုံ့ယောက္ခမတွေက စီးပွားတက်အောင်ဆိုပြီး မယ်ပုံကို နတ်နဲ့ပေးစားကြတာ မဟုတ်လားကွ၊ မောင်ပုံ့လုပ်ငန်းကိုင်ငန်း အဆင်ပြေလို့ ငွေကြေးဒီ့ထက်ပြေလည်လာရင်တောင် မောင်ပုံ့ကြောင့် လို့ မမြင်ပဲ နတ်ကြောင့်လို့ မြင်နေနိုင်တယ်၊ မောင်ပုံ့အခန်းကဏ္ဍက ကွယ်ပျောက်ပြီး၊ နတ်ရဲ့ အခန်းကဏ္ဍကပဲ ကြီးကျယ်နေနိုင်တယ်၊ အဲဒါ မကောင်းတဲ့အလားအလာပဲ၊ သူက အဲဒါကို ဝင်ဆွေးနွေးတာပါ"

ကျွန်တော်ကလည်း လိုက်လိုက်လှဲလှဲထောက်ခံမိတယ်။

"ဟုတ်တယ်ဗျ၊ အဲဒီလူတော်တယ်၊ အဲဒီအချက်က သိပ် **အရေး**ကြီးတဲ့ အချက်ပဲ"

"ဟုတ်တယ်၊ မောင်ပုံကလည်း အဲဒီအချက်ကို အမှိက စဉ်းစားနေတာ၊ အဲဒီလိုပါပဲကွာ၊ တစ်ယောက်တစ်ပေါက် စုံနေအောင် ဝင်ပြောကြတာပါပဲ"

"ပြောသမျှ စကားအားလုံး မောင်ပုံ့ရင်ကို လာထိတယ်ဆိုပါတော့"

"ဒါပေါ့၊ တစ်ဒိုင်းဒိုင်းလာထိတာရော၊ တဘတ်ဘတ်နဲ့ လာကပ်တာရော၊ တဂျိဂျိနဲ့ လာကုတ်တာရော စုံလို့ပါပဲ"

"မောင်ပုံက သူတို့ကို ဘာပြန်ဆွေးနွေးလဲ"

"မဆွေးနွေးဘူး၊ မောင်ပုံက ဖန်ခွက်တစ်ခွက်ကို စားပွဲပေါ်မှာ မှောက်ထည့်လိုက်ပြီး အဲဒါကို ကသိုဏ်းရှုနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုခံစားချက်ပါလိမ့်"

"ဩော်...မှောက်ချလိုက်တဲ့ ဖန်ခွက်တစ်ခွက်ဟာ တစ်လောကလုံး ဥပေက္ခာပြုလိုက်နိုင်တယ်ကွ၊ သူ့ကမ္ဘာနဲ့ သူလုံသွားတယ်၊ အဲဒါကြောင့် အဲဒီဖန်ခွက်ကို သူအားကျနေတယ်"

"သူကလည်း အဲဒီဖန်ခွက်လို လုံခြုံသွားအောင် ဖင်းမှူးတောင်း ထောင်လိုက်ရင် ရမလားလို့ စဉ်းစားနေမှာပေါ့၊ အင်း...ဒီကောင့်ဘဝ လည်း ဒုက္ခပဲ"

"အထိဆုံးစကားက အခုမှဝင်မှာကွ"

"ဟင်...ဟုတ်လား၊ ပြောပါဦး"

"သူတို့အုပ်စု အတော်ကြာအောင် စားကြသောက်ကြပြီး မိုးကြီး ချုပ်မှ အိမ်ပြန်တယ်၊ လူစုခွဲချိန်မှာ တစ်ယောက်က လျှာပြဲအာပြဲ ကြီးနဲ့ ပြောသွားတယ်"

"ဘာလဲ မောင်ပုံ့ကို အထိဆုံးဆိုတာ အဲဒီစကားလား"

"ဟုတ်တယ်"

"ဘယ်လိုပြောသွားတာလဲ"

"သူတို့ကတော့ ငယ်ငယ်တည်းက နှုတ်ဆက်ပြီးသား ထမင်းဆို ယူမစားဘူးတဲ့"

"ဟာ"

မောင်ပုံ့ကို ထိချက်ပြင်းမယ်ဆိုရင်လည်း ပြင်းစရာပါပဲ၊ ကျွန်တော် တောင် လန့်သွားတယ်"

"ဒါ လင်မယားကွဲကိန်းပဲဗျ"

"အေးလေ၊ နှုတ်ဆက်ထားတဲ့ မိန်းမကို ဆက်ပေါင်းဖို့ မပေါင်းဖို့ ဆိုတာက စဉ်းစားစရာ ဖြစ်နေတာပေါ့"

"အလိုလေး၊ ကိစ္စကမသေးပါလား"

"အေး...သေးမလိုလိုနဲ့ အတော်ကြီးတဲ့ ကိစ္စဖြစ်နေတယ်"

"သူ့မိန်းမကို သူအရင် ဖျောင့်ဖျကြည့်ပါလားဗျာ၊ ဒါကြီးကို အကောင်အထည်မဖော်ဖို့၊ ဆက်မလုပ်ဖို့"

"ဟုတ်တယ်၊ မောင်ပုံလည်း မနက်အမူးပြေတဲ့အချိန်မှာ မင်းတွေး



သလိုပဲ တွေးမိတယ်"

ကိုရွှေကိုးညို့ရဲ့ အဲဒီစကားကြောင့် ပြောရရင် ကျွန်တော် ခံသွား ရပြန်တယ်၊ ကျွန်တော် တော်တယ်ဆိုတာက မောင်ပုံအမူးပြေသလောက် ရှိနေတာကိုး။ ချူချာသက်ပြင်း ကင်းကိုက်ပါစေ။

သူကတော့ မသိပါဘူး။ သူ့စကားကိုပဲ စိတ်ဝင်တစားနဲ့ ဆက်ပြော တယ်။

"အဲဒါနဲ့ မယ်ပုံ့ကို သူသွားဆွေးနွေးတယ်၊ မယ်ပုံခမျာလည်း သနားစရာကွာ၊ လူကြီးတွေ စီမံလို့သာ လက်ခံရတာ၊ သူက ဘာမှ နားလည်တာမဟုတ်ဘူး။ တကယ်တော့ နှုတ်ကိုယူရမှာ သူလည်း ကြောက်တာပဲကွ"

"ဟုတ်လား"

"အေးပေါ့ကွာ၊ ဘယ်ထောင့်က ဘယ်လိုဝင်လာမယ်မှန်းမှ မသိတာ၊ နောက်ပြီး ဟီးဟီး ကြောက်တာပေါ့ကွ"

"ဒါဆိုရင် သူက ငြင်းလိုက်ပေါ့ဗျ၊ မောင်ပုံ့အခက်အခဲလည်း ပြေလည်သွားတာပေါ့"

"အဲဒါလည်း မလွယ်ဘူးကွ၊ သူ့မိဘတွေကို သူမလှန်နိုင်ဘူး။ မိဘတွေကလည်း အသက်ကြီးပြီဆိုတော့၊ သူတို့ဆန္ဒကို ဖြည့်ဆည်းပေး ချင်စိတ်ကလည်း ရှိတယ်၊ မိဘစကားကို နားမထောင်ဘူးဆိုတဲ့ အဖြစ် မျိုးကိုမှ မရောက်ချင်တာ"

"ဒါဖြင့် မောင်ပုံဆွေးနွေးတာ မအောင်မြင်ဘူးပေါ့"

"အေး...မယ်ပုံက ပြန်ပြောတယ်၊ 'ကိုပုံရယ် ကျွန်မရှင့်ကို ခင်လည်း ခင်တယ်၊ အားလည်း နာပါတယ်'တဲ့"

"မောင်ပုံ မအီမသာနဲ့ ပြန်လှည့်လာရမှာပေါ့"

"ဒါပေါ့ကွာ၊ ဒါပေမယ့် လက်မလျှော့သေးပါဘူး။ ဖြေရှင်းရမယ့် နည်းလမ်းကို စာအုပ်တွေထဲ လိုက်ရှာတယ်"

ကိုယ့်ကိုယ်ကိုတောင် မထိန်းလိုက်နိုင်ဘူး။ လွှတ်ခနဲ မေးမိတယ်။

"တွေ့သလား"

"တွေ့တာပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ခနဲ လက်ဖျောက်တီးလိုက်မိပြန်တယ်။

"စိတ်ဝင်စားစရာပဲ၊ ပြောပါဦးဗျ"

ကိုရွှေကျိုးညိုက အတောင်ပံကြီးကာပြီး…

"သည်းခံဦးဒကာ၊ သည်းခံ"

"ဘာလဲ"

"ကြော်…ငြာ…"

"ဟာ…ဗျာ…"

"ဒီတစ်ခါကြော်ငြာမှာကတော့ ဇာတ်လမ်းဇာတ်ကွက်နဲ့ ဆီလျော်တဲ့ ကြော်ငြာကွ"

"ဘာကြော်ငြာမှာတုန်း"

"ခုနက မောင်ပုံတို့ အရက်သောက်ကြတယ်လေကွာ"

"အရက်ကြော်ငြာလား"

"သေချာတာပေါ့"

"ဘာအရက်လဲ"

"ငါကိုယ်တိုက်ချက်ထားတဲ့ အရက်ကွ 'မဟူရာဌက်မင်း အရက်' လို့ ခေါ်တယ်"

"ဟင်…အောင်မာ…"

"မအောင်မာနဲ့ကွ၊ မင်းမသိလို့ ငါက အရက်ချက် သိပ်ကောင်းတာ၊ ငါချက်တဲ့ အရက်မှန်းသိရင် အားပေးကြမယ့် လူတွေအများကြီး"

"ချက်အရက်လို့ ကြော်ငြာမှာလား"

"ဟင့်အင်း၊ 'မဟူရာဌက်မင်းတံဆိပ် ယမကာ'လို့ပဲ ကြော်ငြာမယ်"

"ဒါပေမဲ့ ခင်ဗျားချက်တဲ့ အရက်မှန်းဘယ်လို သိကြမှာတုန်း"

"ရပါတယ်ကွာ၊ ချက်ကြီးဆိုတဲ့လူကို ခေါ်ပြီး သောက်ခိုင်းပြလိုက်မယ်၊ လေချဉ်တက်ရင်လည်း ချက်….ချက်…ချက်လို့ ချက်အပေါ် လက်နှိပ်ပြီး တက်ခိုင်းလိုက်မယ်၊ အဲဒါဆိုရင် ချက်အရက်မှန်း သိသာပါတယ်"

"ဆင်ဆာဖြတ်တယ်၊ ဆင်ဆာဖြတ်တယ်၊ ဒီကြော်ငြာကို လက်မခံဘူး၊ ဇာတ်လမ်းဆက်ပြောတော့"



ကိုရွှေကျိုးညိုက တစ်ချက်နှစ်ချက်ခုန်တယ်။ ညောင်းလို့တဲ့။ မတာတ်နိုင်ဘူးလေ။ သူကမှ ကျွန်တော့်လို ဖင်ချမထိုင်တတ်တာ။

နောက်တော့လည်း ဇာတ်လမ်းကို ဆက်ပြောပါတယ်။

"မောင်ပုံတွေ့တဲ့ စာအုပ်ထဲက ဖြေရှင်းနည်းက တော်တော်တော့ ဦးနှောက်စားရတယ်ကွ"

"ပြောဗျာ၊ ကူစားရတာပေါ့"

"အဲဒီလိုမိန်းမတစ်ယောက်ဟာ ကိုယ်နဲ့ပေါင်းသင်းနေထိုင်လျက်က တခြားတစ်ယောက်နဲ့လည်း ပေါင်းသင်းနေထိုင်လာရင်"

"ဟုတ်ပြီ"

"ပြင်သစ်မှာတော့ အခင်မင်မပျက်နေကြတယ် ဆိုပဲ"

"မောင်ပုံကရော အဲလိုနေနိုင်မှာလား"

"မနေနိုင်လို့ ဒီပြဿနာ တက်နေတာပေါ့"

"အဲဒါဆို နောက်နည်းလမ်းက ဘာတုန်း"

"အီတလီမှာဆိုရင် ပထမယောက်ျားက ကွာရှင်းပေးလိုက်တယ်တဲ့"

"မောင်ပုံက မယ်ပုံကို ပစ်ရက်လို့လား"

"အဲလိုလည်း မပစ်နိုင်ဘူးကွ၊ တကျက်ကျက် ရန်ဖြစ်နေကြပေမဲ့ သူတို့လင်မယားက တစ်ယောက်ကိုတစ်ယောက် တော်တော်ချစ်ကြတယ်"

"ဒါဖြင့်နောက်တစ်နည်း"

"အမေရိကားမှာ ပထမယောက်ျားက နောက်ယောက်ျားကို သေနတ်နဲ့ ပစ်သတ်တယ်တဲ့"

"Tempo က မြင့်လာပါလား၊ အဲဒီနည်းလမ်းကို မောင်ပုံသုံးလို့ ဖြစ်ပါ့မလား"

"မဖြစ်ဘူးလေ၊ မောင်ပုံက သေနတ်မပြောနဲ့ လေးခွတောင် မပစ်တတ်ဘူး၊ ဒီမမြင်ရတဲ့သူကို ဘယ်လိုလုပ်ပစ်မှာလဲ"

"အဲဒီနည်းလည်း မရဘူးဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ စပိန်နည်းက ပိုဆိုးတယ်၊ ယောက်ျားချင်း ဓါးချင်း ခုတ်ကြသတဲ့''

''ပြဿနာပဲ''

''မောင်ပုံကလည်း အဲဒီနည်းကို ရှောင်ပါတယ်၊ သူနိုင်မှာလည်း မဟုတ်တဲ့နည်းကြီးကိုး''

''ဒါဖြင့် မောင်ပုံအတွက် နည်းလမ်းကော ကျန်တော့ရဲ့လားဗျာ''

''တစ်နည်းတော့ ရှိတယ်၊ အင်္ဂလန်နည်းကွ''

''ဟုတ်လား''

''အေး...အဲဒီနည်းကလည်း ဖြစ်နိုင်၏ မဖြစ်နိုင်၏ မပြောတတ်ဘူး၊ လုပ်ကြည့်ရမှာလဲ''

''အင်း''

''တခြားနည်းတွေနဲ့ စာရင်တော့ ဒီနည်းက အသင့်တော်ဆုံးလို့ ဖြစ်နေတယ်''

''အင်း...ပြောပါဦး၊ ဘယ်လိုနည်းလဲ''

''ပထမယောက်ျားက နောက်ယောက်ျားကို တရားစွဲတာဗျ''

''ဟင်...ဒါဖြင့်၊ မောင်ပုံက အဲဒီနတ်ကို တရားစွဲမှာပေါ့''

''အေး...ဟုတ်တယ်''

''ဘာအမှုလဲ''

''အကြမ်းဖျဉ်းပြောရရင်တော့ မယားခိုးမှုပေါ့ကွာ''

ကိုရွှေကျီးညိုက တွေဝိုင်စဉ်းစားတယ်။ ပြီး...ထုံးစံအတိုင်း ကျွန်တော့်ကို စာရွက်ကလေးတွေ ထုတ်ပေးတယ်၊ ဖတ်ကြည့်လေတဲ့



''ကံကြမ္မာဆိုးများသည်...
ရံဖန်ရံခါတွင်...
နတ်ဒေဝတာတို့၏စွမ်းအင်ဖြစ်လာသည်''

''နိဒါ''

www.burmeseclassic.com

www.burmeseclassic.com


ကောင်မလေးရေ...

တစ်ချို့ကြမ္မာဆိုးတွေဟာ...

ရင်ဆိုင်ရသူအတွက်...

ထူးခြားတဲ့ တုံ့ပြန်စွမ်းအင်တွေကို ပေါ်ပေါက်လာစေတယ်။

ကိုယ်လည်းတစ်ခါက...စဉ်းစားဖူးတယ်။

ဘဝမှာ...

လေပြည်ကိုချည်းမျှော်လင့်စရာမလိုဘူး။

မုန်တိုင်းမှာလည်း အောက်စီဂျင်ပါတယ်...လို့...။

BURMESE CLASSIC .com

''မောင်ပုံကတော့ ဒီပွဲကို ဖြစ်တဲ့နည်းနဲ့ ဆက်တိုက်မဲ့ ပုံပဲဗျ''

''ဒါပေါ့ ကောင်လေးရာ၊ သူကတော့ နောက်ဆုံးအချိန်ထိ ခံတိုက်သွားမှာပေါ့''

''သူ့ကျမှ ကြုံကြိုက်ဖန်ဖန် ကြုံရတယ်လို့ဗျာ၊ အမှန်ဆို ဒီကောင်ကံ လူ့ရှိုးလူ့အေးပဲ''

''ဟုတ်တယ်၊ သေချာစဉ်းစားရင် အေးချမ်းခြင်းနဲ့ ငြိမ်းချမ်းခြင်းက မတူသလို ဖြစ်နေတယ်''

''တူလည်းတူတယ်၊ ကွဲလည်းကွဲတယ်၊ အဲဒီသဘောမျိုး ဖြစ်မှာပေါ့၊ အမွှာညီအစ်ကိုတွေ ဖြစ်ကြမှာပေါ့''

''ဘာပဲပြောပြော ငါတို့လူကတော့ တိုက်ပွဲကို နွဲပြီနော်''

ကိုရွှေကျီးညိုက အဲဒီစကားကိုပဲ ထပ်ပြောပါတယ်။

''အေးချမ်းတဲ့ လူမှာလည်း တိုက်ပွဲကတော့ ရှိတာပဲဗျ''

''အိမ်း...''

''အပေါင်းအသင်းချင်းလည်း အပြိုင်ဆောင်ရွက်ရတာတွေ ရှိတတ်တယ်၊ မိတ်ဆွေချင်းလည်း အတိုက်အခံပြောရတာတွေ ရှိတတ်တယ်၊ တိုက်ပွဲကတော့ ရှိနေမှာပဲ၊ ကောင်းသောတိုက်ပွဲ၊ တရားသောတိုက်ပွဲ ဖြစ်ဖို့ပဲ လိုတယ်၊ အဲဒီလို တိုက်ပွဲမျိုးကို ကျွန်တော်က 'ရန်နှံ့ တိုက်ပွဲ' လို့ နာမည်ပေးထားတယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟော…မင်းကလည်း အလကားကြီးပါလား"

"ကျွန်တော့်တဝနဲ့ ကျွန်တော်ယှဉ်ပြီးပြောတာပါဗျာ၊ တကယ်တော့ လူတစ်ယောက်မှာ မိတ်ဆွေကောင်းရှိဖို့ လိုသလို၊ ရန်သူကောင်းရှိဖို့လည်း လိုတယ်၊ ဒါမှ တိုးတက်မယ်၊ ဒါမှရင့်ကျက်မယ်"

"အဲဒါဆိုရင် ပြောစမ်းပါဦး၊ မောင်ပုံကရော ဒီတိုက်ပွဲမှာ ရင့်ကျက်နိုင်မလား"

"မျှော်လင့်ရတာပဲ၊ ဆက်ပြောဦးလေဗျာ"

"အင်း…ဆက်ပြောရမယ်ဆိုရင်တော့"

◆◆♥◆◆



အခန်း (၆)

"သူ့တိုက်ပွဲကို နွှဲဖို့အတွက် မောင်ပုံဟာ… ပထမဆုံးစာအုပ်တွေကို မွှေနှောက်ဖတ်ရှုတာပေါ့ကွာ၊ အလိမ္မာ စာမှာရှိ ဆိုသကိုးကွ"

"အဲ… မလိမ္မာတာတွေလည်း စာမှာရှိတယ်ဗျ၊ ဒါပေမဲ့ ထားလိုက်ပါတော့၊ မောင်ပုံ အဲလို လှောက်ဖတ်တော့ ဘာတွေကို သူတွေ့သလဲ"

"ကမ္ဘာ့အံ့ဖွယ်ငါးပါးကို သူတွေ့တယ်ကွ"

"ဟင်…"

ကျွန်တော်က ကိုရွှေကျိုးညိုကို မသင်္ကာသလို ကြည့်လိုက်တယ်။

"ဟော့လူ…အဲ…ဟော့ကျိုး သိပ်မဆိုင်ဘူး ထင်တယ်နော်"

"ငါပြောတာကိုဆုံးအောင် နားထောင်စမ်းပါကွာ၊ သူတွေ့တဲ့ ကမ္ဘာ့အံ့ဖွယ်ငါးပါးဆိုတာက လူရည်ချွန်ဖြစ်မလားဆိုပြီး မင်းတို့ ကျက်ထားတဲ့ ကမ္ဘာ့အံ့ဖွယ်ငါးပါး မဟုတ်ဘူး"

"ဩော်… တခြားငါးပါး ရှိသေးလား"

"ရှိတယ်"

"ဒါဖြင့်ပြောပါဦး"

ဟုတ်ရင်တော့ ဟုတ်ပေ့လို့လည်း စိတ်ထဲက ကြုံးဝါးလိုက်မိတယ်။ ကိုရွှေကျိုးညိုက တံတွေးတစ်ချက်မျိုပြီး…

www.burmeseclassic.com

www.burmeseclassic.com

''သူဖတ်ရတဲ့ စာသားအတိုင်းပဲ ငါရွတ်ပြမယ်ကွာ''

''ရွတ်ပါ ရွတ်ပါ တစ်''

ကျွန်တော်က တိုင်ပေးလိုက်တယ်။ ကိုရွှေကျီးညိုက စတင်ရွတ်ပါတော့တယ်။

''(၁) အသက်(၁၅)နှစ်အရွယ်- ကိုယ့်ထက်အငယ်များက အဘယ်ကြောင့် မိန်းကလေးများအပေါ် စိတ်ဝင်စားကြသနည်းဟု အံ့သြသည်။''

''ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်တော်လည်း အံ့သြဖူးတယ်၊ ဒီကောင်တွေ စိတ်ဝင်စားစရာ မဟုတ်တာကို စိတ်ဝင်စားလေခြင်းလို့ စိတ်ပျက်လက်ပျက် အံ့သြဖူးတယ်''

''(၂) အသက်(၂၀)အရွယ်- အဘယ်ကြောင့် တူနှစ်ကိုယ် တဲအိုပျက်မှာ နေချင်ကြသနည်းဟု အံ့သြသည်''

''ဟုတ်တယ်...ဟုတ်တယ်...ကျွန်တော်လည်း အံ့သြဖူးတယ်၊ တဲအိုပျက်ဆိုတဲ့ စာလုံးကကို ကောင်းတာမှမဟုတ်တာ၊ တဲတဲကလေးဆိုတဲ့ သဘောအပြင်၊ အိုတဲ့ပျက်တဲ့ သဘောပါ ပါဝင်နေတယ်၊ တူနှစ်ကိုယ်ဆိုတဲ့ စကားလုံးကြားတိုင်း မနုသီဟကြီးကို ပြေးပြေးမြင်တယ်''

ကျွန်တော့်စကားကို ဆုံးအောင်နားမထောင်ပါဘူး။ ဆုံးအောင်လည်း မပြောလိုက်ရပါဘူး။ နံပါတ်(၃)ကို ဆက်ရွတ်တယ်။

''(၃) အသက်(၃၀)အရွယ်- အဘယ်ကြောင့် လက်ထပ်လိုက်ရသနည်းဟု အံ့သြသည်''

''အင်း... အဲဒီအချက်ကိုတော့ လိုက်မမီတော့ဘူးဗျာ၊ ကျွန်တော်က လူပျိုကိုး''

''(၄) အသက်(၄၀)အရွယ်- အိမ်ထောင်ဖက်က အဘယ်ကြောင့် ကိုယ့်အပါးမှာဆက်ရှိနေသည်ကို အံ့သြသည်''

''အဟီး...တော်တော်ဆိုးတဲ့လူပဲ''

''(၅) အသက်(၇၀)အရွယ်- ကိုယ် ဘာကြောင့် အံ့သြခဲ့ရသနည်း ဆိုတာတွေကို ပြန်အံ့သြသည်''



''ဟား...ဟား...ကြိုက်တယ်ဗျာ၊ ကျွန်တော်လည်း အသက်(၇၀)အထိတော့ နေသွားချင်သေးတယ်''

''တော်...တော်ပြီ...ဟော့ကောင်၊ မင်းလေဝင်ပေါ်မနေနဲ့၊ စကားလမ်းကြောင်း ပျောက်သွားမယ်''

''အဲ...အင်း...ဟုတ်ပါရဲ့၊ ဆက်ပြောပါဦး၊ အဲဒီ အံ့ဖွယ်(၅)ပါးကို ဖတ်ပြီး မောင်ပုံက ဘာတွေစဉ်းစားသလဲ''

''သူ ဒီလောက်စိတ်လှုပ်ရှားနေမိတာ၊ မှားများမှားသွားလားလို့ စဉ်းစားမိတာပေါ့''

''စဉ်းစားမိတော့ ဘာဖြစ်သလဲ၊ သူ့ဘက်က လျှော့ပေးလိုက်မလား''

''ဟင့်အင်း...စိတ်မပြောင်းပါဘူး၊ မလျှော့ဘူးတဲ့၊ ပိုတောင်တင်းသွားသေးတယ်''

''ဘယ်လိုဖြစ်သွားပြန်တာလဲ''

''အဲဒီ ကမ္ဘာ့အံ့ဖွယ်ငါးပါးထဲမှာ သူ လက်ရှိဖြစ်နေတဲ့ အဖြစ်ကလည်း နောက်တိုးအနေနဲ့ ထပ်ပါသွားနိုင်တယ်၊ ကမ္ဘာ့ဖွယ်ခြောက်ပါးဖြစ်သွားနိုင်တယ်ဆိုတာကို တွေးမိလို့''

''ဒါဖြင့် တိုက်ပွဲကို ဆက်လက်ဆင်နွှဲမယ်ပေါ့''

''ဘာပြောကောင်းမလဲကွာ၊ ချီလေတဲ့ ချီလေပဲ''

''ဟုတ်ပြီဗျာ၊ အဲဒီတော့ မောင်ပုံ ဘာတွေဆက်လုပ်သလဲ''

''သူက နတ်ကို တရားစွဲချင်တာကိုး၊ ဥပဒေစာအုပ်တွေ ရှာကြံဖတ်ရတာပေါ့''

''အဲဒီမှာရော ထူးခြားတဲ့အချက်တွေ တွေ့လား''

''အေး...တစ်နေ့မှာ သူ စာအုပ်တစ်အုပ်ကို ဖတ်ရတယ်၊ 'ရှုနေမောင်ကံ'ရဲ့ 'ဥပဒေအရေး မေးသမျှဖြေမည်'ဆိုတဲ့စာအုပ် ၉၉ခုနှစ်ထုတ်''

''အဲဒီစာအုပ်ထဲမှာ သူသိချင်တဲ့ အချက်အလက်တွေ ပါတယ်ပေါ့''

''အေး...သူသိချင်တဲ့ အမေးအဖြေသုံးခုကို သိရတယ်''

www.burmeseclassic.com

www.burmeseclassic.com

"ပြောပါဦးဗျ"

"အေး…စာအတိုင်းပဲ ငါဖတ်ပြမယ်ကွာ၊ အဲဒီစာအုပ်ရဲ့ စာမျက်နှာ(၃၀)မှာ ဒီအမေးအဖြေကို တွေ့ရတယ်"

ပြီး ကိုရွှေကျီးညိုက အသံနေအသံထားနဲ့ ဖတ်ပြတယ်။

ကျွန်တော်က စောဒက တက်လိုက်သေးတယ်။

"အဲဒီအချက်က သူနဲ့ဘယ်လိုပတ်သက်လို့တုန်းဗျ"

"ဟ…ပတ်သက်တာပေါ့ကွ၊ ဆိုင်တာပေါ့"

ကိုရွှေကျီးညိုက ခပ်မာမာ တုန့်ပြန်တယ်။

"အင်း…ဆိုင်တော့ဆိုင်တာပေါ့၊ ကဲ…နောက်အချက် ထပ်ပြောပါဦး"

"အေး…နားထောင်"

ကိုရွှေကျီးညိုက နောက်မေးဖြေ တစ်ခုကို ထပ်ရွတ်ပြတယ်။

မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာအရ ပုဂံခေတ်နှောင်း ချိန်အခါက ဝါရီရှုမ္ဗသတ်မှာ စိတ်ဝင်စားဖွယ်လေးတစ်ခုက သမီးရှင်မှ သမီးတစ်ဦးကိုပြပြီး ပေးစားမယ်လို့ ကတိပေးထားခဲ့တယ်၊ တကယ်ပေးစားတော့ တခြားသမီးကို အစားထိုးတယ်၊ ယောကျ်ားလေးဟာ မိန်းကလေးနှစ်ဦးစလုံးကို သိမ်းပိုက်ခွင့်ရှိတယ်လို့ ဆိုပါတယ်၊ ဒါပေမဲ့ သားရှင်မိဘက သားတစ်ဦးကို ပြပြီးပေးစားမယ်လို့ ကတိပြုထားပြီး ထိမ်းမြားရာမှ အခြားသားကို အစားထိုးခဲ့လျှင် သားနှစ်ဦးအနက် သမီးကြိုက်တဲ့ တစ်ဦးကို ရွေးချယ်ခွင့်ရှိတယ်လို့ ဆိုပါတယ်၊ အဲဒီခေတ်ကတည်းက ယောကျ်ားများဟာ မယားပြိုင်ယူခွင့်ရှိပြီး၊ မိန်းမများဟာ လင်ပြိုင် ယူခွင့် မရှိဘူးဆိုတဲ့ သဘောပါပဲ၊ ရာဇသတ်ကြီး ပြစ်မှုဆိုင်ရာ ဥပဒေအရ လင်ရှိမယားကို တခြားယောကျ်ား တစ်ဦးက ဖောက်ပြားခဲ့ရင် မယားခိုးမှု ဖြစ်ပါတယ်၊ မိန်းမများ လင်ပြိုင်ယူခဲ့ရင် ပထမလင်က သဘောမတူလျှင် နောက်လင်ဟာ မယားခိုးမှု ဖြစ်ပါတယ်၊ ပြစ်မှုဥပဒေနဲ့ မြန်မာ့ဓလေ့ထုံးတမ်းအရ မိန်းမများ လင်ပြိုင်ယူခွင့် မရှိကြောင်းပါခင်ဗျားတဲ့"



"ဟာ…ဒါ မှိုင်းပဲဗျ"

"အေး…ဟုတ်တော့ ဟုတ်တယ်"

"ဒီအချက်နဲ့တင် တော်တော်အလုပ်ဖြစ်ပြီ၊ နောက်အချက်က ရော ဘာတုန်းဗျ"

ကိုရွှေကျီးညိုက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်တယ်။ ကျွန်တော်က သဘောပေါက်ပြီး ကြိုတားလိုက်တယ်။

"အရေးကြီးနေတဲ့ အချိန်မှာ ကြော်ငြာမဝင်နဲ့ဗျာ"

"ဟာ…မင်းကလည်း"

"ဟုတ်တယ်…ခင်ဗျား ခုချိန်ကြီးတော့ ကြော်ငြာမဝင်နဲ့လေ၊ တိုက်ရိုက်ကြည့်နေတဲ့ ဘောလုံးပွဲထဲမှာ ကြော်ငြာလာထိုးသလို ဖြစ်နေတယ်၊ နောက်အခန်းကျမှ ထိုး"

ကိုရွှေကျီးညိုက အင်တင်တင်ဖြစ်နေပါတယ်။

"နောက်အခန်းကျမှ ငါကြော်ငြာနှစ်ခုထိုးရင်လည်း မင်း ကျိုကျောင်လုပ်ဦးမယ်"

"အဲဒါတွေ ထားစမ်းပါဗျာ၊ တတိယအမေးအဖြေကို ဆက်ပြောစမ်းပါဦး"

"အေးလေ၊ ဒီတစ်ခါတော့ရှိစေတော့၊ ကြော်ငြာမထိုးတော့ပါဘူး"

ဦးကလေး မော့ပြီး ဆက်ရွတ်ပြတယ်။ စာမျက်နှာ ၁၂၁ကလို့ လည်း ပြောတယ်။

"ရှေ့နေကြီး ဦးမောင်ကံခင်ဗျား…

ကျွန်တော့ဇနီးက နတ်နဲ့လက်ထပ်ရမယ်တဲ့၊ နတ်လိပ်ပြာ အပ် လက်ထပ်မင်္ဂလာပွဲကို နတ်ထိန်းအမျိုးသားတစ်ဦးက ကြီးကြီးကျယ်ကျယ်၊ ခမ်းခမ်းနားနား၊ သုံးရက်တိုင် မင်္ဂလာ လက်ထပ်ပွဲကြီး မြိမ့်မြိမ့်သဲသဲ ကျင်းပပေးမယ်တဲ့၊ ကျွန်တော့် ဇနီးကို နတ်က ကျွန်တော်သဘောမတူဘဲယူတာ ဥပဒေအရ ဘာလုပ်နိုင်ပါသလဲ။

ကို----

ပျဉ်းမနား။

www.burmeseclassic.com

www.burmeseclassic.com



"လူလူချင်းဆိုရင်တော့ လင်ရှိမယားကို ကာမပိုင် လင်ယောကျ်ားသဘောမတူပဲ တခြားယောကျ်ားတစ်ဦးက ဖောက်ပြားကျူးလွန်ရင် မယားခိုးမှုပေါ့။

လူလူချင်းမဟုတ်ဘဲ နတ်နဲ့ယူတာဆိုတော့ လူ့တရားရုံးမှာတော့ နတ်ကို တရားစွဲဆိုနိုင်တဲ့ ရာဇသတ်ကြီး ပြစ်မှုဥပဒေမှာ မတွေ့ရဘူးကွယ်၊ အဲ...နတ်သဘင်အစည်းအဝေး၊ ဒါမှမဟုတ် နတ်ခုံရုံးရှိရင် နားလည်တတ်ကျွမ်းတဲ့ နတ်ကတော်နဲ့ တိုင်ပင်ပြီး ကန့်ကွက်အရေးဆိုခဲ့ရင်တော့ ရမလားမသိဘူး။ မောင်ကံလည်း ဉာဏ်မမီပါဘူး။

တစ်ခုတော့သတိပေးပါရစေ၊ နတ်လိပ်ပြာအပ်တယ်ဆိုပြီး နတ်ထိန်းယောကျ်ားက ကိုယ့်ဇနီးကို ညအတူတူအိပ်ပြီး နတ်ဝင်တယ်ဆိုပြီး ကျူးလွန်ခဲ့ရင်တော့ နတ်ထိန်းလူလည်ကျတာ၊ မယားခိုးမှုပါပဲ၊ နတ်ထိန်းတွေ၊ ဘိုးတော်လိမ်တွေ၊ လိမ်ညာပြီးရင် ရင်ငွေ့လှုံရမယ်၊ ဓါတ်ဆက်ပေးမယ်၊ ဘာညာဆိုပြီး လိမ်လည်ကာမရယူလို့ ထောင်ကျသွားတဲ့ အမှုတွေကလည်း အများကြီးသာဓကရှိတယ်၊ သတိတော့ ထားပေါ့ကွယ် တဲ့"

"ဟင်...အဲဒါဆို ဥပဒေအရ တရားမစွဲနိုင်တော့ဘူးပေါ့"

"အင်း...အခြေအနေအရ အဲလိုဖြစ်သွားတယ်"

"ဒါဖြင့် မောင်ပုံဘာလုပ်မလဲ"

"ဘာလုပ်ရင် ကောင်းမလဲလို့ ထိုင်စဉ်းစားနေတုန်း၊သူ့ယောက္ခမကြီး ရောက်လာတယ်၊ 'မောင်ပုံ ငါမှာထားတဲ့ ငွေရပြီလား'တဲ့ ဇလုတ်သံကြီးနဲ့ လာမေးတယ်"

"မောင်ပုံ ပိုစိတ်ညစ်သွားမှာပေါ့"

"အေးပေါ့...ယောက္ခမကြီး ရှာခိုင်းတဲ့ငွေဆိုတာကလည်း အဲဒီလိပ်ပြာအပ်ပွဲအတွက် သုံးဖို့ငွေကွ၊ ဒီကောင် ဘယ်ပေးချင်မလဲ"

"ဒါပေါ့ဗျာ"

"အဲဒီငွေမရလို့ ဒီပွဲသာ မလုပ်ရဘူးဆိုရင် ငါ့ကိုယ်ငါ သတ်သေလိုက်မှာ တဲ့"



"အဲဒီတော့"

"မောင်ပုံမှာ ငွေမရှိသေးဘူးလေ၊ မောင်ပုံက ငွေမရသေးဘူးလေ၊ ယောက္ခမကြီးကို ပြန်ပြောလိုက်တယ်၊ 'လောလောဆယ် အဲလိုပဲ အရင်လုပ်ထားပါဦး၊ ငွေကတော့ နောက်သုံးလေးရက်မှရမယ်'တဲ့"

"ဟီးဟီး...နောက်တော့လည်း ပေးလိုက်ရတာပဲ မဟုတ်လား"

"အေး...အဲဒီငွေတွေထဲကပဲ ခွဲပြီး ဖိတ်စာရိုက်ဖို့ သုံးရတာလေ၊ သူ့ဗျာပနဖိတ်စာဆိုတာ အမှန်တော့ အဲဒါက နတ်နဲ့သူ့မိန်းမနဲ့ လက်ထပ်ပွဲအတွက် ရိုက်တဲ့ဖိတ်စာကွ"

"သြော်...ဒီလိုကိုး"

ဖာတ်လမ်းကို ကျွန်တော် လိပ်ပတ်လည်လာပြီ၊ ကိုရွှေကျီးညိုဆီက စာရွက်တွေ ယူဖတ်လိုက်တယ်။

မောင်ပုံ တော်တော်စိတ်ရှုပ်နေပုံရတယ်။

www.burmeseclassic.com

www.burmeseclassic.com

''ရောဂါဆိုးများအတွက်...

စွန့်စားကုသချက်များ လိုအပ်သည်။''

''ဒယ်နရယ်ဒီဗိုး''



ကောင်မလေးရေ...,

သူပြောတဲ့'စွန့်စားကုသချက်'ဆိုတာကို
ကိုယ်တော့ နားမလည်ဘူး...။

ရောဂါဆိုးတွေအတွက် ကိုယ့်တွေ့ဖူးတာကတော့...
မကောင်းတဲ့ ဆေးထိုးအပ်ရယ်...
စွတ်လုပ်တဲ့ ဆရာဝန်ရယ်...
ဘိုင်းဘိုင်းလဲကျသွားတဲ့ ငွေအိတ်ဝဝ ကြီးရယ်...။
ဒါပါပဲ...။

www.burmeseclassic.com

www.burmeseclassic.com



''အဲဒါဆို မောင်ပုံက မစွမ်းနိုင်တော့ဘူးလားဗျ''

''စောင့်ကြည့်ပါဦး၊ သူတတ်နိုင်သရွေ့တော့ လုပ်သွားဦးမှာပါ''

''လူမစွမ်းရင် နတ်မ,သတဲ့၊ မောင်ပုံ့ကို မ,မယ့် နတ်တစ်ပါးပါးပေါ်လာရင်တော့ တကယ့်ပွဲကြီးပွဲကောင်းပဲဗျာ…နော်…''

''အေးကွ…အဲအဲ…အဲ''

''တွေးကြည့်ရုံနဲ့တောင် ပျော်စရာကြီးဗျာ…အဟဲ…''

''နေပါဦး၊ မင်းကလည်း မောင်ပုံ့ဘက်က ရှိတယ်ပေါ့၊ ဟုတ်လား၊ မောင်ပုံမှန်တယ်လို့ ယူဆတယ်ပေါ့''

''ဖခင်လောင်းတစ်ယောက်၊ အိမ်ထောင်ဦးစီးတစ်ယောက် အနေနဲ့ မောင်ပုံတွက်ချက် စိုးရိမ်တာတွေက မှန်တယ်လို့ ကျွန်တော် ယူဆတယ်၊ သူ့ဘက်က ကျွန်တော်ထောက်ခံတယ်''

''မမွေးသေးတဲ့ ကလေးတွေရဲ့ထောင့်က မင်းပြောတာလား။ အဲဒါဆို သူတို့အမေ စိတ်ချမ်းသာဖို့ဆိုတဲ့ ထောင့်ကရော၊ ပြောင်းပြီး ကြည့်လို့ မရဘူးလား''

''သိပ်မတူဘူးဗျ။ အမေ့တန်ဖိုးကို သိသလို၊ အဖေ့တန်ဖိုးကိုလည်း သိသင့်တယ်၊ အမေ့အိမ်ဆိုတာ နွေးထွေးပါတယ်၊ ဒါပေမဲ့ အမေ့အိမ်ကို ချစ်သလိုမျိုးပဲ၊ အဖေ့ယာခင်းကိုလည်း ခင်တွယ်ရမယ်၊ အဖေ့ကို နားလည်စာနာတတ်ရမယ်၊ အဲဒါလည်း အရေးကြီးတယ်''



''အေးကွ''

ကိုရွှေကျီးညိုရဲ့ မျက်ဝန်းတွေ ရီဝေသွားတယ်။

''မင်းပြောတာလည်း ဟုတ်ပါရဲ့၊ ကဲ…ဒီပွဲကို ဆက်ကြည့်လိုက်ဦးစို့ကွာ''

◆◆♥◆◆

www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၇)

''မောင်ပုလည်း ဥပဒေအကြောင်းစာအုပ်တွေကို ဖယ်ပြီး နတ်နဲ့ ပတ်သက်တဲ့စာအုပ်တွေကို လိုက်ဖတ်ရတော့တာပေါ့''

''ကျွန်တော် ဖြတ်ပြောရဦးမယ်ဗျာ၊ တကယ်တမ်းကျတော့ နတ်နဲ့ပတ်သက်ပြီး သေသေချာချာ အကျယ်တဝင့်ရေးထားတဲ့ စာအုပ်တွေက ရှားတယ်ဗျ၊ နတ်သဘင်ပွဲတော်မှာ ဒီကိစ္စကို သူ ဘယ်လို တိုင်ကြား ရမလဲဆိုတာကတော့ ရှာတွေ့နိုင်စရာမရှိဘူး''

''အေး…အဲဒါနဲ့…သူလည်း စာအုပ်ဖတ်တာအပြင် လူကြီးသူမတွေနဲ့ လိုက်တွေ့ရတာပေါ့၊ လုပ်ရတော့တာပေါ့''

''အင်း…သူ ဘယ်သူတွေနဲ့ လိုက်တွေ့လဲ''

''တစ်နေ့မှာ သူဟာလမ်းဆုံဇရပ်တစ်ခုကို ရောက်သွားတယ်ကွ၊ အဲဒီမှာ ပုတီးစိတ်နေကျ အဖိုးကြီး(၃)ယောက်ရှိတယ်၊ တစ်ယောက်ကို တစ်ယောက်ကျောပေးပြီး ဖိုခနောက်ဆိုင်ထိုင်နေကြတယ်''

မျက်မှောင်ကြုတ်လိုက်မိတယ်။

''ထူးခြားတဲ့ တရားကျင့်ကွက်တစ်ခုခုများလား''

''မဟုတ်ဘူးကွ၊ သူတို့ချင်း မတည့်လို့ တစ်ယောက်ကို တစ်ယောက် ကျောပေးထိုင်နေကြတာ''

''သုံးပွင့်ဆိုင် မတည့်တာပေါ့''

''အေး…ဟုတ်တယ်''

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဆီကို မောင်ပုံက ဘယ်လိုလုပ်ရောက်သွားတာလဲ"

"ပညာရှာ ပမာသူဖုန်းစားဆိုပြီး ရောက်သွားတာကွ"

"ဆိုစမ်းပါဦး၊ ဘာတွေသိခဲ့ရတုန်း"

"အဖိုးကြီး(၃)ယောက်ထဲက တစ်ယောက်ကို မောင်ပုံက စမေးတယ်၊ 'အဘ နတ်တွေအကြောင်းသိမှာပေါ့နော်'တဲ့ အဖိုးကြီးက 'ဟ…သိတာပေါ့ကွ'တဲ့"

"အဆင်ပြေတာပေါ့၊ အဲဒီတော့ မောင်ပုံက ဘာထပ်မေးလဲ"

"ဘာမေးရမလဲကွ၊ 'အဘသိတာလေးတွေ ကျွန်တော့် နည်းနည်းပြောပြပါ'ပေါ့"

"ဟိုကပြောပြလား"

"ပြောတယ်၊ 'မှတ်ထားကွ နတ်ဆိုတာ (၃)ပါးရှိတယ်'တဲ့…

(၁) သမ္မုတိနတ်

(၂) ဥပပတ္တိနတ်

(၃) ဝိသုဒ္ဓိနတ်

အဲဒီလို နတ်အပြား သုံးပါးရှိတယ် တဲ့"

"ပြီးတော့ရော၊ ဘာဆက်ပြောသေးလဲ"

"ပြီးတော့ ဘာမှဆက်မပြောတော့ဘူးကွ၊ သူဘာသာ မျက်လုံးကြီးမှိတ်ပြီး အသက်ရှူနေတယ်"

ကျွန်တော် ခေါင်းကုတ်လိုက်မိတယ်။

"အာ…ဒါဆိုရင် မဖြစ်သေးပါဘူးဗျာ၊ သူဟာက စာသားတွေ ပါမလာဘဲ၊ မာတိကာပဲပါလာတဲ့ စာအုပ်လိုဖြစ်နေတယ်"

"အေးပေါ့၊ မောင်ပုံလည်း နည်းနည်းအကြပ်ရိုက်သွားတာပေါ့"

"အဲဒီတော့"

"နောက်အဖိုးကြီးတစ်ယောက်ကို ထပ်မေးရတာပေါ့ကွာ၊ အဲဒီအဖိုးကြီးကို မောင်ပုံက 'အဘ နတ်တွေအကြောင်းသိမှာပေါ့နော်' တဲ့၊ အဖိုးကြီးက 'ဟ…သိတာပေါ့ကွ' လို့ဖြေတယ်၊ 'အဘ သိတာလေး တွေ ကျွန်တော့်ကို နည်းနည်းပြောပြပါလား' ဆိုတော့"

"အဖိုးကြီးက ဘာပြောလဲ"



"မှတ်ထားကွ၊ နတ်ဆိုတာ လေးပါးရှိတယ်"

"ဟင်…"

"အင်း…အဲလိုပဲ မောင်ပုံလည်း စိတ်ညစ်သွားတယ် အဖိုးကြီးက…

တစ်…ကာမာဝစရနတ်

နှစ်… ရူပါဝစရနတ်

သုံး… အရူပါဝစရနတ်

လေး…ဝိသုဒ္ဓိနတ် တဲ့"

"ပြီးတော့ရော ဘာဆက်ပြောသေးလဲ"

"ပြီးတော့ ဘာမှဆက်မပြောတော့ဘူးကွ၊ သူ့ဟာသာ မျက်လုံးမှိတ်ပြီး အသက်ရှူနေတယ်"

"လုပ်ပြန်ပြီ မောင်ပုံလည်း ထပ်အကြပ်ရိုက်သွားတာပေါ့ ဟုတ်လား"

"အေးကွာ နောက်ဆုံးအဖိုးကြီးကို ထပ်မေးရတော့တာပေါ့"

"အဲဒီတော့ အဖိုးကြီးက ဘာပြောလဲ"

"မှတ်ထားကွ၊ နတ်ဆိုတာ (၁၂)ပါးရှိတယ် တဲ့"

"ဗျာ"

"အေး…မောင်ပုံကလည်း မင်းလိုပဲ 'ဗျာ'တယ်"

"အဖိုးကြီးက ရွတ်ပြသေးလား"

"ရွတ်ပြတယ်"

၁-- စတုမဟာရာဇ်

၂-- ဝိရူဠှက

၃-- ဝိရူပက္ခ

၄-- ကုဝေရ

၅-- ပရမိသ်

၆-- ပရမိဿာ

၇-- ပုဏ္ဏက

၈-- မဟာပိန္နဲ

www.burmeseclassic.com

www.burmeseclassic.com

၉-- အာဠာဝက
၁၀-- အသဿမုခိ
၁၁-- မနုဿသီဟ
၁၂-- သီဟရာဇာ...တဲ့''

''ပြီးတော့ရော ဘာဆက်ပြောသေးလဲ''

''ဘာမှဆက်မပြောဘူးကွ၊ သူ့ဖာသာ မျက်လုံးကြီး မှိတ်ထားတယ်''

''မောင်ပုံ ပိုပြီးအကြပ်ရိုက်သွားမှာပေါ့''

''မပြောပါနဲ့တော့ကွာ၊ လှည့်ကိုပြန်ခဲ့ရတော့တာပါပဲ''

''ပြတ်ရော၊ နောက်ပိုင်းမှာကော သူ ဘာဆက်လုပ်သေးလဲ''

''နတ်ဝင်သည်တွေဆီ သွားချဉ်းကပ်ရင် ကောင်းမလားလို့ သူစဉ်းစားတယ်''

''အေးပေါ့ဗျာ၊ စဉ်းစားရမယ့် အချက်တစ်ချက်ပေါ့၊ ဒီနတ်ဝင်သည်တွေက တကယ်လက်တွေ့လုပ်ကိုင် စားသောက်နေကြတာကိုး......''

''အေး ဟုတ်တယ်၊ အဲဒီအတွေးနဲ့ မောင်ပုံလည်း နတ်ဝင်သည်တွေဆီ ရောက်သွားတယ်''

''ဘယ်မှာသွားတွေ့တာလဲ၊ အိမ်မှာလား၊ နတ်ကန္နားပွဲမှာလား၊ ဒါမှမဟုတ် တခြားနေရာတစ်ခုခုမှာလား''

''နတ်ကန္နားပွဲတစ်ခုက အဆင်းမှာသွားတွေ့တာပါ''

''အဆင်ပြေရဲ့လား''

''မပြေပြန်ဘူးကွာ''

''ထင်သားပဲ၊ နတ်ဝင်သည်က နတ်ဖက်ကပဲ ရပ်တည်မှာပေါ့၊ သူ့မိန့်မကို တော်ကောက်ရင်ပေးလိုက်၊ ခွင့်ပြုလိုက် ကောင်းတယ်လို့ပဲ ပြောမှာပေါ့''

''မဟုတ်ဘူးကွ၊ အဲဒီအဆင့်ထိတောင် မရောက်ဘူး၊ မောင်ပုံက သူ့ကိစ္စကို ဘာမှတောင် မပြောလိုက်ရဘူး''

''ဘယ်လိုဖြစ်ပါလိမ့်''



''မောင်ပုံက သူ့မှာရှိတဲ့ မှတ်စုစာအုပ်လေးကို ထုတ်ထုတ်ပြီး အချက်အလက်တွေ တိုက်ကြည့်တယ်လေ''

''မကိုက်ညီဘူးလား''

''ဘယ်ကိုက်မှာလဲ''

''အင်း...ပြောပါဦးဗျ၊ ဘယ်လိုအချက်အလက်တွေနဲ့ တိုက်တာလဲ''

''သူ့မှတ်စုအရတော့ နတ်ဝင်သည်တွေဟာ အင်္ဂါ (၉)ပါး ညီရတယ်လို့ဆိုပါတယ်

(၁) သန္တျှော- ရောင့်ရဲလွယ်ရမယ့်လို့ဆိုတယ်''

''ဩော်...သူတွေ့တဲ့ နတ်ဝင်သည်က မရောင့်ရဲဘူးပေါ့''

''အေး...မရောင့်ရဲဘူးကွ၊ တော်ကြာ ကြက်ကင်တောင်းလိုက်၊ တော်ကြာ ပိုးလုံချည်တောင်းလိုက်၊ တော်ကြာ သူ့အိမ်မှာ ကြိုဟ်တုစလောင်းတပ်ခိုင်းလိုက်နဲ့''

''အင်းအင်း... ဟုတ်ပြီ၊ နောက်အချက်ကရော''

''(၂) သုစိ- စင်ကြယ်သန့်ရှင်းရမယ် တဲ့''

''အဲဒီနတ်ဝင်သည်က စင်ကြယ်လား''

''အခြောက်ကြီးကွ၊ မစင်ကြယ်သလို ခံစားရတာပေါ့''

''အင်း...ဆက်ပါဦး''

''(၃) ရတိဒီဗ္ဗမာလဂန္ဓော- ကဲလွန်သောနတ်ပန်းကဲ့သို့ အနံ့ရှိရမယ်...တဲ့''

''အဲဒီအနံ့ကို မရဘူးလား''

''ဟင့်အင်း...ချွေးနံ့၊ မိက်ကပ်အနံ့နဲ့ မာလ်ဘိုရို စီးကရက်အနံ့ရတယ်''

''ဟုတ်ပြီ၊ ဟုတ်ပြီ ပြီးတော့ရော''

''(၄) နိဒ္ဒန္တိ- အိပ်ပျော်ခြင်းမရှိ တဲ့''

''ဟုတ်ပမလား''

''ဘယ်ကလာကွာ၊ သူနဲ့စကားပြောရင်းတောင် ငိုက်နေတာ၊ နောက်တစ်ချက်က (၅)အဓိကသက္ကတဘာသီ- မူလကမ္ဘာမတတ်ပေမဲ့၊

www.burmeseclassic.com

www.burmeseclassic.com

သက္ကတမာဂဓဘာသာကို ပြောနိုင်ရမယ်...တဲ့"

"အခု မပြောနိုင်ဘူးလား"

"သူတောင် ကြားဖူးပုံမပေါ်ဘူး"

"နံပါတ်(၆)က တေဇသီ- တန်းခိုးရှိတယ်...တဲ့"

"သူက မရှိဘူးပေါ့"

"ဘယ်...တောက်တီးတောက်တဲ့ကွာ၊ တန်ခိုးသာရှိရင် ဒီလုပ်လုပ်စားမယ့်ပုံ မပေါ်ဘူး"

"ပြီးတော့ရော"

"ပြီးတော့ နံပါတ်(၇) ထိရနုယနော- မမိုတ်တဲ့မျက်စိရှိတယ်တဲ့"

"ရှေ့မှာပြောသွားတော့ အဲဒီပုဂ္ဂိုလ်က ငိုက်နေတယ်ဆို"

"အေးပေါ့...အစစ်ပေါ့၊ နောက်တစ်ချက်က (၈) ဝရပဒါတ-ကောင်းမြတ်တဲ့ဝတ္ထုကို ပေးတတ်တယ်...တဲ့"

"တယ်နိုင်ပါလား၊ ဘာပေးသလဲ"

"သူ့ သောက်လက်စအရက်ပုလင်းကြီးကို လိုက်ပေးနေတာပါပဲ၊ ကံစမ်းမဲကိုတော့ သူယူထားတယ်လေ"

"အင်း...နောက်တစ်ချက်ရှိသေးတယ်၊ လုပ်ပါဦး"

"နောက်ဆုံးနံပါတ်(၉)အချက်က ဗြာဟ္မဏျောဘဝတိ- မြတ်တဲ့အကျင့်ရှိသူတွေကို ချစ်တတ်တယ်...တဲ့"

"တော်ပါပြီဗျာ၊ ဒီအချက်ကိုတော့ ရှင်းစရာ မလိုတော့ပါဘူး။ ရှေ့ပိုင်းပြောတာတွေနဲ့တင် သိသာလုံလောက်နေပါပြီ"

"အေးပေါ့ကွာ၊ ငါတို့ရဲ့ ဇာတ်လိုက်ကျော်ကြီး မောင်ပုံလည်း စိတ်ပျက်လက်ပျက်နဲ့ လှည့်ပြန်ခဲ့ရပြန်တာပေါ့"

ကျွန်တော်လည်း မောင်ပုံ့ကိုယ်စား ရင်မောနေမိတယ်။ ဒီနေရာမှာ ဆက်ပြောချင်တာ တစ်ခုရှိသေးတယ်။ အသုံးများလို့ အားပျော့လာသလို ရှိပေမဲ့၊ ဒီ'ရင်မောတယ်'ဆိုတဲ့စကားလုံးဟာ အတော်ပြောင်မြောက်တဲ့ စကားလုံးပါ။ ခံစားရလွန်း၊ နှလုံးခုန်ရလွန်းလို့ ရင်ဘတ်ကြီးတစ်ခုလုံးဟာ မောတယ်တဲ့။

အတူတူပဲ။ အခု ကျွန်တော်လည်း အဲဒီ အတိုင်းပဲ။



"အဲဒီလိုနဲ့ကွာ၊ မောင်ပုံလည်း အရည်မရ၊ အဖတ်မရ သဲလွန်စတွေနဲ့ အလုပ်ရှုပ်နေတော့တာပေါ့။ စိတ်ညစ်ညစ်နဲ့ ညနေတွေမှာ ဘုံဆိုင်ဝင် မော့နေတတ်တယ်၊ တစ်ညနေမှာတော့ သူ့ဘေးဝိုင်းက လူနှစ်ယောက် စကားပြောနေတာကို ကြားမိတယ်"

"ဟုတ်လား ဘာတွေကြားလိုက်တာလဲ"

"စာရေးကြီးတစ်ယောက်က ပြောတာကွ...သူ့ယောက္ခမဟာ နတ်ပြည်ကို ရောက်ဖူးတယ်...တဲ့၊ မူးပြီးပြောတဲ့စကား မဟုတ်ဘူးကွ၊ မသောက်ရသေးခင် ပြောနေတာ"

ကြားရတဲ့ စကားကြောင့် ကျွန်တော်တောင် လန့်သွားတယ်။

"ဟုတ်လား၊ အဲလိုကိစ္စမျိုးရှိသလား"

ကိုရွှေကျီးညိုက ကျွန်တော့်အမေးကို ပြန်မဖြေပါဘူး။ ဇာတ်လမ်းကို ဆက်ပြောတယ်။

"မောင်ပုံလည်း သူတို့ရဲ့စကားတွေကို မသိမသာ ဆက်နားထောင်တယ်၊ အဲဒီလိုနဲ့ သူသိလိုက်ရတာက ပြောနေသူ စာရေးကြီးရဲ့ယောက္ခမဟာ ဘိုးတော်လိုင်းလိုက်နေသူ တစ်ယောက်ဆိုတာပဲ"

"အဲဒီတော့"

"အဲဒီတော့ မောင်ပုံက အဲဒီဘိုးတော်နဲ့ သွားတွေ့ဖို့ကြံစည်ပြန်တာပေါ့ဗျာ"

"ခက်ခက်ခဲခဲ သွားတွေ့ရတာလား"

"သိပ်တော့မခက်ခဲပါဘူး"

"ဩော်...ဟုတ်ပြီ သူ့အတွက် တစ်ခုခုတော့ ထူးခြားတန်ကောင်းပါရဲ့ဗျာ"

"မောင်ပုံ အဲဒီပုဂ္ဂိုလ်ကြီးကို တွေ့တဲ့နေရာက မထင်မရှားစေတီတစ်ခုဘေးမှာပေါ့၊ အရူးကြီးတစ်ယောက်လိုပဲ မုတ်ဆိတ်ကျင်စွယ်တွေဖွားရားနဲ့ လက်သည်းတွေက အရှည်ကြီး၊ တစ်ကိုယ်လုံးလည်း ညစ်ပတ်ပေကျံနေတယ်"

"အင်း...ဝိဇ္ဇာလိုင်းလိုက်တဲ့ သူဆိုတော့လည်း ပြောရခက်သား အရူးစခန်းဝင်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"အေး…သူ့အနားကို မောင်ပုံကပ်သွားတော့ သူက တော်တော်နဲ့ မျက်လုံးဖွင့်မကြည့်ဘူး။ ပုတီးကြီးကို တချောက်ချောက် စိပ်နေတယ်"

"မောင်ပုံအကြာကြီး စောင့်နေရမှာပေါ့"

"အေးပေါ့ စိတ်ရှည်ရတာပေါ့"

"ချောင်းလေးဘာလေး မဟန့်ဘူးလား"

"ဘယ်ဟန့်ရဲမလဲ၊ သူ့ဖာသာ မျက်လုံးဖွင့်အလာကို စောင့်ရတာတော့တာပေါ့"

"အင်း…ပြောပါဦး၊ မျက်လုံးဖွင့်လာတော့"

"မော်ဒယ်လ်ဂဲလ် လှလှလေးတစ်ယောက်က ဈေးဗန်းလေးခေါင်းပေါ်ရွက်ပြီး လမ်းပေါ်ထွက်လာတယ်၊ တစ်နေရာမှာ ဗန်းကိုချပြီး အိတ်ထဲက ဖိုတိုစတက်ဆွဲထားတဲ့ စာရွက်တချို့ကို ထုတ်လိုက်တယ်"

"ဟ…ဟ…ကိုရွှေကျီးညို ခင်ဗျားစကားတွေ ဘယ်ရောက်ကုန်တာလဲ"

ကျွန်တော် ပျာတိပျာယာ လှမ်းပြောတာကို ကိုရွှေကျီးညိုက ထုံးစံအတိုင်း ဂရုမစိုက်ဘူး။ ဆက်ပြောတယ်…

"ပြီး…အဲဒီမော်ဒယ်လ်ဂဲလ်လေးဟာ ပါးစပ်ရှေ့မှာ မိုက်တော့ပြီး အော်လိုက်တယ်၊ 'ယူကြဦးမလား ဟောဒီက ကျူရှင်' တဲ့"

"ဗျာ"

"ကြော်ငြာဖြတ်ဝင်တာလေဗျာ၊ ကျူရှင်ဆရာမက ကျူရှင်ကြော်ငြာတာ"

"ရော်…ခံရတာပဲ"

"အဲ…အဲ…အဲ…ဘယ်လိုလဲ၊ ငါ့ကြော်ငြာက ထိတယ်မဟုတ်လား၊ တခြားကျူရှင်ကြော်ငြာတွေထက် သာသွားပြီ"

ဒီတစ်ခန်းတော့ ပြီးပြီထင်တယ်လို့ တွေးနေမိတုန်း ကိုရွှေကျီးညိုက စာရွက်ကလေးတွေ ကမ်းပေးတယ်။ (ကျူရှင်လက်ကမ်း ကြော်ငြာ မဟုတ်…)



"ရှင်သန်နေထိုင်ရေးသည်…
မရှိမဖြစ် လိုအပ်ချက်မဟုတ်ချေ…"

"ဖရက်ဒရစ်ဘုရင်"

www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးရေ...

လိုအပ်ချက်ဆိုတာ...

လူကလုပ်တာလား...ဘဝကလုပ်တာလား...။

ဘာလိုအပ်ချက်ကိုမှ မလိုအပ်ရင် အကောင်းဆုံး ဖြစ်မှာပဲ နော်...။



''ကောင်လေးရေ''

''ပြောဗျ''

''အခုဆိုရင် မောင်ပုံဟာ ဒီကိစ္စကို အချိန်မီ ဖြေရှင်းဖို့အတွက် လိုအပ်နေတယ်''

''အင်း...အချိန်တောင် မီပါ့မလား''

''အချိန်မီ၊ မမီဆိုတာကို ဖယ်ထားလိုက်ဦး၊ အဲဒီလိုအပ်ချက်ဆိုတဲ့ စကားလုံးကို မင်းဘယ်လိုမြင်သလဲ''

''လိုအပ်ချက်ဆိုတာ လိုအပ်တာပေါ့ဗျာ၊ အင်္ဂလိပ်လို NEED ပေါ့...''

''ဒါတော့ မင်းပြောမှလားကွ''

ကိုရွှေကျီးညိုက သူလည်း အင်္ဂလိပ်စာတတ်ကြောင်းကြွားလိုက်တာပါ။ အလိုက်သင့်နေပေးလိုက်ရင်း ဆိုလိုရင်းကို ဆက်ပြောလိုက်တယ်။

''ပြောချင်တာက ဒီလိုဗျ...လူတော်တော်များများဟာ... NEED နဲ့ GREED ကို မကွဲကြဘူး၊ NEEDဆိုတာက တကယ်လိုအပ်တာ၊ GREED ဆိုတာကတော့ မလိုအပ်တဲ့လောဘ ပေါ့ဗျာ''

''အင်း... ဒီတော့''

''ကျွန်တော် စဉ်းစားနေတာက မောင်ပုံအခုဖြစ်နေတာဟာ သူ့မိန်းမကို သူတစ်ဦးတည်းပိုင်ချင်တဲ့ GREED လား၊ ဖခင်လောင်း

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ဦးစီးတစ်ယောက်အနေနဲ့ မရှိမဖြစ်လိုအပ်တဲ့ NEED လား ဆိုတာပဲ''

ကိုရွှေကျိုးညိုက…

''မောင်ပုံကတော့ မရှိမဖြစ်လိုအပ်တဲ့ NEED လို့ ငါယုံပါတယ်''

''ဟုတ်တယ်၊ ကျွန်တော်လည်း အဲလိုပဲယုံတယ်၊ ဒါကြောင့် ဟို ဘိုးတော်ကြီး မျက်စိဖွင့်လာပြီး ဘာဆက်ဖြစ်မလဲဆိုတာကို စောင့်နေတာဗျ''

''အင်း…အဲဒီပုဂ္ဂိုလ်ကြီး မျက်စိဖွင့်လာတဲ့အခါ''

◆◆♥◆◆



## အခန်း (၈)

''ဆက်ပါဦး၊ မျက်စိဖွင့်လာတော့''

''မောင်ပုံမေးစရာရှိတာ မေးရတော့တာပေါ့''

''အင်း…ဟုတ်ပြီ၊ ဘာကိုစမေးလဲ''

''ဘိုးဘိုး နတ်ပြည်ရောက်ဖူးတယ်ဆိုတာ ဟုတ်သလား…: တဲ့''

''ဟုတ်တယ်တဲ့လား''

''ဟုတ်တယ်တဲ့၊ ဒီတော့ မောင်ပုံက အတွေ့အကြုံလေး ပြောပြပါဦး ဆိုတော့''

''ပြောလား''

ကိုရွှေကျိုးညိုက ကျွန်တော့်ကို စိတ်မရှည်သလို တစ်ချက်လှမ်းကြည့်ပါတယ်။ ခေါင်းငြိမ့်ပြတယ်။

''သူများတွေက နတ်ပြည်ကို သေမှရောက်တယ်လို့ ပြောတယ်၊ ဘိုးဘိုးကတော့ မသေပဲရောက်တယ်ပေါ့ ဟုတ်လား လို့ မောင်ပုံက မေးတယ်''

''ဒီတော့''

''သူကတော့ မသေဘဲရောက်တာလို့ ဂုဏ်ယူစွာ ပြောတယ်တဲ့''

''အင်း…ဆက်ပါဦး''

''ပြီးမှ သူ့အတွေ့အကြုံကို ဆက်ပြောပြတယ်၊ နတ်ပြည်အဝင်ဝ

www.burmeseclassic.com

www.burmeseclassic.com

မှာ တံခါးကြီး တစ်ခုရှိတယ်...တဲ့၊ သူ အဲဒီအပေါက်ကို ရောက်တော့ တံခါးကို ခေါက်လိုက်တယ်''

''ဖွင့်ပေးလား''

''အထဲက ပြန်မေးတယ်၊ ဘယ်သူလဲတဲ့''

''သူက ဘယ်လိုပြောလဲ''

''လှုပြည်က ဘိုးတော်ပါလို့ ဖြေသတဲ့၊ ဒီတော့ အထဲက 'မင်းနတ်ပြည်လာ မလို့လား'လို့ မေးတယ်''

''တံခါးဝပဲရောက်လို့ တံခါးခေါက်နေပြီ''

''ဩော်...ဒါကထုံးစံလေ၊ ဒါနဲ့သူက ဟုတ်တယ်လို့ ဖြေလိုက်တယ်''

''အဲဒီတော့ ထုံးစံအတိုင်းဖွင့်ပေးရောလား''

''ဟင့်အင်း...အခုလာတာ ဘာစီးလာလဲလို့ မေးတယ်''

''အင်း...ဟာ...ဘာစီးသွားရမှာလဲဗျ''

''အေး...မင်းတွေးတာ မှန်တယ်၊ သူလည်း ဘာမှစီးသွားတာ မဟုတ်လို့ ခြေကျင်ပဲလာတာလို့ ဖြေလိုက်သတဲ့''

''ဒီတော့''

''ဒီတော့ အထဲက ဝင်ခွင့်မပေးဘူး၊ နတ်ပြည်ကို လာနိုင်တဲ့ လူဟာတစ်ခုခုကို စီးလာနိုင်တဲ့ တန်ခိုးရှိရမယ်တဲ့၊ မဟုတ်ရင် ဝင်ခွင့်မပေးဘူးဆိုလို့ ပြန်ခဲ့ရတယ်တဲ့''

''ဟာ...''

''အေး...မောင်ပုံလည်း မင်းလို'ဟာ'ကနဲ ဖြစ်သွားတာပဲ၊ ဒါပေမဲ့ ပုဂ္ဂိုလ်ကြီးက လက်ကာပြတယ်''

''သူပြောတာ မပြီးသေးဘူးဆိုတဲ့ သဘောလား''

''ဒါပေါ့ အဲဒါနဲ့ မောင်ပုံလည်း မျှော်လင့်ချက်တွေ ပြန်ဝင်လာပြီး ဆက်နားထောင်လိုက်တယ်''

''ကဲ...ကဲ...ဆက်ပါဦး၊ ဘိုးတော်က ဘာတဲ့လဲ''

မောင်ပုံမပြောနဲ့ ကျွန်တော်တောင် မျှော်လင့်ချက်ရှိသွားသလို ခံစားရတယ်။



''ဘိုးတော်က သူ့အပြန်လမ်းမှာ အဲဒီနေ့မှာ သေပြီး နတ်ပြည် သွားမဲ့ သူ့သူငယ်ချင်းတစ်ယောက်နဲ့ တွေ့တယ်၊ ဒါနဲ့ သူကလှမ်းမေး လိုက်သတဲ့ 'မင်း ဘယ်သွားမလို့လဲ'ပေါ့''

''နတ်ပြည်လို့ ဖြေမှာပေါ့ဗျ''

ကွက်ကျော်ရိုက်တဲ့ ကျွန်တော့်ကို ကိုရွှေကျီးညိုက မကြည်ကြည့် ကြည့်ပါတယ်။ အေးအေးဆေးဆေး နားမထောင်ဘူးပေါ့။ သူ အရှိန် ပျက်တယ်ပေါ့။

''အေး...ဒါနဲ့ သူကပဲ သူငယ်ချင်းကို သတင်းပေးလိုက်သတဲ့၊ နတ်ပြည်က သူပြန်လာတာ မသွားနဲ့ လက်ခံမှာမဟုတ်ဘူးပေါ့''

''ဒီတော့''

''ဟိုက ပြန်မေးတာပေါ့၊ ဘာဖြစ်လို့လဲ တဲ့၊ ဒီတော့ သူက ရှင်းပြလိုက်တယ်၊ နတ်ပြည်ကို လာချင်ရင် တစ်ခုခုစီးလာမှ ဝင်ခွင့် ရမယ်ပေါ့''

''ဒီတော့ သူ့ သူငယ်ချင်းက ဘာပြန်ပြောသလဲ''

''သူ့ သူငယ်ချင်းက ထောက်ခံတယ်၊ နတ်ပြည်ကို ရောက်နိုင် မှတော့ ဘယ်သူကခြေကျင်လာမလဲ၊ တန်ခိုးရှိရမှာပေါ့လို့ ပြောတယ်''

''ဘာလဲ သူ့ သူငယ်ချင်းက စီးစရာပါလာလို့လား''

''မပါ ပါဘူး၊ အဲဒီတော့မှ နှစ်ယောက်သား ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ တိုင်ပင်ကြတာ''

''အကြံကောင်းရရောလား''

''လူ့ပြည်ပြန်ပြီး ယာဉ်တစ်မျိုးမျိုး ငှားရအောင်ကလည်း နည်းတဲ့ ခရီး မဟုတ်ဘူး၊ ဝေးတယ်၊ ဒီတော့ ပြန်ငှားစရာလဲမလို၊ ငါတို့လည်း နတ်ပြည်ရောက်အောင် မင်းကမြင်းလုပ်၊ ငါက စီးမယ်၊ ဘာစီးလာလဲ လို့မေးရင် လူမြင်းစီးလာတာပါဆိုရင် မင်းကောငါကော နတ်ပြည်ရောက် ရောလို့ သူ့ သူငယ်ချင်းက အကြံပေးတယ်''

''ဒါကို ဘိုးတော်က လက်ခံသလား''

''သူလက်ခံလိုက်တယ်တဲ့၊ သူကတောင် ချီးကျူးလိုက်သေး တယ်၊ 'ခင်ဗျားနဲ့ တွေ့ပေလို့'ဆိုပြီး လေးဘက်ထောက် မြင်းဝင်လုပ်

www.burmeseclassic.com

www.burmeseclassic.com

သတဲ့''

''--------''

ကျွန်တော်ဘာပြောရမှန်း မသိတော့လို့ ဘာမှမပြောလိုက်တာပါ...။ ဒါပေမဲ့ အဓိကက ...ဒီအဘိုးကြီး နတ်ပြည်ထဲဝင် သွားဖို့ပဲ မဟုတ်လား။ ဒါမှမောင်ပုံသိချင်တာသိရမှာလေ...။

''ဒီလိုနဲ့ စောစောက နတ်ပြည်တံခါးဝကြီးဆီ ရောက်သွားကြပြန်ရော အထဲကလည်း ထုံးစံအတိုင်းမေးတာပေါ့...ဘယ်သူလဲ...တဲ့''

''ဘယ်လိုပြန်ဖြေလိုက်သလဲ''

''လူ့ပြည်က ဦးပန်ကာပါလို့ ဖြေလိုက်တယ်...''

''အဲဒီတော့ ထုံးစံအတိုင်း နတ်ပြည်လာမလို့လားလို့မေးတယ် မဟုတ်လား...''

''ဟုတ်တယ်၊ ထုံးစံအတိုင်း ဘာစီးလာလဲလို့လဲ ဆက်မေးတယ်''

''ဒီတော့...''

''လူမြင်းစီးလာတာပါလို့ ဖြေတာပေါ့''

''အင်း...ခုတော့ တံခါးဖွင့်ပြီပေါ့''

''ဖွင့်ပြီ...ဒါပေမဲ့ အထဲကနတ်သားကပြောတယ်...''

''ဘာပြောလဲ...''

''ကောင်းပြီ ဦးပန်ကာ နတ်ပြည်ထဲဝင်ခဲ့...လူမြင်းကိုတော့ အပြင်မှာ ကြိုးနဲ့ချည်ထားခဲ့တဲ့...''

''ဟာဗျာ...''

မောင်ပုံကိုယ်စား ကျွန်တော်ဒေါသတွေ ထွက်နေမိတယ်၊ စိတ်ပေါက်ပေါက်နဲ့လည်း ရေရွတ်မိသေး...။

''ဒီလူ့ရူးများနေလား မသိပါဘူး...''

ဒီတော့ ကိုရွှေကျီးညိုက ရယ်ပါတယ်။

''အဲအဲ...သိပ်သေချာတာပေါ့၊ ဒီလူက အရူးကြီးဗျ၊ လိုင်းကြောင်သွားပြီး ရူးသွားတာကြာပြီ...တဲ့''

''မောင်ပုံတော့ ဒုက္ခပဲ''



''အင်း...ဒုက္ခပေါ့...ဒါပေမဲ့ သူ့ဒုက္ခတွေက ဆုံးခန်းတိုင်တော့မှာပါ''

မောင်ပုံဝမ်းသာမသာတော့ မသိဘူး။ ကျွန်တော်က ဝမ်းသာလွန်းလို့ ရင်ခုန်သံတောင်မြန်သွားတယ်။

''သူ...အဆင်ပြေတော့မှာလား''

''မောင်ပုံ...အဲဒီအရူးဆီက လှည့်ပြန်ခဲ့လိုက်တယ်...ဒီလိုနဲ့သူ ဈေးကြီးတစ်ဈေးထဲကို ရောက်သွားတယ်...''

''ဈေးက...ခင်ဗျားသွားတာလား၊ မောင်ပုံသွားတာလား''

မဆီမဆိုင်ဈေးက ဖြတ်ပါလာတာမို့ ဘုတောလိုက်တာပါ၊ ကိုရွှေကျီးညိုကတော့ ခပ်အေးအေးပါပဲ၊ သူ့ဘာသာသူ ဆက်ပြောတယ်...''

မောင်ပုံဟာဈေးထဲမှာ လှည့်ပတ်ကြည့်ရင်း အဖိုးကြီးတစ်ယောက်ကို သတိထားလိုက်မိတယ်

''ဘာဖြစ်လို့လဲ...''

''အဲဒီအဖိုးကြီးက ဈေးထဲမှာလှည့်ပတ်ဈေးဝယ်နေတာ၊ ဒါပေမဲ့ ဟိုဟာမဝယ်လို့ထားခဲ့ရ၊ ဒီဟာဈေးမေးပြီးချခဲ့ရ၊ ဈေးများလို့ဆစ်ရန်ချိတုံချတုံတွေ ဖြစ်ဖြစ်နေတာကို မောင်ပုံကသတိထားမိတယ်''

''ဒီတော့ မောင်ပုံက သနားပြီးဝယ်ပေးလိုက်ရောလား''

''ဟင့်အင်း...အဲဒီအဖိုးကြီး နောက်ကနေလိုက်သွားတယ်''

''ဘာဖြစ်လို့လဲ''

''ပညာရှိကြီးလို့ မောင်ပုံကထင်လို့လေ''

''မှတ်သားလောက်ပါတယ်''လို့ စိတ်ထဲကကျိတ်ပြီး ရေရွတ်မိတယ် တကယ်ပဲ ပညာရှိရင်ရှိပေါ့လို့လည်း မဆီမဆိုင် ဝင်တေးလိုက်သေးတယ်။

''အဲဒီအဖိုးကြီး အိမ်ရောက်ရောလား''

''အင်း...ဟုတ်တယ်၊ အဲဒီအဘိုးကြီးက သူထင်တဲ့အတိုင်း ပညာရှိကြီး ဖြစ်နေတာကို မောင်ပုံတွေ့လိုက်ရ၊ သိလိုက်ရတယ်''

''ဟာ...ကောင်းတာပေါ့ဗျ၊ ပျော်စရာကြီး''

''အေး...မောင်ပုံလည်း ပျော်သွားတာပေါ့ကွာ''

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ သူ ပညာရှိကြီးကို ဘာတွေမေးသလဲ"

"အဲ…အဲဒီမှာတင် ကြော်ငြာကဝင်လာတော့တာပဲ"

ကိုရွှေကိုးညိုက မိန့်မိန့်ကြီးပြောပါတယ်

"ဟာ…ဗျာ…"

ကျွန်တော်ကတော့ သူ့ကြော်ငြာကို စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ ပေဖြစ်တဲ့ဘဝမှာတော့ ဆယ့်နှစ်လက်မပြည့်အောင် သည်းခံစောင့်ရတော့မှာပေါ့။ (ဆယ့်နှစ်လက်မကို တစ်ပေလေ)

"ဒီတစ်ခါ ဘာကြော်ငြာမှာလဲ…"

"ဘဏ်ကြော်ငြာမှာ…"

"ဘာဘဏ်လဲ…"

"ပုဂ္ဂလိကဘဏ်ပါကွာ…"

"ဘယ်လိုကြော်ငြာမှာလဲ…"

"ကလေးတစ်ယောက် ငွေဒင်္ဂါးပြားတစ်ပြားကို မျိုချလိုက်မိတဲ့ ပုံကိုရိုက်ပြမယ်ကွာ…"

"ဟင်…ကလေးက ငွေဒင်္ဂါးကြီးမျိုမိတယ်…ဟုတ်လား"

"ဟုတ်တယ်…"

"ဟင်…အဲဒါဆို သူ့အမေတွေက ဘာလုပ်သလဲ"

"ငွေဒင်္ဂါးကို ဒီကောင်ကမျိုလိုက်တော့၊ သူ့အမေက လောလော ဆယ် ငွေစက္ကူတွေသုံးနေရတာပေါ့ကွာ…"

"ဟင်…ခင်ဗျားဟာကလဲ"

"မဟင်နဲ့ ဒီကောင်က ငွေဒင်္ဂါးမျိုပြီး၊ ကြီးလာတဲ့ကောင်ဆိုတော့ နောက်ဆုံးမှာ သူဌေးကြီး ဖြစ်သွားတယ်"

"ခင်ဗျား ကြော်ငြာကအဲဒါပဲလား၊ ဘဏ်နဲ့ဘာဆိုင်လဲ"

"ငွေကို သူ့ဗိုက်ထဲသူ့ထည့်မျိုထားမှတော့ အဲဒီဗိုက်ကကို ပုဂ္ဂလိကဘဏ် ဖြစ်နေတာပေါ့ကွာ၊ အဲဒါတွေကို ပြပြီးမှဘဏ်နာမည်ကို စာတမ်း ထိုးမယ်"

"ဩော်…ဩော်…မဖွယ်မရာကို၊ ပြောင်မြောက်တာပါပဲဗျာ"

"ဘာဖြစ်ဖြစ်ကွာ၊ ငါကတော့ အဲဒီတိုင်းကိုကြော်ငြာပြီ…ဒါပဲ"



"ကဲ…ကဲ…ကြော်ငြာက ပြီးပြီမဟုတ်လား။ ပြီးရင်…ဇာတ်လမ်း ဆက်တော့…"

ကိုရွှေကိုးညို ဒီတစ်ခါတော့ မငြိုမငြင်ဘဲ ဇာတ်လမ်းကို ဆက်ပါ တယ်"

"ဘယ်ရောက်သွားပြီလဲ…"

"ပညာရှိကြီးအိမ်လေ…"

"အေး…ပညာရှိအဖိုးအိုကို မောင်ပုံက၊ ဆွေးနွေးတိုင်ပင်ခွင့်ပြု ပါလို့တောင်းပန်တယ်"

"အဘိုးကြီးက ခွင့်ပြုလား"

"ခွင့်ပြုပါတယ်၊ မင်း ဘာမေးချင်၊ တိုင်ပင်ချင်လို့လဲ လို့မေးလိုက် တယ်"

"ဒီတော့ မောင်ပုံက သူ့မိန်းမကိစ္စ ပြောရောလား"

"ဒါပေါ့ သူ့မိန်းမကို နတ်က တော်ကောက်တဲ့အတွက် မကြာခင် နတ်နဲ့ လက်ထပ်ရတော့မှာဖြစ်တဲ့အကြောင်းပြောတယ်"

"အဘိုးကြီးကဘာပြန်ပြောလဲ"

"မဖြစ်နိုင်တာတဲ့"

"ဘာလို့လဲ"

"နတ်သားဆိုတာ နတ်သမီးတစ်ဖက် လေးငါးရာနဲ့ သူ့ဘာသာ သူ့တောင် အားတာမဟုတ်ဘူး…တဲ့…"

"မောင်ပုံက ဘာပြောလဲ"

"မောင်ပုံကလည်း ငြင်းတာပေါ့…တကယ်…မကြာခင် လက် ထပ်ဖိတ်စာတောင် ရတော့မှာလို့ ပြောတာပေါ့"

"အဲဒီတော့…"

"ဒါလည်း အဘိုးကြီးက ငြင်းနေတုန်းပဲ"

"ဘာလို့တဲ့လဲ"

"နတ်တွေဆိုတာ လူနံ့ကို ခံနိုင်တာမဟုတ်ဘူးတဲ့"

"လူစော်နံတယ်ပေါ့"

"အစစ်ပဲ ယူဇနာတစ်ရာလောက်ကကို နံသတဲ့၊ အဲဒီလိုယူဖို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပိုမဖြစ်နိုင်ဘူးပေါ့''

''ဒါလည်းဟုတ်တာပဲ ကိုရွှေကျီးညို့ရဲ့''

မောင်ပုံလည်း ဟုတ်သလိုလိုထင်တာပါပဲ၊ ဒါပေမဲ့ တကယ်တမ်းကျတော့ သူ့မိန်းမက နောက်တစ်ပတ်ထဲလောက်ကိုပဲ နှတ်နဲ့လက်ထပ်ရတော့မှာလေ။

''ဒီတော့ မောင်ပုံကထပ်ငြင်းရောလား''

''အင်း...ငြင်းတာထက် စောဒကတက်တာပေါ့ကွာ''

''ဟုတ်တယ်အဘိုးရဲ့၊ ရှေ့တစ်ပတ်လောက်ကိုပဲ သူတို့နှတ်လိပ်ပြာအပ်ပွဲဆိုလား ဘာဆိုလား၊ လက်ထပ်ပွဲလုပ်ကြတော့မှာ'' လို့ပြောလိုက်တယ်...အဲဒီတော့မှ...

''ဘာဖြစ်လဲ''

''အဘိုးကြီးက ''နှတ်လိပ်ပြာအပ်ပွဲ'' ဆိုရင်တော့ ဖြစ်နိုင်တယ်တဲ့''

''အဲဒီတော့ ...''

''အဲဒီတော့ မောင်ပုံဆတ်ခနဲ ဖြစ်သွားတာပေါ့ကွာ၊ သူခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ မြည်သွားတယ်၊ ဒါဆို အဘဆီမှာ ကျွန်တော်အကြံကောင်းလေးများရနိုင်သလားလို့ မေးလိုက်တယ်''

ဆက်မပြောဘဲ စာရွက်တွေထုတ်ပေးပြန်တယ်။



''ဘယ်လိုအကြံကိုပဲပေးပေး...

တို့တောင်းပါစေ...''

''ဟိုးရစ်''

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရေ…

ဆရာကြီး ဟိုးရစ်ကတော့ အဲလိုပြောတယ်…

အကြံပေးစကားကို လို၊ တို၊ ရှင်း၊ ကြားရရင်…

အများကြီး ကောင်းမှာပေါ့…

ဒါပေမဲ့…

ဝါကျတွေ စကားလုံးတွေတိုတိုသုံးပြီး…

(အဲဒီအကြံပေးသူက…)

''လျှာ''ရှည်နေရင်ရော လွယ်ပါ့မလား…။



''ဗျို့…ကိုရွှေကျီးညို''

''ဘာတုံးဗျ ကိုအတာရဲ့''

''မောင်ပုံ့ကိစ္စကလည်း ကြာလေခွကျလေပဲ့လားဗျ''

''ခွကျရင်ခါးကို ကွထားလိုက်ပေါ့ဗျာ…အဲအဲ…အဲအဲ…''

လူရွှင်တော်တွေကျနေတာပဲ၊ ကျွန်တော်တို့ အတိုင်အဖောက်ညီနေလိုက်ကြတာလေ၊ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ရယ်မိတယ်။ ပြီးမှ ကိုရွှေကျီးညိုက မျက်နှာတည်တည်နဲ့…

''ဟော့ကောင်…မင်း…မောင်ပုံ့ကို နည်းနည်းမှ မသနားမိဘူးလားကွာ''

''သနားတာပေါ့ဗျာ သူ့ခမျာ တော်တော်စိတ်မောရမှာ''

''ဟုတ်တယ်၊ အလင်းရောင်အောက်မှာ တစ္ဆေခြောက်သလိုမျိုးကြီး''

''အင်း…ဟုတ်တယ်…ဒါပေမဲ့ တစ္ဆေဆိုတာလည်း လိုတော့လိုအပ်တာပါပဲဗျာ''

ကိုရွှေကျီးညိုက ကျွန်တော့်ကိုအူယားသလိုကြည့်တယ်။

''မင်းကသာ လိုအပ်နေ ငါကတော့ တချို့သြောင်ပင်တွေဆိုရင် မသွားရဲ မနားရဲဘူး''

''ဘာဖြစ်လို့တုန်းဗျ''

www.burmeseclassic.com

www.burmeseclassic.com

"ဟို…ဝေလေလေဆိုတဲ့ ညောင်ပင်တစ္ဆေကြီးက အတော်နာမည်ကြီးတာကိုကွ" ကျွန်တော့်မှာ ရယ်ရသေးတော့တယ်။ ပြီးမှ…

"မဟုတ်တာ လုပ်ထားတဲ့သူက လိပ်ပြာမလုံဘူးဗျ၊ သူလုပ်ထားတဲ့ ကိစ္စတွေကသူကို တစ္ဆေလိုပြန်ခြောက်နေကြတယ်…အဲဒီနေရာမှာ…လူကဆိုးပြီး တစ္ဆေက ကောင်းတယ်ဗျ"

"ဟော…အဲဒါဆို မင်းဆိုလိုတာက…"

"တစ္ဆေဆိုးတွေကိုတော့ ကျွန်တော်လည်း မကြုံဖူးပါဘူး၊ တစ္ဆေကောင်းတွေရဲ့ ခြောက်လှန့်မှုကတော့ လိုအပ်တယ်"

"ဒါ…မင်း…အခု…မောင်ပုံ့ကို တစ္ဆေကောင်းတွေခြောက်လှန့်နေတယ်လို့ မင်းဆိုလိုတာလား"

'ကောင်းတဲ့တစ္ဆေလား၊ ဆိုးတဲ့တစ္ဆေလား ဆိုတာကတော့၊ ခင်ဗျားဆက်ပြောမှ ဝေခွဲတတ်မှာပေါ့။ ဝေလိုက်၊ ခွဲလိုက်တယ်ဆိုကတည်းကတော့ အပြည့်အဝ မရှိတော့ဘူး။ ဒါကြောင့် ကျွန်တော် တစ်စွန်းတစ်စကိုပဲ ပြောနိုင်လိမ့်မယ်"

◆◆♥◆◆



အခန်း( ၉ )

"မင်းဆီက တစ်စွန်းတစ်စရဖို့ ငါ့ဇာတ်လမ်းကို ဆက်ရတော့မှာပေါ့"

"အဘိုးကြီးကဘာပြောလဲ…"

"နတ်ပြည်နဲ့ပတ်သတ်လို့ သိထားရမယ့် အချက်တွေကို သူအရင်ပြောပြမယ်တဲ့ ဒါမှမောင်ပုံ ဆင်ခြင်တွေးတောနိုင်မှာပေါ့"

"အင်း…ဟုတ်တယ်…ခုမှပဲ မောင်ပုံလည်း တကယ့်ပညာရှိနဲ့တွေ့တော့တာပဲ…ကဲ…ပြောပါဦး နတ်တွေအကြောင်း ကျွန်တော်လည်း သိချင်တယ်"

"အဘိုးကြီးကပြောတယ် နတ်တွေဟာ လူတွေလို မျက်တောင်မခတ်ဘူးတဲ့"

"ဟုတ်လား ဒါဆို မျက်လုံးကြောင်ကြောင်ကြီး ဖြစ်နေမှာပေါ့"

ကိုရွှေကျီးညိုက ကျွန်တော့်ကို လည်လိမ်ပြီး မျက်လုံးစွေကြည့်ပါတယ်။ ပြီး…သူ့ဘာသာသူ ကျွန်တော့်စကားကို မကြားသလို ဆက်ပြောနေတယ်။

"နောက်တစ်ချက်က နတ်တွေအားလုံးဟာ ပါဠိဘာသာစကားနဲ့ပဲပြောကြတယ်တဲ့"

"ဟာ…ဟုတ်လား…ဒါဆို ကျွန်တော့်သူငယ်ချင်းရဲ့အဖေကကြီးဟာ ပါမောက္ခ ဦးညီဝင်းတဲ့…သူဆို နတ်တွေနဲ့ စကားပြောလို့ရမှာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

ကိုရွှေကျီးညိုက ဘုတောပါတယ်။

"နောက်…နတ်တွေသေရင် အသုဘအလောင်းမကျန်ရစ်ခဲ့ဘူး။ ဆီမီး လိုချုပ်ငြိမ်း ပျောက်သွားတတ်တယ်တဲ့"

"အင်း…"

"နတ်တွေရဲ့ခန္ဓာဟာ ကမ္ဘာဓာအားကြီးပြီး နူးညံ့လွန်းတာကြောင့် အစာစားချိန်မစားဘဲ အချိန်လွန်သွားရင် စုတေတတ်တယ်လို့လည်းပြောတယ်တဲ့"

"အစာအိမ်ရောဂါ တစ်မျိုးလားမသိဘူးနော်"

"မောင်ပုံတောင် ပညာရှိနဲ့တွေ့ရင် ဘယ်လိုနေရမယ်ဆိုတာသိတယ်"

ကျွန်တော်ခံလိုက်ရတာပါ။ ကျွန်တော်က မသိဘူးပေါ့၊ ကိစ္စမရှိပါဘူး ကျွန်တော်က ပညာရှိအဘိုးအိုနဲ့ တွေ့တာမှမဟုတ်တာ၊ နာရေတာ ရွှေကျီးညိုနဲ့ တွေ့တာပဲ။

ပြီး…အဘိုးကြီးကဆက်ပြောတယ်…

"နတ်သား၊ နတ်သမီး တစ်ယောက်ရဲ့ နတ်ဝတ်တန်ဆာတွေဟာ လှည်းအစီး(၆၀)တိုက်ရှိတယ်တဲ့၊ ဒီတော့ မင်းမိန်းမနဲ့ယူမယ်ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲလို့မေးတယ်"

"အဲဒီတော့ မောင်ပုံကဘာပြောလဲ"

"ဘာမှတော့ မပြောဘူး၊ သူအိမ်ရှေ့နေရာလွတ်ကလေးဟာ လှည်းအစီး(၆၀) မပြောနဲ့၊ (၆)စီးတောင်မရပ်နိုင်ဘူးလို့တော့ တွေးနေတယ်"

"ဒါလည်းတွေးသင့်တာပဲ"

"အေး…ဒီ့ထက်ဆိုးတာက၊ အဘိုးကြီးရဲ့ နောက်စကား တစ်ခွန်းပဲ"

"ဘာများလဲ"

"နတ်ပြည်ကနတ်သားအားလုံးဟာ ရွယ်တူတွေပဲ၊ အားလုံး သုံးဂါဝုတ်ပမာဏရှိတယ်တဲ့"



"သုံးဂါဝုတ်ဆိုတာ ဘယ်လောက်ရှိလဲ"

"သုံးဂါဝုတ်ဆိုတာ ကိုးမိုင်နဲ့ညီမျှတယ်ကွ"

"မြတ်စွာဘုရား၊ ဒီတော့မောင်ပုံက ဘာပြောလဲ"

"မင်းလိုပဲ ဘုရားတတယ်၊ ဘုရား ဘုရား မောင်ပုံတော့မလွယ်ဘူးလို့ရေရွတ်တယ်"

"ဟားဟား…"

"အားအား…"

"ဒါ…ကျွန်တော်နဲ့ ကိုရွှေကျီးညို သံပြိုင်ရယ်လိုက်တာပါ"

"ဒါကြောင့် အဘိုးကြီးက မဖြစ်နိုင်ဘူးလို့ ပြောတာပေါ့ကွ၊ အဘိုးကြီးရဲ့ စကားကဒီမှာတင်မပြီးသေးဘူး"

"အင်း…ဆက်ပါဦး"

"အသူရာနတ်ပြည်က ကိုယ်ခန္ဓာကြီးမားတဲ့နတ်သားကြီး တစ်ပါးအကြောင်း ဆက်ပြောတယ်"

"ဟုတ်လား…ဘာနတ်သားလဲ"

"ရာဟုအသူရိန်တဲ့"

"သူက ဘယ်လောက်တောင်ကြီးလို့လဲ"

"သူ့ရဲ့အတိုင်းအထွာကို ပြောပြမယ်၊ နားထောင်…"

အရပ်က…ယူဇနာ(၄၈၀၀)

လက်မောင်းနှစ်ဖက်ကြားက …ယူဇနာ (၁၂၀၀)

လုံးပတ်က…ယူဇနာ(၆၀၀)

သားမြတ်နှစ်ဘက်ကြားက…ယူဇနာ (၆၀၀)

ခြေဖဝါး လက်ဖဝါးပြင်က…ယူဇနာ (၃၀၀)

လက်ချောင်းလက်ဆစ်တစ်ခုက…ယူဇနာ (၅၀)

မျက်မှောင်နှစ်ဖက်ကြားက…ယူဇနာ (၅၀)

နဖူးပြင်က…ယူဇနာ (၃၀၀)

ဦးခေါင်းက…ယူဇနာ (၉၀၀)

ခံတွင်းအကျယ်က…ယူဇနာ (၂၀၀)

ခံတွင်းအနက်က…ယူဇနာ (၃၀၀)

www.burmeseclassic.com

www.burmeseclassic.com



ခံတွင်းအဝင်က…ယူဇနာ (၃၀၀) လောက်စီရှိသတဲ့"

"နေပါဦး ကိုရွှေကြီးညိုရဲ့ တစ်ယူဇနာဆိုတာကရော ဘယ်လောက်ရှိသလဲ၊ ခုခေတ်အတိုင်းအတွာနဲ့လေ"

"တစ်ယူဇနာကို ၁၂ မိုင်ရှိတယ်တဲ့ကွ"

"ခင်ဗျာ"

ခုနက သူပြောတဲ့ ယူဇနာတွေကို (၁၂)နဲ့ မြှောက်မကြည့်ရသေးပါဘူး။ မြှောက်များမြှောက်မိရင်…

"အဲဒီ ရာဟုသူရိန်နတ်သားကြီးဟာ ဘယ်လောက်တောင်ကြီးသလဲဆိုရင် သမုဒ္ဒရာထဲဆင်းရင်တောင် သမုဒ္ဒာရေဟာ ဒူးလောက်ပဲနက်တယ်တဲ့"

ကိုရွှေကြီးညိုကတော့ ကျွန်တော်ဘာတွေ တွေးနေတယ်ဆိုတာကို သိပုံမပေါ်ပါဘူး။ သူ့ဘာသူ ဆက်ပြောနေပါတယ်။

"တော်ပါတော့ဗျာ ဒီလောက်ဆို မောင်ပုလည်း သဘောပေါက်မှာပါ၊ ဒါပဲလား…နတ်ပြည်အကြောင်း တခြားဘာမှကောင်းကောင်းကန်းကန်းမပြောပြဘူးလား"

"လာမယ်လေ မလောပါနဲ့ကွ အဘိုးကြီးကနတ်ပြည်ရဲ့ ခန်းနားတင့်တယ်၊ ဆန်းကြယ်ပုံတွေကိုလည်း ပြောပြပါသေးတယ်"

"အင်း…လုပ်ပါဦး"

"နတ်ပြည်မှာ "ပင်လယ်ကသစ်ပင်" ဆိုတာရှိတယ်တဲ့"

"ဟုတ်လား"

"အဲဒီပင်လယ်ကသစ်ပင်ဟာ၊ ထက်ဝန်းကျင်ယူဇနာ(၃၀၀) ရှိပြီး အပူကို ဖုံးလွှမ်းပေးထားတယ်တဲ့"

လာပြန်ပြီ ဒီယူဇနာလို့ စိတ်ထဲကြိတ်ရေရွတ်မိပါတယ်။ တော်သေးတယ်၊ ဒီတစ်လုံးထဲနဲ့ပြီးသွားလို့။

"ပင်လယ်ကသစ်ပန်းပွင့်တဲ့အခါ နတ်တွေလာစောင့်ရှောက်တယ်တဲ့၊ ပင်လုံးကျွတ်ပွင့်ရင် ကသစ်ပင်ရဲ့အလင်းရောင်ဟာ အဝေးကြီးပျံ့နှံ့တယ်၊ ပန်းရနံ့ကလည်း လေအောက်ဘက် အတော်ဝေးဝေးထိ သင်းပျံ့တယ်တဲ့"



ကျွန်တော်တောင် ပန်းရနံ့တွေကို ရလာသလို ခံစားလိုက်ရတယ်။ ဒါကြောင့်…

"လူပြည်ကရော ရလား"

ကိုရွှေကြီးညိုက မျက်စောင်းတစ်ချက် ထိုးပါတယ်။ အဓိပ္ပါယ်ကတော့ သူလည်းမသိဘူးလို့ ကျွန်တော်ဘာသာကျွန်တော် ကောက်ယူလိုက်ပါတယ်

"နောက် နတ်တွေက ကသစ်ပန်းကို ခူးချင်ရင် အပင်ပေါ်တက်ခူးစရာ မလိုဘူး"

"တံချူနဲ့ခူးတာပေါ့"

"တံချူလည်း မလိုဘူး၊ ဘာမှမလိုဘူး၊ လေတွေက အလိုအလျောက်ခူးပေးတယ်"

"ဘယ်လို…လေက ခူးပေးတယ်"

"ဟုတ်တယ်၊ နတ်ပြည်မှာ လေငါးမျိုးရှိတယ်"

"ပြောပါဦး"

"ပန်းခူးတဲ့လေက အပင်ပေါ်တက်ပြီး ပန်းတွေကို ခြွေချပေးတယ်။ ကြွေကျလာတဲ့ပန်းတွေကို ခံယူတဲ့လေက ပန်းတောင်းတွေလို ခံယူထားတယ်"

"တယ်ဟုတ်ပါလား"

"နတ်သဘင်ထဲကို ယူဆောင်သွင်းတဲ့လေက ပန်းတွေကို ယူသွင်းပေးတယ်၊ တံမြက်လှည်းတဲ့လေက ပန်းဟောင်းတွေကို လှည်းထုတ်ပေးတယ်၊ အဲ…နောက်ဆုံး ပန်းခင်းတဲ့လေကတော့ အရွက်၊ အခက်၊ အပွင့်တွေကို နေရာလပ်မရှိအောင် စေ့စေ့စပ်စပ်ခင်းကျင်းပေးတယ်"

"ပီပြင်တယ်ဗျ နော်၊ ဆက်ပြောပါဦး"

"ဘာဆက်ပြောရမှာလဲ၊ ဒါပဲ လေငါးမျိုးပြည့်ပြီလေ၊ အဲ့ဒီမှာတင် မောင်ပုက သူ့မိန်းမနဲ့ပါတ်သက်တာကို ဖြတ်မေးတယ်"

"အင်း…ဘာမေးတာလဲ"

"နေဦး…ကြော်ငြာလေကွာ"

"မကြော်ငြာနဲ့၊ နတ်တွေရဲ့ ဇီဝိုအာဟာနဲ့ …ားတယ်၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com

နတ်ပြည်အကြောင်း အထူးအစီအစဉ်''

ကျွန်တော့်စကားကြောင့် ကိုရွှေကျီးညို နတ်သီးကြီးကို ရှေ့သို့ ချွန်ထုတ်လိုက်တယ်။ အမှန်က နှုတ်ခမ်းစူတာပါ။ သူ့မှာက နှုတ်သီးပဲ ရှိတာကိုး။

မကျေမနပ်နဲ့ပဲ ဆက်ပါတယ်။

''မောင်ပုံက သူ့မိန်းမဟာ ရှေ့တစ်ပတ်ထဲမှာ နတ်နဲ့လက်ထပ်ဖို့ စီစဉ်ထားတာက သေချာသလောက် ဖြစ်နေပြီ၊ ဒီအတွက် ဘိုးဘိုးက ကျွန်တော်ဘာလုပ်ရမလဲဆိုတာ လမ်းညွှန်ပါလို့ ပြောတယ်''

''အဲဒီတော့ ဘယ်လိုလမ်းညွှန်သလဲ''

''လမ်းမညွှန်သေးဘူး ပုံတစ်ပုံပြောပြပြီးပြီ၊ သူမေးစရာရှိတာမေး လေ''

''ဘာပုံလဲ...''

''တစ်ခါက တာဝတိံသာနတ်ပြည်မှာ၊ မာလာဘာရီ အမည်ရှိတဲ့ နတ်သားတစ်ပါးဟာ နတ်သမီးတစ်ထောင်ခြံရံပြီး ဥယျာဉ်ထဲမှာ ပန်းခူး ထွက်ကြတယ်တဲ့...''

''သြော်...နတ်သမီးတစ်ဘက်ငါးရာဆိုတာ ဒါကိုပြောတာ ကိုး...''

''အင်း...နတ်သမီးငါးရာကခူးချပြီး ငါးရာကပန်းကောက်ကြသ တဲ့၊ အဲဒီမှာ ပန်းခူးနေရင်း နတ်သမီးတစ်ပါးဟာ သစ်ပင်ပေါ်မှာ သေဆုံး သွားတယ်တဲ့ ဆီမီးလိုချုပ်ငြိမ်းသွားတာပေါ့''

''အဆာလွန်လို့နဲ့ တူတယ်နော်''

ကိုရွှေကျီးညိုက ကျွန်တော့်ကို ဘာမှမတုံ့ပြန်ပါဘူး။

''အဲဒီနတ်သမီးဟာ သာဝတ္ထိမြို့သူတစ်ယောက်ရဲ့ဝမ်းမှာ ဝင်စား ပြီးမွေးတဲ့အခါ ဇာတိဿရဉာဏ်ကိုရတာကြောင့် မာလာဘာရီနတ်သားရဲ့ မယားဖြစ်ခဲ့တာကို သတိရပြီး၊ ကြီးပြင်းလာတဲ့အခါ ရတနာသုံးပါးကို ပန်းနံ့သာ စတာတွေနဲ့ ပူဇော်ဆုတောင်းပြီး သူ့လင် နတ်သားဆီပြန် ရောက်ဖို့ အမြဲဆုတောင်းသတဲ့...''

''အင်း...ဟုတ်ပါပြီ...အဲဒီတော့...''

''အဲဒီတော့၊ မယ်ပုံကရော အဲလိုများလားလို့ မေးတယ်''



''ဒီတော့ မောင်ပုံကဘာပြောလဲ''

''ကျွန်တော် ဒီလောက်ကံမကောင်းပါဘူး...လို့ပြောတယ်၊ မယ်ပုံ ဟာလည်း ဘယ်နတ်သမီး သေလို့မှဝင်စားတာ မဖြစ်နိုင်ဘူး...လို့ ငြင်းတာပေါ့''

''အဲဒီတော့...''

''အဘိုးကြီးလည်း ဘာပြောရမှန်း မသိတော့ဘူးပေါ့''

''မောင်ပုံကရော...''

''မောင်ပုံကထပ်မေးတယ် နတ်လိပ်ပြာအပ်ပွဲက လုပ်တော့မှာ သူဘာလုပ်ရင်ကောင်းမလဲပေါ့''

''အဲဒီတော့...''

''သိကြားမင်းကို တိုင်ရမယ်...လို့ပြောတယ်''

''နတ်သဘင် အစည်းအဝေးမှာ သိကြားမင်းကို တိုင်လို့ရတယ် ပေါ့''

''သိကြားမင်းက တရားသဖြင့် ဆုံးဖြတ်ပေးနိုင်တယ်ပေါ့...ဟုတ် လား''

''ဒါပေါ့၊ သိကြားမင်းဟာ ကျင့်ဝတ်(၇)ပါးနဲ့ ညီတဲ့သူပဲ...အဲဒီ ကျင့်ဝတ်တွေက ''မိဘပြုစု၊ ကြီးသူကျိုးနွံ.....'' အဲဒီလိုလဲဆိုရော မောင်ပုံ က ဖြတ်မေးတယ်''

''ဘာမေးတာလဲ''

''ကြီးသူကျိုးနွံဆိုတော့ သိကြားမင်းက ယောက္ခမစကားရော နားထောင်လားတဲ့''

''ဒီတော့...''

''အဘိုးကြီးက ''နားထောင်တာပေါ့'' တဲ့''

''မောင်ပုံက ''ဟာ...ဒါဆိုမဖြစ်ဘူး'' လို့ဝင်ပြောသတဲ့''

''ဘာလို့လဲ...''

''မောင်ပုံက သူယောက္ခမစကား နားမှမထောင်တာ၊ မထောင် နိုင်လို့ကို ဒီပြဿနာဖြစ်တာ မဟုတ်လား''

''ဒီတော့ အဘိုးကြီးက ဘာပြန်ပြောလဲ...''

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး၊ သိကြားမင်းက တရားမျှတပါတယ်တဲ့..."

"အင်း...တော်သေးတာပေါ့"

"အဲဒီမှာ အဘိုးကြီးကဆက်မေးတယ်၊ မင်းမိန်းမ မယ်ပုံက ဘယ်သူ့စကား နားထောင်သလဲ၊ ဘယ်ဘက်ကပါလဲလို့မေးတယ်"

"မောင်ပုံက ဘယ်လိုဖြေလဲ"

"မောင်ပုံက သူ့မိန်းမက ဘယ်ဘက်ကမှမပါဘူး ကြားထဲကပဲလို့ဖြေတယ်..."

"အဲဒီလိုဆိုရင် သိကြားမင်းက ဘယ်လိုဆုံးဖြတ်ပေးမှာတဲ့လဲ"

"အဲဒီတော့၊ အဘိုးကြီးက မောင်ပုံကိုပြောပြတယ်၊ နတ်ပြည်မှာ နတ်အသစ်ပေါ်ရင် ကိုယ့်ဘုံဗိမာန်ထဲဆိုရင်တော့ အငြင်းပွားစရာ မရှိဘူးပေါ့... နတ်တွေရဲ့ ပိုင်နက်အကြားမှာ ပေါ်ခဲ့ရင်တော့ သူပိုင်တယ်၊ ငါပိုင်တယ် အငြင်းပွားကြသတဲ့၊ အဲဒီအငြင်းပွားလို့မှ မပြီးရင် သိကြားမင်း ဆီသွားပြီး အဆုံးအဖြတ်ခံယူကြတယ်တဲ့"

"အဲဒီတော့ သိကြားမင်းက ဘယ်လိုဆုံးဖြတ်သလဲ"

"သိကြားမင်းက အဲဒီ အသစ်ပေါ်လာတဲ့ နတ်နဲ့နီးတဲ့ ဘုံဗိမာန်ရှင် နတ်သားကို ပေးတယ်တဲ့"

"ဟင်...ဒါဆို...ဘယ်ဘက်နဲ့မှမနီးဘဲ၊ ဘယ်ဘက်ကတိုင်းတိုင်း ဗိမာန်နှစ်ခုရဲ့ အလယ်တည့်တည့် ရောက်နေတဲ့ နတ်အသစ် ကျတော့ ရော..."

"အဲလိုဆိုရင် မျက်နှာမူတဲ့ဘက်က ဗိမာန်ရှင်ကိုပေးတယ်"

"ဘယ်ဘက်မှမျက်နှာ မမူရင်ရော..."

"အမူပြတ်သွားအောင် သိကြားမင်းပဲသိမ်းလိုက်တာပေါ့ကွာ"

"ခင်ဗျာ...ဒါဆို...ဘယ်ဘက်မှမပါတဲ့ မယ်ပုံအတွက်တော့ ဒုက္ခပဲ...သိကြားမင်းက...သိကြားမင်းက..."

"ဒါပေါ့..."

"မောင်ပုံအတွက်ကတော့ မျှော်လင့်ချက် နည်းနေပြီ"

"ကိုရွှေကျီးညိုက ဘာမှပြန်မပြောပါဘူး၊ စာရွက်တွေထုတ်ပေး ပြန်ပါတယ်"



"မျှော်လင့်ချက်ဆိုတာ...

ကောင်းမွန်တဲ့ နံနက်စာဖြစ်သလို...

ညံ့ဖျင်းတဲ့ ညစာလည်းဖြစ်တယ်..."

"ဖရန်စစ်ဘေကွန်"

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရေ…

ပညာရှင်ကြီး "ဖရန့်စစ်ဘေကွန်"ရဲ့ အဲဒီစကားကို

ကိုယ်တို့တွေ ဖြည့်စွက်စဉ်းစားကြမယ်။

မျှော်လင့်ချက်ဆိုတာ…ညံ့ဖျင်းတဲ့ ညစာပဲဖြစ်ဖြစ်

ကောင်းမွန်တဲ့ မနက်စာပဲဖြစ်ဖြစ်…

သေချာတာကတော့…

မျှော်လင့်သူဆိုတာ…ခံတွင်းပျက်နေတဲ့သူပဲ…။



"မောင်ပုံက ဖွဲ့တော့အကောင်းသားဗျ…"

"အေးကွ ဒီကောင်ကပစ်တိုင်းထောင်ပဲ…"

ကျွန်တော်က ရှုတည်တည်ပြန်မေးလိုက်တယ်။

"ပစ်တိုင်းထောင် ဘာပစ်တိုင်းထောင်လဲ…"

"ဟင်…မင်းကလဲ…ပစ်တိုင်းထောင် တောင်မသိဘူးလား ဘယ်လိုပစ်ချပစ်ချ မလဲတဲ့အရုပ်လေ…"

ကျွန်တော်က ခုမှသိလိုက်သလိုမျိုး ဟန်နဲ့ပန်နဲ့ပြုံးလိုက်တယ် ပြီး…

"ကျွန်တော်ဆိုရင်တော့ အဲလိုပစ်တိုင်းထောင်ရုပ် မဖြစ်ချင်ပါဘူးဗျာ…အပေါ်ရှုး၊ အောက်ကားကြီးပုံပျက် ပန်းပျက်…"

"ဟေ…"

"ကျွန်တော်ကယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အောက်ပိုင်းသိပ်ကြီးရင် မကြိုက်ဘူးဗျ…အဲဒီအရုပ်ကလည်း အဲဒီအတိုင်းပဲ၊ မောင်ပုံကို အဲဒီအရုပ်နဲ့တော့ မနှိုင်းပါနဲ့ဗျာ…"

"ဟင်…ဒါဖြင့်…ငါဘယ်လိုဆက်ပြောရပါ့မလဲ"

"ဘယ်လိုပစ်ချပစ်ချ မလဲတဲ့၊ ပစ်တိုင်းထောင်ဆိုတာက ဒီလောက်ဂုဏ်ယူစရာမကောင်းပါဘူးဗျ…လဲပြီး အကြိမ်ကြိမ်ပြန်ထနိုင် တဲ့သူကမှ ဂုဏ်ယူစရာကောင်းတာ"

www.burmeseclassic.com

www.burmeseclassic.com



''ဩော်...အဲဒီလိုလား''

''ဟုတ်တယ် ခုနစ်ကြိမ်လဲရင် ရှစ်ကြိမ်ပြန်ထမယ်ဆိုတဲ့ လူမျိုးကမှ ချီးကျူးစရာကောင်းတာ...''

''မောင်ပုံက အဲလိုလူမျိုးလား...''

''မပြောနိုင်သေးဘူး၊ စောင့်ကြည့်ရမှာပဲ ခုထိတော့ မဆိုးပါဘူး''

''ဆိုးတာက ဘယ်သူတုန်း''

''သူယောက္ခမပေါ့ဗျာ၊ တစ်ကယ်ဆိုရင် မောင်ပုံ ဒီလောက်တောင် အပင်ပန်းခံစရာ မလိုဘူး။ အဲလိုယောက္ခမမျိုးကို ကျွန်တော်သာဆိုရင် ...ဟွန်း...တွေ့လိုက်ချင်တယ်...''

''မင်း တွေ့ချင်လား၊ တကယ်လား''

ကပျာကယာ ပြန်ငြင်းရတယ်။

''ဟာ...မတွေ့ချင်ပါဘူး၊ စကားအဖြစ်ပြောတာပါ''

ကိုရွှေကျီးညိုက ''ကောင်းကင်တစ်ခို၊ ပြိုမလို၊ တိမ်ညိုဘာကြောင့် မှိုင်းပါတယ်''လို့ ရေရွတ်တယ်။ ဘာမှလည်း မဆိုင်ဘူး။ ခဏကြာမှ ဇာတ်လမ်းကိုဆက်ပြောတယ်။

◆◆♥◆◆



အခန်း( ၁၀ )

သိကြားမင်းလက်ထဲကိုပဲ မယ်ပုံ့ကို ထည့်လိုက်ရမလိုဖြစ်သွားတဲ့ မောင်ပုံဟာ အဘိုးကြီးဆီကနေ လှည့်ထွက်လာခဲ့တယ်။

''ခုထိကံမကောင်းသေးပါလား''

''ဟုတ်တယ်...''

''သူ အဲဒီကနေ ဘယ်ဆက်သွားလဲ''

''သူဟာသူတောင် ဘယ်သွားလို့သွားနေမှန်းတောင် သိပုံမပေါ်ပါဘူး''

''ခြေဦးနဲ့ဒူး တဲ့ရာပေါ့၊ ဟုတ်လား''

''အင်း...အဲလိုဘဲ ထားလိုက်ပါတော့ သူလျှောက်လာလိုက်တာ တစ်နေရာရောက်တော့ သူကားလမ်းကူးဖို့ ရပ်လိုက်တယ်...''

''လူကူးမျဉ်းကျားမှာပေါ့ ဟုတ်လား''

''မဟုတ်ဘူးကွ စိတ်နဲ့လူနဲ့ မကပ်ပါဘူးဆိုမှ၊ မျဉ်းကျားကိုရှာကူးနိုင်ပါ့မလား။ အဲဒီမှာတင် သူ တစ်ခုသတိထားမိသွားတယ်''

''ဖမ်းတဲ့ကားလား၊ ကံကောင်းတာပေါ့ မကူးခင်တွေ့သွားတာ''

''ဘယ်ကလာ သူ့ဘေးမှာ လူတစ်ယောက် အလိပ်ကြီးတလိပ်နဲ့ ရပ်နေတာကို သွားသတိထားမိတာ၊ အဲဒီလူက သူများတွေ ကားကြိုကားကြားက ဖြတ်ကူးသွားလည်း သူမကူးဘူး၊ ကားအရှင်းကိုစောင့်နေပုံ

www.burmeseclassic.com

www.burmeseclassic.com

ရတယ်''

''အဲဒီတော့…''

''မောင်ပုံလည်း ပိုစိတ်ဝင်စားသွားပြီး၊ သူပါမကူးတော့ဘူး။ အဲဒီလူကို စောင့်ကြည့်နေလိုက်တယ်''

''ကဲ…အဲဒီလူကူးပါပြီတဲ့ ဘာဖြစ်လို့လဲ''

ကိုရွှေကျီးညိုက ကျွန်တော့်ကို လောရန်ကောဆိုတဲ့ အကြည့်နဲ့ကြည့်ပါတယ်။

''မကူးဘူးကွ၊ တော်တော်နဲ့မကူးဘူး''

''အမ်…''

''ဒါနဲ့ မောင်ပုံလည်း မစောင့်နိုင်တော့တာနဲ့ လှည့်မေးလိုက်တယ်''ခင်ဗျား ဘာစောင့်နေတာလဲ''လို့…''

''ဟိုကဖြေလား''

''ဖြေတယ်…ကားအရှင်းစောင့်နေတာ…တဲ့၊ အဲဒါနဲ့ မောင်ပုံလည်း ကားနည်းနည်းရှင်းလည်း ကူးလို့ရတာ ခင်ဗျားဘာလို့ မကူးတာလဲလို့ ထပ်မေးလိုက်တယ်၊ မျက်စိကလည်း လက်ထဲကထမ်းထားတဲ့ အလိပ်ကြီးကို စွေကြည့်ရင်းပေါ့''

''ဟိုလူက စိတ်မတိုဘူးလား''

''မတိုဘူး၊ ဖြေပေးရှာတယ်။ သူလူကူးမျဉ်းကျားအလိပ်ကို ခင်းမလို့ ကားအရှင်းစောင့်နေတာ အဲဒါခင်းပြီးမှကူးမလို့ လို့ဖြေတယ်…''

''မျဉ်းကျားလိပ် ဟုတ်လား''

''ဟုတ်တယ်၊ မျဉ်းကျားတွေက တစ်နေရာနဲ့တစ်နေရာ ဝေး လွန်းတာမို့ အလွယ်တကူ ကူးလို့ရအောင် အဲလိုဆောင်ထားတာလို့ ဟိုလူကပြောသတဲ့''

''ဒီတော့ မောင်ပုံက ဘာပြန်ပြောလိုက်လဲ''

''စောင့်…စောင့်…ဆိုပြီး သူလမ်းကူးထွက်လာလိုက်တော့တယ်''

''ကူးမှပဲ မဟုတ်ရင် လိုရာရောက်တော့မှာ မဟုတ်ဘူး''

''အဲလိုနဲ့ သူဆက်လျှောက်လာတာ ထူးထူးဆန်းဆန်းလူတစ် ယောက်ကို လှမ်းမြင်တယ်''



''ဘာလဲ ချိုနဲ့လူလား''

''ဘယ်ကလာ ရှူးဖိနပ်စီးပြီးလမ်းလျှောက်လာတဲ့လူ''

''ဒါများဆန်းလို့လား''

''မင်းမှမသိတာ ဆန်းတာပေါ့၊ ရှူးဖိနပ်ကို အောက်ခြေကနေ တစ်ဝက်လောက်ဖောက်ထားလို့ ခြေဖဝါးအပေါ်ပိုင်းကို မြင်နေရတယ်''

''ဟင်…ဒါဆို မြေကြီးတွေပေကုန်မှာပေါ့''

''ပေနေတာပေါ့၊ ဒါနဲ့မောင်ပုံလည်း အဲဒီလူနားကပ်သွားပြီး ဖိနပ်ပေါက်နေတာ ဘာလို့ ဒီတိုင်းစီးထားရတာလဲ လို့သွားမေးတယ်''

''ဟိုကရိုက်မလွှတ်လိုက်ဘူးလား…ရက်ရက်နဲ့''

''မရိုက်ဘူးကွ ရယ်ပြီးပြောလိုက်တယ်''

''ဘာပြောတာလဲ''

''မြေကြီးခါတ်ရအောင် အဲဒီလိုစီးထားတာလို့ ဖြေလိုက်တယ်လေ''

''ရော်…မြေကြီး ဓာတ်ရချင်ရင် ဖိနပ်စီးစရာတောင်မလိုတော့ဘူး''

''ဟုတ်တယ်…မောင်ပုံလည်း စိတ်ညစ်လို့မြစ်နားသွားထိုင်ပါ တယ် သပ္ပတ်အူမျောလာတာနဲ့ တိုးနေသလိုဖြစ်နေရှာတယ်''

''ဟုတ်ပ…''

''ဒီလိုနဲ့ သူဆက်လျှောက်လာလိုက်တာ ကုမ္ပဏီကြီးတစ်ခုရဲ့ အရောင်းမြှင့်တင်ရေး (sale promotion)သမားတစ်ယောက် သူ့နားရောက် လာတယ်''

''အဟဲ…စကပ်တိုတိုနဲ့ကောင်မလေးတွေလား''

''မဟုတ်ဘူး၊ ဘောင်းဘီရှည်ရှည်နဲ့ကောင်လေး''

''ဘာလာရောင်းတာလဲ''

''နေရောင်ခြည်သုံး လက်နှိပ်ဓါတ်မီး…တဲ့''

''ဘယ်လို…''

''ဓါတ်ခဲမသုံးဘူးလေ နေရောင်ကိုသုံးတဲ့ဓါတ်မီး၊ နေရောင်ခြည် ကို စုပ်ယူတဲ့ ရောင်ပြန်ပြားနှစ်ချပ်တပ်ထားတဲ့ လက်နှိပ်ဓါတ်မီး…''

''ဟာဗျာ နေရောင်ခြည်ရှိနေပါတယ်ဆိုမှတော့ ဓါတ်မီးကို သေးလို့ ား ကိုရွှေကျီးညိုရယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဒါကြောင့်လည်း မောင်ပုံကမဝယ်ခဲ့ပါဘူး"

"တော်သေးတာပေါ့"

"ဒီလိုလျှောက်သွားနေရင်းက သူ မူးဝေလာတယ်၊ ဒီကိစ္စဖြစ်ကတည်းက အအိပ်အစားကလည်း ပျက်တယ်မဟုတ်လား၊ လမ်းတကော့လမ်းလည်း လျှောက်သွားနေရတော့ ကျန်းမာရေးချို့တဲ့လာတာပေါ့ကွာ"

"မူးလဲသွားရောလား"

"မလဲဘူး မောင်ပုံသတိရှိတယ်၊ သူ့ကျန်းမာရေးကို သူစစ်ဆေးကြည့်ဖို့ သတိရလာတယ်"

"ဒါနဲ့ ဆရာဝန်ဆီသွားရောလား"

"ဆိုပါတော့ နီးရာဆေးခန်း တစ်ခုခုကို ဝင်ချသွားတော့တယ်"

"ကောင်းပါတယ်"

"မကောင်းဘူးကွ"

"ဘာလို့လဲ"

"ဒီကောင်က မူးဝေလာတဲ့ပြင် စိတ်နဲ့လူနဲ့ကလည်းမကပ်တော့ ဆေးကုခန်းဆိုတာနဲ့ ဝင်သွားတာ၊ တကယ်တမ်းကျတော့ အဲဒီဆေးခန်းက ရိုးရိုးဆေးခန်းမဟုတ်ပဲ စိတ်ရောဂါအထူးကုဆေးခန်းကြီးဖြစ်နေတယ်"

"သူမသိလိုက်ဘူးပေါ့"

"မသိလိုက်ဘူး"

"မောင်ပုံကတော့ ဖြစ်ရမယ်"

"အေး…သူဝင်ဝင်သွားခြင်း လူတစ်ယောက်က သူ့ကို ပြုံးရွှင်စွာဆီးကြိုတယ်"

"ဆရာဝန်လား"

"အင်း"

"စိတ်ရောဂါ အထူးကုဆရာဝန်တွေဆိုတော့လည်း မျက်နှာချိုစကားပြောချိုကြတာပေါ့"

"အေး…ဒါကိုဒီကောင်က မသိဘူး၊ သူ့ကိုလာပါ ထိုင်ပါ ဖွေမတတ်ဆီးကြို ကြတော့ သူနဲ့သိခဲ့ဖူးတဲ့ အသိဆရာဝန်လို့ထင်သွားတယ် ဟိုကလည်း တရင်းတနှီးရှိလွန်းတာကိုး…"



"ဒီတော့ သူကဘာပြောလဲ"

"မောင်ပုံကဘာမှ မပြောရခင် ဆရာဝန်ကမေးတယ်၊ ဘာဖြစ်သလဲ စိတ်ရှုပ်နေသလား၊ စိတ်ညစ်စရာရှိရင် မချွန်နဲ့ပြော…လို့ ဆိုတော့ သူလည်း သူ့မိတ်ဆွေဟောင်းမှတ်ပြီး သူဖြစ်သမျှတွေကို ဖြစ်ကြောင်းကုန်စင် ရင်ဖွင့်မိတော့တာပေါ့"

"ဒုက္ခပါပဲ ဒီတော့ ဘာတွေဖြစ်ကုန်လဲ"

"ဘာမှမဖြစ်သေးဘူး ဆရာဝန်ကြီးကပြုံးပြုံး၊ ပြုံးပြုံးနဲ့ ခေါင်းတညိတ်ညိတ်နဲ့ သူပြောတာတွေနားထောင်ပေးတာပေါ့…"

"ပြဿနာပဲ မောင်ပုံကတော့လေ"

"ဒါတင်မကသေးဘူး၊ ခင်ဗျားဒီနေ့ ဘာတွေတွေ့ကြုံလာရ သေးလဲ ပြောပါဦးလို့ ဆက်မေးတယ်"

"ဖြေလား…"

"ဖြေတာပေါ့ သူတွေ့ခဲ့တဲ့ မျှင်းကျားလိပ်တို့၊ မြွေကြီးခါတ်ရအောင် စီးတဲ့ဖိနပ်တို့ နေရောင်ခြည်သုံး လက်နှိပ်ခါတ်မီးတို့ သွားပြောပြတယ်"

"ဒါဆို ဟိုဆရာဝန်ကတော့ မောင်ပုံ့ကို တကယ်စိတ်ဝေဒနာသည်လို့ တစ်ထစ်ချယုံသွားမှာပဲ"

"ဒါပေါ့ အမှန်ကတော့ ဆရာဝန်ကြီးရော မောင်ပုံရောမသိလို့ပါ"

"ဘာကိုလဲ"

"အဲဒီပစ္စည်းတွေဟာ ဂျပန်နိုင်ငံ၊ အသုံးမကျမဟုတ်သော စိတ်ကူးသစ် အကယ်ဒမီ (Japan Unuseless New Idea Academy) ဆိုတဲ့ ခပ်ကြောင်ကြောင်အဖွဲ့အစည်းရဲ့ ဥက္ကဋ္ဌ ကင်ချီကာဝါကမီ ဆိုတဲ့လူ ပင်ပင်ပန်းပန်း တီထွင်လိုက်တဲ့ ပစ္စည်းကွ"

ကျီးကန်းက တစ်မူးပို၍ရှုသွားတာကို မောင်ပုံနဲ့ ဆရာဝန်ကြီးတင် မကဘူး၊ ကျွန်တော်ပါခံလိုက်ရတာပါ။ ဒါပေမဲ့ မောင်ပုံ့ကိစ္စက အရေးကြီး တယ်လေ။

"ကဲ…ဆက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com


''အဲဒီလို ယုံကြည်သွားတဲ့ဆရာဝန်ကြီးဟာ သူ့ကို စိတ်ပညာစမ်းသပ်နည်းတွေလုပ်မယ်ဆိုပြီး မေးခွန်းတချို့ကိုဖြေခိုင်းတော့တယ်''

''ဖြေလား...''

''မောင်ပုံလည်း အဲဒီတော့မှရိပ်မိပြီး အတင်းငြင်းတော့တယ်၊ အဲဒီခါကျတော့ မရတော့ဘူး သူ့ကိုပခုံးလာဖိထားပြီး ဘေးကစောင့်တဲ့လူကစောင့်နေပြီ''

''ဘာတွေမေးထားလို့လဲ...''

''ကွက်လပ်ဖြည့်ခိုင်းတာကွ...

(၁)လူအများနဲ့ ပူးတွဲအလုပ်လုပ်ခြင်းသည်...

(၂)အမေနှင့်အစ်မက ကျွန်တော့်အပေါ်...

(၃)ကိုယ့်ကိုစော်ကားလာသူကို...

စသည်ဖြင့်ပေါ့ကွာ...''

''မောင်ပုံကဖြေလား''

ကျွန်တော်သိချင်တာကို ထပ်မေးလိုက်တာပါ၊ ဒါပေမဲ့ ကိုရွှေကျီးညို က ပုံစံချက်ချင်းပြောင်းသွားတယ်။

''အသစ်တင်သွင်းမယ့်၊ TV ကုမ္ပဏီတစ်ခုက လာအပ်ထားတဲ့ ကြော်ငြာလေး ထိုးပါရစေဦး''

အကြွေးတစ်ခုထားခဲ့ရတာဆိုတော့ ကျွန်တော်ငြင်းလို့မကောင်းတာကြောင့် ငြိမ်နေလိုက်ရတယ်။

''မော်ဒယ်ဂဲလ်လှလှလေးတွေနဲ့ ကြော်ငြာစမ်းပါဗျာ''

''မင်းဘာသိလို့လဲ ဒီကြော်ငြာက FE နဲ့ရမှာကွ၊ မော်ဒယ်ဂဲလ် ငှားရင် မော်ဒယ်ဂလ်ကို ပေးရဦးမယ်၊ ဒီတော့ သပိတ်ဝင်အိပ်ဝင် ကြော်ငြာပေးမယ့် လူရှိတယ်''

''ဘယ်သူလဲ''

''ငါ့ယောက္ခမ ဦးမောင်မောင်ကန်းရဲ့သမီး ခင်ကျိုးကန်းနဲ့ကြော်ငြာမှာ''

''ဟင်...ခင်ဗျားယောက္ခမသမီးဆိုတော့ ခင်ဗျားမိန်းမ မဟုတ်ဘူးလား''

''မဟုတ်ဘူး ခယ်မ...''

''ဘာလို့ ခင်ဗျားမိန်းမနဲ့ မကြော်ငြာတာလဲ''

''သူက တစ်ခြားကြော်ငြာမှာ ပါပြီးသွားပြီလေ၊ ကျူရှင်ကြော်ငြာမှာ မင်းတွေ့လိုက်တာ ငါ့မိန်းမ တင်တင်ကန်းပေါ့''

''ဩော်...ဩော်...ကြော်ငြာက TV အသစ်နော်''

''အင်း...''

''ဩော်...ဩော်...ကြော်ငြာမယ့်လူက ခင်ကျိုးကန်းနော်''

''ဩော်...ဩော်...ဒီTVကဖြင့် အရမ်းကြည့်လို့ကောင်းတာပဲလို့ ကြော်ငြာမှာနော်''

''အင်း...''

''ကြော်ငြာတဲ့သူက ခင်ကျိုးကန်းဆိုတော့...အင်း...ကောင်းပါတယ်၊ ကောင်းပါတယ် ဒါဖြင့် ဇာတ်လမ်းဆက်ပါတော့ ...မောင်ပုံကဖြေလား''

''ဖြေရတာပေါ့ကွာ''

''ဘယ်လိုဖြေခဲ့လဲ...''

''မောင်ပုံပဲကွာ သူဖြေခဲ့တာ ဟောဒီလိုကွ...''

(၁)လူအများနှင့်ပူးတွဲ၍ အလုပ်လုပ်ခြင်းသည် မျောက်ကိုသူ့အမြီးနှင့်သူပြန်ချည်ခြင်းဖြစ်သည်။

(၂)အမေနှင့်အစ်မက ကျွန်တော့်အပေါ် ယောက်ျားလေးဟုမြင်ပါသည်။

(၃)ကိုယ့်ကိုစော်ကားလာသူကို ကိုယ့်အမေက သွားပြန်စော်ကားလိမ့်မည်။(သင်ပုန်းစရာမလို)

(၄)ဘဝဆိုသည်မှာ မောင်ဘနှင့်မဝတို့မှ မွေးလာသော သတ္တဝါလေးဖြစ်သည်။

(၅)လိင်ကိစ္စတွင် အရေးကြီးဆုံးအချက်မှာ ကိုယ်စီးသည့်မြင်းကို ကိုယ်အထီးမှန်း အမမှန်း သိရန်ဖြစ်သည်။

(၆)ကျွန်ုပ်သည် အထက်လူကြီး၏ ဆူပူမှုကို ခံရလျှင်အောက်လူကြီး၏ ဆင်ခြေပေးမှုကိုလည်း ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com

(၇)ဘဝတွင်ကျွန်ုပ်အလိုလားဆုံးအရာမှာ ဘာမှန်းကို မသိပါ။

(၈)စိတ်သဘောထား မမှန်သူကို သဘောထားမမှန်သော ဆိတ်နှင့်အတူထားသင့်သည်။

(၉)မိမိ၏အလုပ်တွင် မပျော်ရွှင်လျှင် မောင်မောင်၏ အလုပ်ကိုပြောင်းလုပ်ပါ။

(၁၀)မှသားမပါ လက်ာမချော ဟူသောစကားသည် အလွန်တရာချောမွေ့သော အလင်္ကာကို သုံးထားသောစကားဖြစ်သည်။

(၁၁)ကျွန်ုပ်ညီတစ်ယောက် မိန်းမရှာဖြစ်လာလျှင် ဆရာဝန်ကြီးနှင့် ပေးစားပါမည်။

(၁၂)မလုပ်ချင်သောအလုပ်ကို အတင်းအကျပ်လုပ်ခိုင်းလျှင် ဤအတိုင်းပင်ဖြစ်လိမ့်မည်။

ဂဏ္ဍာဟိ မှတ်လော့…လို့ ပေါက်ကရတွေ လျှောက်ဖြေပြီးလူတွေအလစ်မှာ မောင်ပုံထွက်ပြေးလာခဲ့တယ်ကွ''

'ဟား....ဟား....ဟား'

ဒီတစ်ခါတော့ သူ၊ အား အား အားလို့ လိုက်မရယ်ပါဘူး။ အရာရာနဲ့ အကြောင်းကြောင်းဖြစ်နေတတ်တဲ့မောင်ပုံက သူ သနားနေပုံရတယ်။

''ဒီကောင်အပြန်လမ်းမှာ စဉ်းစားလာတယ်''

''ဘာတွေများ စဉ်းစားလာပြန်တာလဲ''

''ဩော်…သူတွေ့ခဲ့ရတဲ့ မျဉ်းကြားလိပ်၊ မြေခါတ်ရတဲ့ဖိနပ်၊ နေရောင်ခြည်သုံးခါတ်မီးတွေအကြောင်းလေ''

''လာပြန်ပြီ''

''မျဉ်းကျားလိပ်ဆိုတာကလည်း ကားရှင်းစောင့်ရ၊ ဖြန့်ခင်းရလိပ်သိမ်းရမှာနဲ့ ဘာများအသုံးဝင်လို့လဲ၊ မြေခါတ်ရချင်မှတော့ ဖိနပ်ချွတ်လမ်းလျှောက်ရုံပဲ နေရောင်ခြည်ရှိပါတယ်ဆိုမှတော့ ခါတ်မီးကဘယ်မှာလိုတော့လဲလို့ မောင်ပုံကတွေးတယ်''

''အင်း''

''အဲဒီလို မဖြစ်နိုင်တဲ့ပစ္စည်းတွေကြောင့် သူ အရူးလို့ အထင်ခံရတာ လို့လည်း ဆက်တွေးတယ်''

''ဒါပေါ့ …''

''အဲဒီမှာ မောင်ပုံမေးခွန်းတစ်ခုကို သူ့ဘာသာသူပြန်မေးမိတယ်''

''ဘာမေးခွန်းလဲ''

ရွှေကြီးညိုက စာရွက်တွေထုတ်ပေးပြန်တယ်၊ ကျွန်တော်လှမ်းယူလိုက်တယ် ဒါပေမယ့်…

''ဆက်ဦးလေ ဘာမေးခွန်းလဲ''

''ဩော်…အဲဒီလို မဖြစ်နိုင်တာတွေနဲ့ ဒုက္ခရှာနေတဲ့လူတွေထဲမှာ ငါရောပါနေလားတာပဲ…''



www.burmeseclassic.com

www.burmeseclassic.com

''အရာအားလုံးကို ကမ္ဘာကဖြစ်ပေါ်စေ၏...
အရာအားလုံးကို ကမ္ဘာကပဲပြန်ယူသွားသည်...''

''ယူရိပ်ီးဒိစ်''



ကောင်မလေးရေ...

ဒီစကားကိုပြောတာက...
ကိုယ်သိပ်မသိတဲ့ ဂရိကဗျာဆရာကြီးပေါ့။
အရာအားလုံးကို ကမ္ဘာကြီးကနေပေးပြီး...
အရာအားလုံးကို ကမ္ဘာကြီးကပဲ ပြန်ယူသွားတယ်တဲ့။
တော်တော်ဆိုးတဲ့ ကမ္ဘာကြီးပေါ့...

ပေးပြီးမှပြန်ယူတယ်...သူ...မျက်စိစွန်လိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



''ဘာလဲဗျ ကမ္ဘာကြီးက မယ်ပုံကိုပေးပြီး၊ မယ်ပုံကို ပြန်တောင်းသွားတယ်လို့ သူကဆိုချင်တာလား''

''အဲဒီသဘောလည်း ပါနိုင်ပါတယ်၊ ဒါအပြင်…''

''ကမ္ဘာကြီးက စိတ်ညစ်စရာတွေကို သူ့ပဲပေးပြီးသူ့ပဲပြန်ယူတယ်လို့ ဆိုချင်တာမျိုးလား''

''အေး…အဲဒီသဘောလည်းပါနိုင်တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ မယ်ပုံ နုတ်နဲ့လက်ထပ်ဖို့ ကိစ္စဟာ၊ အမှန်တကယ်မှာ ဘာမှဖြစ်မလာနိုင်ဘူးလို့ တွေးစပြုနေတယ်''

ကျွန်တော်မျက်မှောင်ကြုတ်လိုက်မိတယ်။

''ဒါနဲ့ ဟိုအဘိုးကြီးကပြောတော့ ဖြစ်ရင်လည်း ဖြစ်နိုင်တယ်ဆိုပါလား''

''အေး…ဟုတ်တယ်…အဲဒါကြောင့် မောင်ပုံ့ အတွေးတွေနှစ်ခွဖြစ်နေတယ်…ဒါပေမဲ့ ကောင်းတာက အရင်ကထက်စာရင် သူ့စိတ်ထဲမှာ ပေါ့ပါးလာတယ်''

''ဒါပဲဗျ…အဓိကလိုအပ်တာက အဲဒါပဲဗျ၊ ပြဿနာတစ်ရပ်ဖြေရှင်းတဲ့နေရာမှာ စိတ်ပေါ့ပေါ့ပါးပါးရှိဖို့လိုတယ်။

''ဒါပေမဲ့ ဒီပြဿနာကို မောင်ပုံ ဖြေရှင်းနိုင်လိမ့်မယ်လို့ မင်းထင်သလား''



''ထင်မယ်ဆို ထင်လို့ရပါတယ်၊ အတတ်တော့ မပြောရဲသေးဘူးဗျ''

''ခုလိုအချိန်မျိုးမှာ မင်းသာ မောင်ပုံဆိုရင်ဘာဆက်လုပ်မလဲ''

''အခု သူလုပ်နေတဲ့အတိုင်းပဲ ဆက်လုပ်မှာပဲ''

ကိုရွှေကျီးညိုက နှုတ်သီးတမော့မော့နဲ့ အံ့သြသွားတယ်''

''ငါသိပ်သဘောမပေါက်သလိုဘဲ ရှင်းစမ်းပါဦး''

''မောင်ပုံက စိတ်ပြေလက်ပျောက် လျှောက်သွားနေတာ မဟုတ်လား၊ အဲလိုနဲ့ စိတ်ပြေစလည်း ပြုလာပြီမဟုတ်လား၊ ဒီအတိုင်းဆက်လျှောက်ရုံပေါ့ စိတ်ပြေလက်ပျောက်ရှိလာလေလေ အဖြေကိုတွေ့ဖို့နီးစပ်လာလေလေပဲ မဟုတ်လား''

ကိုရွှေကျီးညိုက ခေါင်းတဆတ်ဆတ်ညိတ်တယ်။

''အေး…ဟုတ်တယ်…မောင်ပုံကလည်း စိတ်ပြေလက်ပျောက်လျှောက်သွားဆဲပဲကွာ''

ကျွန်တော်ကအောင်မြင်သူတစ်ယောက်လိုပြုံးပြီး…

''အဲဒီလိုဆက်လျှောက်တော့ သူ ဘာတွေထပ်တွေ့သလဲ၊ ပြောပါဦး''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၁ )

"သူ ဆက်သွားရင်း လမ်းဘေးမှာ ဂီတာတီးနေတဲ့ လူတစ်ယောက်နဲ့တွေ့တယ်"

"ဘာလဲ ဂီတာတီးပြီး ပိုက်ဆံတောင်းနေတာလား"

"မဟုတ်ပါဘူး၊ သူက ဂီတဆရာကြီးကွ"

"ဟုတ်လား၊ ဘယ်သူတဲ့လဲ"

"ပေါလ်...တဲ့၊ နာမည် အပြည့်အစုံက LEE PAUL တဲ့၊ ကြားဖူးလား"

"ကြားဖူးတယ်"

ဟုတ်တယ်လေ၊ အခုပဲ သူပြောလိုက်တာ ကြားလိုက်တာပဲပေါ့၊

"အဲဒီလူကြီးက ဂစ်တာတီးတာ လက်သံကတအားကောင်းလို့ နားထောင်ကောင်းကောင်းနဲ့ မောင်ပုံလည်း နားထောင်နေလိုက်တယ်"

"အလကား နားထောင်ရတာကိုး"လို့ စိတ်ထဲကရေရွတ်လိုက်ပါသေးတယ်။ ဒါပေမဲ့ ကိုရွှေကျီးညိုက သိပုံနဲ့ထပ်ပြောတယ်။

"တကယ်တော့ မောင်ပုံဟာ ဂီတအနုပညာကို ခံစားတတ်တဲ့သူပဲ စိတ်ညစ်စရာတွေ တွေ့ကြုံခဲ့ရလို့သာ သူမြတ်နိုးတဲ့ ဂီတအနုပညာကို မေ့နေခဲ့တာကွ"

"အင်း...ဟုတ်ပါပြီ...နားထောင်ပြီး ဘာဆက်ဖြစ်လဲ"

"မောင်ပုံက သူ့ပါ ဂစ်တာတီးချင်လာတယ်"



"ဒီတော့..."

"မဒီတော့ပါဘူး သူစိတ်ထဲကဖြစ်လာတာပါ"

"ဩော်"

"ဒါပေမယ့် သူနားအကြာကြီးလာထိုင်နားထောင်နေတဲ့ မောင်ပုံကို ပေါလ်က ဂစ်တာတီးတာရပ်ပြီးကြည့်တယ်"

"အင်း"

"ပြီး...ဂစ်တာကြီးထိုးပေးပြီး၊ ရော့...တီးကြည့်ပါလားတဲ့"

"မောင်ပုံက တီးတတ်လို့လား"

"မတီးတတ်ပါဘူးကွ၊ ဒါကြောင့် မောင်ပုံက ကျွန်တော် မတီးတတ်ဘူးလို့ပဲ ငြင်းလိုက်တယ်"

"ဟိုကဘာပြောလဲ"

"လုပ်မရဘူးဆိုတာ သက်သေမပြနိုင်သေးတဲ့အထိ လုပ်လို့မရပါဘူးလို့ မပြောပါနဲ့ လို့ပြောတယ်"

"ဟာ...ကောင်းလိုက်တဲ့စကား"

"အေး...မောင်ပုံကလည်း တအံ့တဩနဲ့ အဲလိုပဲထအော်တယ်"

အရေးထဲ တူနေရပြန်ပါတယ်၊ ဒါပေမဲ့ ဘာမှမပြောတော့ ပါဘူး။ မေးချင်တာပဲ ဆက်မေးလိုက်တယ်။

"အဲဒီတော့ မောင်ပုံက ယူတီးရောလား"

"အင်း တီးတယ် တီးရင်းက ပေါလ်ရဲ့ ဘဝဖြစ်စဉ်ကိုလည်း မေးလိုက်တယ်"

"ပေါလ်ကဖြေလား"

"ပြောပြတာပေါ့၊ စောစောက သူ ပြောလိုက်တဲ့စကားကိုက သူ့ဘဝရဲ့ အရေးပါတဲ့ စကားတစ်ခွန်းပဲတဲ့"

"ဩော်...ဩော်...ဆက်ပါဦး"

"ပေါလ် ငယ်ငယ်ကပေါ့"

"ငယ်ငယ်က ပေါ့တယ်၊ ကြီးတော့ လေးတယ်၊ ဒါများ ကိုရွှေကျီးညိုရယ်"

ကိုရွှေကျီးညိုက ကျွန်တော့်ကို အသံတိတ်ဆဲရေးပြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နှုတ်သီးနဲ့မို့ ''ဂျိ''ကနဲတော့ မြည်သွားတာပေါ့။

''ပေါလ် ယယ်ယယ်က လမ်းဘေးမှာမြောင်းတူးနေတဲ့ အလုပ်သမားကြီးတစ်ယောက်နဲ့ တွေ့ခဲ့ဖူးတယ်''

''ဒါမျှား...''

''မဒါနဲ့မျှားနဲ့ အဲဒီအဖိုးကြီးက ထမင်းစားချိန်မှာ ဘာဂျာပိန့်ရှုံ့ရှုံ့လေးတစ်လက်ကို ထုတ်မှုတ်နေတတ်သတဲ့''

''ဒီတော့''

''ဒီတော့ ပေါလ်လည်း ဘာဂျာမှုတ်တတ်ရင် ဘယ်လောက်ကောင်းမလဲလို့ တွေးမိတယ်''

''ဟုတ်ပြီ...ဆက်ပါဦး''

ဝင်ရှုပ်လို့ မရတော့တဲ့အတူ ထောက်ခံနားထောင်လိုက်တာက ကောင်းပါတယ်။ မောင်ပုံနဲ့ ဆက်သွယ်နေတာကိုး။

''အဲဒီ အဘိုးကြီးက တစ်နေ့မှာသူ့ကို ဘာဂျာလေးထိုးပေးပြီး မှုတ်ကြည့်စမ်းလို့ပြောတယ်''

ရွှံစရာကြီးလို့ ကျွန်တော်ကြိတ်တွေးနေမိတယ်၊ ဟုတ်တယ်လေ။ ပါးစပ်နဲ့တေ့မှုတ်ရတဲ့ဘာဂျာပဲ၊ သွားရည်ကတော့ရှိမှာပေါ့။

''ပေါလ်က မှုတ်လား''

''မမှုတ်တတ်ဘူးလို့ ဖြေလိုက်တယ်''

ရွံ့လို့နေမှာ။

''အဲဒီတော့...''

''အဘိုးကြီးက ပါးစပ်နဲ့တေ့မှုတ်တာများ ဘာခက်လို့လဲ မှုတ်ရင်းမကြာခင်တတ်သွားမှာတဲ့၊ ပြီး...တဆက်တည်း ''လုပ်မရဘူးဆိုတာ သက်သေမပြနိုင်သေးတဲ့အထိ လုပ်လို့မရပါဘူးလို့ မပြောနဲ့''လို့မှာသတဲ့။''

''ဪ...ဒီစကားက ဒီကမြစ်ဖျားခံတာကိုး''

''ဟုတ်တယ် အဲဒီစကားတစ်ခွန်းနဲ့ပဲ ပေါလ်ဟာ ကြီးပြင်းအောင်မြင်လာခဲ့တာ''

''အင်း...ဆက်ပါဦး''

''ပေါလ်ငယ်ငယ်တုန်းက စန္ဒရားတီးသင်တာ စန္ဒရားဆရာက ''ခင်ဗျားသားဟာ ဘယ်တော့မှ ဂီတကို သင်လို့ရမှာမဟုတ်ဘူး။ ဆက်သင်ဖို့လည်းလွှတ်စရာမလိုဘူး''လို့စာရေးပြီး ပေါလ်ရဲ့အမေကို ပေးခိုင်းသတဲ့''

''အင်း...''

''အဲဒီ အခါမှာ၊ ပေါလ်ဟာ ဒီစကားလေးကို သတိရမိတယ်တဲ့''

''ဒါပေါ့...''

''သူ့ဂီတကို သင်လို့မရဘူးဆိုတာ၊ သက်သေမပြရသေးဘူး။ ဒါကြောင့် သင်လို့တတ်နိုင်တယ်ဆိုတာပြဖို့ သူ ကြိုးစားခဲ့တာလို့ မောင်ပုံကို ပြောပြတယ်''

''အင်း...ဒါ...ဖွဲ့လုံ့လရဲ့အကျိုးပဲ ဆက်ပါဦး''

''အဲလိုတီးကြ၊ ပြောကြရင်းက မောင်ပုံတစ်ခု သတိထားမိသွားတယ်''

''ဘာကိုလဲ''

''ပေါလ်ရဲ့ လက်တစ်ဘက်က...ညာဘက်လက်ပေါ့လေ၊ အဲ...အသေကြီးဖြစ်နေတယ်၊ ဂီတာတီးတဲ့ ပုံစံအတိုင်းကွေးထားတာ လှုံ့ဝဆန့်လို့မရတဲ့ဘက်ဖြစ်နေတယ်''

''အဲဒါဘာဖြစ်လဲ''

''မောင်ပုံကလည်း မင်းလိုပဲမေးတယ်''

''ပေါလ်က ပြောပြလား''

''ပြောပြတယ်ကွ သူ အဲဒီလို ကြိုးစားလေ့ကျင့်လာလိုက်တာ၊ ဘယ်ကြိုးဘယ်လက်ကွက်မှာ နှိပ်ပြီးတီးရင် ဘယ်လို အသံထွက်တယ်ဆိုတာ သိလာတယ် တော်တော်ကြာတော့ ဂစ်တာဟာပေါလ်ရဲ့ အကျွမ်းကျင်ဆုံး တူရိယာဖြစ်လာသတဲ့''

''အင်း...''

''နောက်...ပေါလ်အသက်(၂၀)မှာ၊ ဂီတာကို အဓိကထားတီးတဲ့ တွဲဖက်(၃)ယောက်ဝိုင်းကို ဖွဲ့ခဲ့တယ်။ အဲဒီအဖွဲ့ကို ဦးဆောင်ပြီး နယ်ပူးရှော်ကိုသူထွက်ခဲ့သတဲ့''

''အောင်မြင်ဖို့ပေါ့''

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ ဒါပေမယ့် ဂီတာကို လူသိနည်းကြသေးတာမို့ အသံစမ်းသွင်းပေးဖို့ ဘယ်တီးဝိုင်းခေါင်းဆောင်ကမှ စိတ်မဝင်စားကြဘူး''

''ဒီတော့...''

''မပေါ်လ်ပဲကွာ၊ ''မဖြစ်နိုင်ဘူးဆိုတာ သက်သေပြကြည့် ရအောင်'' ဆိုပြီး တီးဝိုင်းကြီးတစ်ဝိုင်းရဲ့ ခေါင်းဆောင် ဖရက်ရင်းကို သူတို့ရဲ့ လက်စွမ်းကို ပြနိုင်ဖို့ကြိုးစားခဲ့ကြတယ်၊ ဘယ်မှာလဲ သိလား''

''ဟင့်အင်း''

''ဓါတ်လှေခါးဆီသွားတဲ့စင်္ကြံမှာ...''

''အဲဒီမှာ အဆင်ပြေသွားရောလား''

''ဒါပေါ့ နောက်ပိုင်းမှာ၊ လိဒ်၊ ရစ်သမ်၊ ဘေ့စ် စတဲ့တီးသံမျိုးတွေခွဲသွင်းပြီး၊ သီချင်းတစ်ပုဒ်လုံးကို ဂီတာနဲ့တီးခတ်နိုင်တဲ့ထိ နေ့နေ့ညည ရှာဖွေကြိုးစားလာလိုက်ကြတာ ဓါတ်ပြားတစ်ချပ်ထုတ်နိုင်ခဲ့ကြတယ်''

''အောင်မြင်သွားလား''

''တမုဟုတ်ချင်းကို အောင်မြင်သွားတာပေါ့...

အဲလိုအောင်မြင်မှုရသွားမှ သူလည်း ဇာတိကိုပြန်ပြီး နားခွင့်ရတော့သတဲ့''

''မွေး၌ါနီ ဆိုတဲ့တီးလုံးလေးနဲ့လား''

''ဟင့်အင်း...COUNTRY ROAD ဖြစ်ဖို့များပါတယ်''

ကျွန်တော်ခံလိုက်ရပြန်ပါတယ်။

''အဲဒီကအပြန်မှာ သူကားမှောက်ပြီး ညာလက်က သုံးပိုင်းကျိုးသွားခဲ့တယ်၊ တခြားဒဏ်ရာတွေရောပေါ့။ သူ့အတွက်အရေးကြီးတာက လက်လေ၊ ဆရာဝန်တွေက လက်ကိုဖြတ်ပစ်ရမယ်လို့ တိုင်ပင်နေတာ သူကြားရတယ်''

''ဒီတော့...''

''သူတောင်းပန်တယ်''

''ဖြတ်ချင်တာဖြတ်ပါ၊ လက်တော့ချမ်းသာပေးပါတဲ့လား''

''မဟုတ်ဘူး၊ သူ့ညာလက်ကို ပြန်ကောင်းအောင်လုပ်လို့မရသေးဘူးဆိုရင် လုပ်လို့မရဘူးလို့ သက်သေမပြနိုင်တဲ့အထိ မပြောဘဲ



နေကြည့်ပါလို့ ဆရာဝန်ကို ပြောလိုက်သတဲ့''

''ဆရာဝန်က ဘာပြန်ပြောလဲ''

''ဘာမှပြန်မပြောဘူးကွ၊ ကြိုးစားခဲ့စိတ်ကြဖို့ ဆုံးဖြတ်ပြီးခဲ့စိတ်ကုသကြတာ နောက်ဆုံးမှာ အဲဒီလိုဖြတ်ပစ်စရာမလိုတော့ဘဲ တတောင်ဆစ်မှာ သတ္တုပြားတစ်ပြားနဲ့တွဲပြီး ဂီတာတီးတဲ့ပုံစံမျိုး ကွေးထားပေးလိုက်တာပဲ''

''အဲဒီလက်နဲ့ပဲ တီးလို့ရသလား''

''တီးနိုင်ဖို့ အကြာကြီးပြန်ကြိုးစားခဲ့ရတာ၊ နောက်မှခုလို လက်သံတွေပြန်ရလာတာပဲ လို့ပြောတယ်''

''မောင်ပုံက ဘာပြန်ပြောလဲ''

''နေဦး...ကြော်ငြာအချိန်ရောက်ပြီ''

သူကတော့ အစဉ်အလာမပျက်၊ တမင်တကာမျက်ခွက်နဲ့ ကြော်ငြာဘက်လှည့်ပါတော့တယ်။

''ဒီတစ်ခါ ကြော်ငြာမှာက ပြည်တွင်းဖြစ်ပစ္စည်းကြော်ငြာမှာ''

''ဟုတ်ပြီ...ခင်ဗျားမိန်းမနဲ့ ခယ်မတော့ပြီးပြီ ဘယ်ဆွေမျိုးကျန်သေးလဲ''

''ဒီတစ်ခါတော့ မော်ဒယ်လ်ငှားမှာပါ''

''ဟား...ဟုတ်ပြီ...မော်ဒယ်လ်ဂဲလ် လှလှလေးပေါ့ ဟုတ် လား''

''ဟင့်အင်း မဟုတ်ဘူး၊ မော်ဒယ်လ်ဘွိုင်းငှါးမှာ''

ကျွန်တော်နှာခေါင်းရှုံ့လိုက်ပါတယ်။ လေးယောက်လောက်ငှားကနိုင်းရင် ဒုက္ခလို့လည်းတွေးမိရဲ့။

''လူတစ်ယောက်က တခြားလူတွေကို လိုက်မေးနေတယ်''

''ကြော်ငြာက စပြီလား''

''အင်း''

''ဘာမေးလဲ''

''အချောဆုံး အလှဆုံးကို တွေ့ချင်လား၊ မြင်ချင်လား တဲ့''

''တစ်ယောက်ပြီးတစ်ယောက် လိုက်မေးနေတာလား''

''ဟုတ်တယ်''

www.burmeseclassic.com

www.burmeseclassic.com



''မြင်ချင်တယ်ဆိုရင်ရော…''

''သူ လိုက်မေးလိုက်တာ လူတော်တော်များများ သူ့နောက်ပါလာကြတယ်၊ အဲဒီတော့မှ…''

''ဘယ်သူတဲ့လဲ''

''အအဲ…အချောဆုံး အလှဆုံးကို တွေ့ချင်ရင်မြင်ချင်ရင် ပါရီမြို့ ဦးကြည့်ဝင်း မှန်ဆိုင်က အကောင်းဆုံးမှန်တွေကို ဝယ်ယူအသုံးပြုကြပါတဲ့''

ကျွန်တော် သဘောတကျ ရယ်မိတယ်။ ကိုရွှေကျီးညိုက လည်း ရယ်တယ်။

ပြီးမှ ဇာတ်လမ်းကိုပြန်ဆက်ပါတယ်။

''မောင်ပုံလည်း ပေါလ်ရဲ့စကားတွေကို နားထောင်ပြီး တစ်ချက်ငိုင်သွားတယ်''

''ဘာဖြစ်လို့လဲ''

''သူ့စိတ်ထဲမှာ မဖြစ်နိုင်တာကို သက်သေမပြနိုင်သရွေ့ မဖြစ်နိုင်ဘူးလို့မပြောနဲ့ ဆိုတဲ့စကားက စွဲနေတယ်လေ''

''အင်းလေ…ကျွန်တော်တောင် တော်တော်သဘောကျပြီး စွဲနေသေးတာပဲ''

''ဒါပေမဲ့…မောင်ပုံမှာက ပြဿနာကြီးနဲ့''

''ဟာ…ဟုတ်သားပဲ၊ အဲဒီတော့…''

''အဲဒီတော့…သူ သေသေချာချာ စဉ်းစားရတော့မယ်လေ''

''ဒါပေါ့''

''ဒါကြောင့် သူ ပေါလ်ကို ဂီတာပြန်ကမ်းပေး၊ ကျေးဇူးတင်စကားပြော၊ နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့တယ်''

''အင်း''

''လမ်းမှာတော့ စဉ်းစားလာတယ်''

''အင်း''

''နဘ်နဲ့လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ဖို့ကတော့ သေချာသလောက်ရှိနေပြီ၊ ဒါပေမဲ့ အဲဒီမဖြစ်နိုင်တာကိုသက်သေပြဖို့ကျတော့ ခက်နေတယ်''



''ဟုတ်တယ်ဗျ''

''မောင်ပုံ အဖန်တလဲလဲ စဉ်းစားတယ်၊ ဘယ်လိုလုပ်ရင်ကောင်းမလဲပေါ့''

''အဖြေရလား''

''တစ်သက်လုံး အလွဲလွဲအချော်ချော် ဖြစ်လာတဲ့မောင်ပုံပဲကွာ၊ ဘယ် ချက်ချင်းတော့ စဉ်းစားလို့ရပါ့မလဲ''

''ဒါပေါ့''

''သူ့ရှေ့မှာ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကိုလည်း ထည့်ပြီး သုံးသပ်ရသေးတယ်လေ''

''ဒါပေါ့''

''ပြီးတော့ မိန်းမနဲ့ ယောက်ျားကိုလည်း အစိကထား ထည့်တွက်ရသေးတယ်''

''ဟုတ်တာပေါ့''

''နောက်ဆုံးမှာ…''

''နောက်ဆုံးမှာ အဖြေရသွားတယ်မဟုတ်လား''

''ဒါပေါ့''

''ပြောပါဦး၊ သူ ဘာလုပ်မလဲ''

ကိုရွှေကျီးညိုက အစဉ်အလာမပျက် စာရွက်တွေ ထုတ်ပေးပြန်ပါတယ်။

ပြီးမှ…

''သူ နတ်သမီးတစ်ပါးနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တယ်ကွ''

''ဗျာ…''

www.burmeseclassic.com

www.burmeseclassic.com


``သမရိုးကျနည်းလမ်း၏ ဆန့်ကျင်ရာနည်းလမ်းအတိုင်း လုပ်ပါ...
အမြဲလိုလို သင်အဆင်ပြေလိမ့်မည်...``

``ရှုးဆိုး``

ကောင်မလေးရေ...

ရှေးတုံးက...တွန့်တိုတဲ့ ကုန်သည်ကြီးတစ်ယောက်ရှိတယ်၊
သူ့ရဲ့ အဖိုးတန်ယပ်တောင်...ပျက်စီးသွားမှာကိုအရမ်းစိုးတယ်။
နွေနှောင်းရာသီမှာယပ်တောင်ကိုမခပ်ဘူး...။
ယပ်တောင်ရှေ့မှာ သူ့မျက်နှာကိုဘယ်ပြန်ညာပြန်ယမ်းတယ်၊

သမရိုးကျနဲ့ဆန့်ကျင်တဲ့နည်းလမ်းကိုသုံးပြီး...
သူကတော့အဆင်ပြေနေလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်ကပဲ အရင်မေးရမယ် ကိုရွှေကျီးညိုရေ…''

''မေးစရာတွေဖြစ်နေပြီပဲကွာ မေးပေါ့…''

''မောင်ပုံရဲ့ ပစ်မှတ်ကရွေ့သွားသလို ခင်ဗျားမခံစားရဘူးလား''

ကိုရွှေကျီးညိုက…သူ့ခေါင်းကိုခပ်လေးလေးခါတယ်အမှန်က သူ့ခေါင်းကပေါ့ပေါ့လေးပါ။ တစ်ဆယ်သားလောက်ပဲ ရှိမယ်။

''ငါကတော့ ပစ်မှတ်ရွေ့လျားသွားတာလို့ မထင်ဘူးကွ''

''အဲဒါဆိုရင် ခင်ဗျားနဲ့ကျွန်တော်နဲ့ အတွေးချင်းတူပြီ၊ ဗျူဟာရွေ့လျားသွားတာလို့ ခင်ဗျားထင်တာ မဟုတ်လား''

''ဟုတ်တယ် မောင်ပုံဟာ ယောက္ခမရဲ့အစီအစဉ်ကို အစက ခံစစ်သေနဲ့ ရင်ဆိုင်တယ် PASSIVE DEFENCE ပေါ့ကွာ၊ အဲအဲအဲ နောက်တော့ ခံစစ်ရှင်လို့ခေါ်တဲ့ ACTIVE DEFENCEကို ပြောင်း လိုက်တယ်''

''အခုတော့ ခံစစ်ရှင်တောင် မဟုတ်တော့ဘူးနော်၊ တန်ပြန်ထိုးစစ်ဖြစ်ပါရော့လား''

''အင်း…အခုဟာကတော့ COUNTER OFFENSIVE ပေါ့ကွာ''

ကျွန်တော်တို့နှစ်ယောက် (တစ်ယောက်+တစ်ကောင်) ပြုံးတူရယ်မိကြသည်။

သူက ကျီးကန်းတို့ဘာသာဘာဝ 'သရ'သံနဲ့ရယ်ပြီး ကျွန်တော်



ကတော့ လူတို့ရဲ့ဘာသာဘာဝ 'ဗျည်း'သံနဲ့ ရယ်ပါတယ်။

''အားအား…အားအား…''

''ဟားဟား…ဟားဟား…''

''ပွဲကတော့ ကြည့်ကောင်းတော့မယ် ထင်တယ်ဗျ''

''ဟာ…ကောင်းပါပြီတဲ့လားကွာ''

''ဒါဖြင့် ကျွန်တော်တို့ ဆက်ကြည့်ကြရအောင်လား''

''အေး…မင်းကြိုက်တာမေးပြီးမှတော့ လိုက်ကာလေးဖွင့်ပြရတော့မှာပေါ့ကွာ…''

ကျွန်တော် ရင်တခုန်ခုန်နဲ့ပဲ ဖြစ်ရပ်ကို ဆက်စူးစမ်းမိပါတော့တယ်။

◆◆♥◆◆

www.burmeseclassic.com

www.burmeseclassic.com


အခန်း (၁၂)

''အဲဒီလိုနဲ့ မောင်ပုံဟာ ဒီကိစ္စကို ဘယ်သူက ဆောင်ကျဉ်းပေးနိုင် မလဲဆိုတာ စဉ်းစားတယ်၊ နောက်ဆုံးမှာ သူဟာ ပညာရှိအဘိုးအိုဆီ ပြန်သွားဖို့ ဆုံးဖြတ်လိုက်တယ်''

''သွားတော့ တွေ့လား...''

''တွေ့တယ်ကွ၊ ဒါပေမယ့် သူ အဘိုးကြီးကို တော်တော်နဲ့ စကားပြောခွင့် မရဘူး''

''အဘိုးကြီးဆီမှာက ဓါတ်ခန်းလိုလို နတ်ခန်းလိုလို ရှိတယ်ကွ၊ အဲဒီထဲမှာ သူက မန္တန်တွေရွတ်နေတယ်''

''ဟင်...အစကပြောတော့ အဲဒီအဘိုးကြီးက တော်တော်မွဲတေသလိုနဲ့ ဈေးဝယ်ဖို့တောင် ငွေမရှိသလိုလိုနဲ့ အခုတော့ အခြေကြီးအနေကြီး ဖြစ်နေပြန်ရော့လား''

''အေး...သူတို့တွေကတော့ ထူးဆန်းတဲ့သဘာဝ ရှိတတ်တာကိုကွ၊ အံ့သြစရာပေါ့၊ မင်း အံ့သြတာထက် မောင်ပုံက ပိုအံ့သြတာပေါ့ကွာ''

''အဲ...ထားပါတော့၊ အဘိုးကြီး မန္တန်ရွတ်ပြီးတဲ့အခါ မောင်ပုံနဲ့ စကားပြောဖြစ်မှာပေါ့''

''ပြောဖြစ်ပါတယ်၊ အဘိုးကြီးက မောင်ပုံရောက်လာမယ်ဆိုတာကြိုသိနေသလိုလိုပဲ''

''အလဲ့...သူကလည်း တယ်ဟုတ်ပါလား''

www.burmeseclassic.com

www.burmeseclassic.com

''မောင်ပုံက ပြောတယ်ကွာ၊ သူလည်း နတ်သမီးတစ်ပါးပါးနဲ့ လက်ထပ်ကြည့်ချင်တယ်၊ ဖြစ်နိုင် မဖြစ်နိုင်ကို စမ်းသပ်ကြည့်ချင်တယ်လို့…''

''အဲဒီတော့ အဘိုးကြီးက လက်ခံလား''

''လက်ခံပါတယ်၊ ကောင်းသားပဲ၊ စမ်းကြည့်ပေါ့လို့ ပြန်ပြောတယ်''

''မောင်ပုံ ဝမ်းသာသွားမှာပေါ့''

''အေး…ဒါပေါ့၊ ဒါပေမဲ့ ဇဝေဇဝါတော့ ဖြစ်နေသေး တယ်ကွ''

''ဘယ်လိုဖြစ်သလဲ''

''ဟိုကွာ…မန်ချက်စတာက ဘိုင်ယန်မြူးနစ်ကို ပွဲပြီးခါနီး တစ်မိနစ် နှစ်မိနစ်အလိုမှာ ခြေပဂိုးရော၊ အနိုင်ဂိုးရော ပြန်သွင်းပြီး ဆုဖလား ချိန်လိုက်သလိုပေါ့၊ ကိုယ့်ဟာကိုယ်တောင် ဇဝေဇဝါကြီးဖြစ် နေတာပေါ့''

''အခု အဘိုးကြီးက သူ့ကို ကူညီနိုင်မယ် မဟုတ်လား''

''ငါ လုပ်ပေးမယ်၊ ဘာမှ မပူနဲ့လို့ အဘိုးကြီးကပြောတယ်''

''အဲဒီတော့ မောင်ပုံက…''

''မြန်မြန်လုပ်ပေးပါ၊ အခုကို လုပ်ပေးပါလို့ ပူဆာတော့တာ ပေါ့ကွာ''

''အဘိုးကြီးက အချိန်ဆွဲသေးသလား''

''အမြန်ဆုံးတော့ လုပ်ပေးမယ်၊ ဒါပေမဲ့ ပြင်ဆင်စရာ ရှိတာတွေလည်း ပြင်ဆင်ရဦးမယ်လို့ မောင်ပုံကို ပြောတာပေါ့''

''မောင်ပုံ့အတွက် အချိန်မီပါ့မလား''

''မီပါတယ်၊ အစီအစဉ်က သိပ်မကြာပါဘူး''

''မောင်ပုံက ဘာတွေလုပ်ရမှာလဲ''

''ဒီလိုကွ…''

''အင်း…''

''အဖိုးကြီးရဲ့ ရှင်းပြချက်အရဆိုရင်…''

''အင်း''

''ရာဇဝင်ထဲမှာ နတ်သမီးနဲ့ပျော်ပါးဖူးတဲ့ ဘုရင်တောင်ရှိတယ်''



''ဟုတ်လား…ဘယ်သူလဲ''

''အင်းဝဆင်ဖြူရှင်၊ တရဖျားမင်းလေကွာ''

''ဟုတ်လား၊ သူက နတ်သမီးနဲ့ ဘယ်လို ပေါင်းသင်းတာလဲ''

''တစ်နေ့ တောထဲကိုအသွား ဇော်ဂျီတစ်ပါးနဲ့ သူတွေ့တယ် ဆိုပဲ''

''ဩော…''

''အဲဒီမှာ ဇော်ဂျီရဲ့မန္တန်အစွမ်းကြောင့် အင်မတန်လှတဲ့ နတ်သမီး တစ်ပါးနဲ့ ဆုံတွေ့ရတယ်''

''သူယောင်မယ် မဟုတ်ဘူးလား''

''မဟုတ်ဘူးကွ၊ နတ်သမီးမှ တကယ့် ဒိတ်ဒိတ်ကြဲနတ်သမီး''

''ရော်…''

ဘယ်သူများပါလိမ့်။ ကိုယ်ကပဲ နတ်သမီးတွေနဲ့ သိကျွမ်းခဲ့ဖူးသလိုလို လှမ်းမေးလိုက်တယ်။

''နတ်သမီး ဘယ်သူလဲဗျ''

''သူရဿတီ လေကွာ''

''ဟိုက်ရှားပါး(စ)''

ကျွန်တော်လန့်သွားတယ်။

''တယ်ဟုတ်ပါလား၊ အဲဒါ အဘိုးကြီးပြောပြတာလား၊ သေရော သေချာရဲ့လား''

''လောကီပညာ အရတော့ အနိုင်အမာ ယူဆကြတာပဲ၊ ပျော်ပါးပြီး ချိန်မှာ နတ်သမီးက ပျောက်သွားတယ်၊ ဆင်ဖြူရှင်လည်း ရူးသွားတယ်တဲ့''

''ဩော်…ဟုတ်လား''

မသနားမိပါဘူး။ မနာလိုတောင်ဖြစ်မိသေးတယ်။ ကိုရွှေကျီးညို က ဆက်ပြောတယ်။

''စာချိုးတောင် ရှိသေးတယ်ကွ''

''ဟုတ်လှချည်လား၊ ရွတ်စမ်းပါဦး''

ကိုရွှေကျီးညိုက အသံနေအသံထားနဲ့ဟဲပါတယ်။ ဆိတ်သား ပေါက်လေး ဆိတ်မကြီးနောက် ပြေးလိုက်ရင်း ငိုလာတဲ့အသံနဲ့ တူတယ်။

www.burmeseclassic.com

www.burmeseclassic.com



''...............

သံဝါသစပ်မှီသည်၊

ရသသတိသွေပျောက်လို့

သေမလောက်ဆင်ဖြူရှင်...

ရှုံးရသည့်အင်...

..................''

''အော်...အော်...အော်...''

ကျွန်တော့်မှာတော့ မကြားဖူးတာတွေ ကြားရပြီး ခေါင်းတညိမ့်ညိမ့်နဲ့ပေါ့။

''ဟုတ်ပါပြီ၊ အဲဒါက ထားလိုက်ပါတော့၊ မောင်ပုံကရော ဘယ်နတ်သမီးကို ယူမှာလဲ၊ သူရဿတီကိုတော့ မရလောက်ပါဘူး''

''ဟာ...အေး...အဲဒါတော့ ဘယ်ရမလဲ၊ ဆင်ဖြူရှင်က ဘုရင်ကိုယ်တိုင်ဖြစ်နေတာရယ်၊ ဇော်ဂျီနဲ့မန္တန်ရဲ့ တန်ခိုးကြောင့်ရယ် သူရဿတီကို တစ်ခဏပေါင်းဖော်ရတာ''

''ဒါဆို မောင်ပုံလို ကောင်ကတော့ မရနိုင်တာ သေချာတာပေါ့ဗျ''

''အေး...ဒါပေမဲ့ တစ်ခြား မထင်မရှား နတ်သမီးတစ်ပါးပါးကိုတော့ သူရနိုင်တယ်လို့ ပြောတယ်''

''အဲဒါကိုရော၊ ဘယ်လိုလုပ်ယူမှာတုံး''

''သူရဿတီ မီးထွန်းအင်းကိုထွန်းပြီး အမွှေးနံ့ပေးရင် နတ်သမီးတစ်ပါးပါးရောက်လာတတ်တယ်လို့ ပြောတယ်...''

''ပေါင်းဖော်လို့ရသလား...''

''ရတယ်တဲ့''

''သေချာလား''

''သေချာတယ်လို့ ပြောတယ်၊ လောကီပညာ ကျမ်းရင်းကြီးတွေမှာကို အခိုင်အမာပါတယ်လို့ ပြောတယ်၊ တစ်ခုတော့ ရှိတယ်ကွ''

''ပြောပါဦး''

''အဲလို နတ်သမီးနဲ့ ပေါင်းဖော်မိပြီးရင် ကိုယ့်ဇနီးမယားကို



မေ့နေတတ်တယ်တဲ့''

''ဩော်...အဲဒါက ခဏနေမှာပါဗျာ၊ ယောက္ခမမျက်နှာ မြင်လိုက်တာနဲ့ မိန်းမကို ပြန်သတိရမှာပါ''

''နတ်သမီးကို ပေါင်းဖော်ပြီးမှ ကိုယ့်ဇနီးမယားကို ပြန်ပေါင်းဖော်ရင်...''

''ဘာဖြစ်သလဲ''

''ကိုယ့်ဇနီးမယားက ရူးသွားတတ်တယ်ကွ''

''ဒါဆို...မယ်ပုံကို ထိခိုက်နိုင်တာပေါ့ကွ''

''အိုကွာ...မောင်ပုံက အဲလောက် ရည်ရွယ်ပုံ မရပါဘူး၊ အဲဒီ အခြေအနေတွေ ဖြစ်မလာလောက်ပါဘူး''

''အင်း...အင်း...ဆက်ပြောပါဦး၊ နတ်သမီးနဲ့ လက်ထပ်ဖို့အတွက် မောင်ပုံက ဘာတွေလုပ်ရမှာတုံး''

''မော်သွင်းရင် သွင်းရမယ်၊ ဆေးသောက်ရင် သောက်ရမယ်၊ အစီအရင်လုပ်ရင် လုပ်ရမယ်''

''ဒီအဘိုးကြီးက တာဝန်ယူစောင့်ကြပ်ပြီး လုပ်ပေးမှာပေါ့''

''ဒါပေါ့...''

''ဟေ...ဟေ့''

ဘာကြောင့်ဆိုတာကိုတော့ အတတ်မပြောနိုင်ဘူး။ ကျွန်တော် အူမြူးလာသလို ခံစားရတယ်။ ကိုရွှေကျီးညိုရဲ့ မျက်နှာကလည်း မချိမချဉ်နဲ့။

''အဲဒါဆို မောင်ပုံနဲ့ နတ်သမီးရဲ့ လက်ထပ်ပွဲက ဘယ်တော့ ကျင်းပမှာလဲဗျ''

''သူ့မိန်းမရဲ့ နတ်လိပ်ပြာအပ်ပွဲ မတိုင်ခင်ပေါ့''

ကျွန်တော်တို့ ရယ်ချင်လာတယ်၊ အောင့်ထားလို့ မရဘူး။ အဲဒါနဲ့ပဲ ရယ်မိကြတော့တယ်။

''ဟဲဟဲ...ဟဲဟဲ...''

''အဲအဲ...အဲအဲ...''

''ဟားဟား ..ဟားဟား...''

www.burmeseclassic.com

www.burmeseclassic.com



''အားအား...အားအား...''

အတော်ကြာမှ မျက်နှာပိုး သတ်လို့ရကြတယ်။

''အဲဒါနဲ့ မောင်ပုံလည်း သူ့အိမ်သူ စိတ်အေးလက်အေး ပြန်သွားရောကွ''

''လမ်းမှာ လေကလေး ချွန်မသွားဘူးလား''

''အိုး...သီချင်းတွေတောင် ဆိုသွားသေး...''

ရယ်မိကြပြန်တယ်။

''အိမ်ရောက်တော့ ဒီအကြောင်းတွေ မိန်းမနဲ့ယောက္ခမကို ပြန်ပြောပြသေးလားဗျ...''

''သူ့ဟာသူတော့ ပြန်မပြောသေးဘူးကွ''

''မှုတော့ ပျက်နေမှာပေါ့''

''မှုကတော့ မပျက်ပါဘူး၊ ဒါပေမဲ့ အူမြူးနေတာက ဖုံးထားလို့ မရဘူး''

''ဘာလဲ...အိမ်မှာလည်း ဟီးဟီးဟားဟား ဖြစ်နေလို့လား''

''ဖြစ်တာပေါ့၊ သီချင်းကို တကြော်ကြော်နဲ့''

''အိမ်သားတွေလည်း မသင်္ကာဖြစ်လာတာပေါ့လေ''

''အေးပေါ့...ဟော့ကောင် မင်းကြားဖူးလား၊ စကားတစ်ခွန်း ရှိတယ်လေ''

''ဘာများတုံးဗျ...''

''မောင်ပုံက ဘာပဲပြောပြော စီးပွားရေးမှာ အောင်မြင်နေတဲ့သူ တစ်ယောက်မဟုတ်လား''

''သူဌေးရဲ့လူယုံ ဆိုတော့လည်း အထိုက်အလျောက် အောင်မြင်မှာပေါ့ဗျာ၊ ငွေရှင်နိုင်တာပေါ့''

''ငါ အခုပြောမယ့် အဆိုအမိန့်က အဲဒီ စီးပွားရေးအောင်မြင်မှုနဲ့ ပတ်သက်တယ်ကွ''

''အေးလေ...ဘာများလဲ...ပြောပါဆို''

''အောင်မြင်နေတဲ့ လူတစ်ယောက်မှာတဲ့''

''အင်း...''



''ဂုဏ်ယူနေတဲ့ မိန်းမတစ်ယောက်ရယ်၊ အံ့ဩနေတဲ့ ယောက္ခမ တစ်ယောက်ရယ် ရှိတယ်တဲ့''

''ဟင်...အဲဒီတော့''

သူ့စကားကို ကျွန်တော် မရှင်းလှဘူးလေ။

''အဲဒီတော့ မောင်ပုံအတွက် ဂုဏ်ယူဖို့ အဆင်သင့် ရှိနေတဲ့ မယ်ပုံကလည်း သံသယဝင်လာတယ်...မောင်ပုံကို အံ့ဩနေတတ်တဲ့ ယောက္ခမကလည်း ပုံစံပြောင်းပြီး အံ့ဩလာတယ်၊ မယ်ပုံလိုပဲ သံသယလည်း ဝင်လာတယ်''

''ဟေ့ဟေ့...ဟုတ်ပြီ၊ ဘာဆက်ဖြစ်ကြသလဲ''

''ဟေ့မတော့ သူတို့ဟာသူတို့ ဟိုးတုံးတိတ်တိတ် မောင်ပုံကို အကဲခတ်ကြတာပေါ့ကွာ၊ သူတို့ချင်း လက်တို့ပြီး ခေါင်းချင်းဆိုင်ပြီး ဆွေးနွေးကြတာပေါ့''

သီချင်တာတစ်ခုကို ကျွန်တော်ဖြတ်မေးလိုက်တယ်။

''နေပါဦး၊ မယ်ပုံရဲ့နတ်လိပ်ပြာအပ်ပွဲက ဖိတ်စာအပ်ပြီးတာ တောင်ကြာရောပေါ့၊ ခုထိမလုပ်ရသေးဘူးလား''

''မလုပ်ရသေးဘူး၊ ဖိတ်စာကကြိုရိုက်ထားတာ၊ ရတောင်မရသေးဘူး။ နောက်ပြီး အခု ငါပြောတဲ့ မောင်ပုံ အဖြစ်အပျက်တွေက ရက်ပိုင်းအတွင်း မှာ ဖြစ်လိုက်တာတွေ အချိန်ကာလ ဘာမှမကြာဘူး''

''အင်းအင်း...ဟုတ်ပြီ...ဆက်ပါဦး...အဲလိုနဲ့ ဘာဆက်ဖြစ်ကြသလဲ''

''မောင်ပုံက ဘုံဆိုင်ကို မသွားတော့ဘူးဗျ၊ သူက အစီအရင်တွေ လုပ်ရမယ့်သူဆိုတော့ အရက်ကိုရှောင်လိုက်ရတယ်၊ အဲဒီမှာ သူ့ရဲ့ ယမကာသူငယ်ချင်းတွေက လာပြီးခေါ်ကြ၊ ပြောကြ၊ မေးကြ၊ စမ်းကြတယ်၊ မောင်ပုံကလည်း သူလုပ်နေတဲ့အလုပ်ကို တိုးတိုးကလေး ပြန်ပြောပြလိုက်တယ်''

''ဒါဆို သူ့မိန်းမနဲ့သူ့ယောက္ခမ ဘယ်ကြားမလဲ''

''ကြားတော့မကြားဘူးပေါ့ကွာ၊ ဒါပေမဲ့ မောင်ပုံရဲ့သူငယ်ချင်းတွေက ရပ်ကွက်ထဲကလူတွေကို တိုးတိုးလေးပြန်ပြောပြီး ရပ်ကွက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ကလူတွေက မယ်ပုံတို့သားအမိကို တိုးတိုးလေး လာပြန်ပြောပြကြတယ်''

''တစ်ရပ်ကွက်လုံး သိသွားတယ်ဆိုပါတော့''

''အေး...မယ်ပုံတို့စသိတဲ့နေ့ဟာ မောင်ပုံရဲ့အစီအရင်တွေကို စတင်ရမယ့်နေ့ပဲ''

''အင်း...ဇာတ်ရှိန်ကတော့ မြင့်ပြီဗျာ''

''မောင်ပုံက ထုံးစံအတိုင်း ခေါင်းလေးဖြီး သီချင်းလေးဆိုပြီး အိမ်ကထွက်မယ်အလုပ်...''

''သီချင်းကလည်း ဆိုလှချည်လားဗျ၊ မကုန်သေးဘူးလား''

''ဆိုတယ်...ဆိုတယ်...အဲဒီရက်ထဲမှာ မောင်ပုံသီချင်းဆိုတာ ၉၉၉ ပုဒ်ရှိတယ်''

''ဒါဖြင့် အခုဆိုနေတာက အပုဒ်တစ်ထောင်မြောက်သီချင်းပေါ့''

''အေး...''

''ဆက်ပြောပါဦး...အိမ်ကထွက်မယ်အလုပ်မှာ ဘာဖြစ်တာတုံး''

''သူ့ယောက္ခမအထီးကြီး ရောက်လာတယ်ကွ''

''ပွဲကြီးပွဲကောင်းစပြီပေါ့''

''အေး...ယောက္ခထီးကြီးက ပြောတယ်၊ ဟေ့ကောင် မောင်ပုံ မင်းက နတ်သမီးနဲ့ ယူမလို့ဆို၊ ရာရာစစကွာ''

''မောင်ပုံက ဘာပြန်ပြောလိုက်လဲ''

''ယောက္ခထီးကြီးက မနာလိုဖြစ်နေတာက မောင်ပုံက သူ့ထက် သာသွားပြီလို့ ထင်နေပုံရတယ်၊ အဲဒီသဘောကိုသိတဲ့ မောင်ပုံက ဘာမှ ပြန်မပြောဘူး၊ ရယ်ကျဲကျဲလုပ်နေလိုက်တယ်''

''အဲဒီတော့...''

''ယောက္ခမအမကြီး ထပ်ရောက်လာတယ်၊ ဟဲ့...မောင်ပုံ နင်က ဒါဘာသဘောလဲ၊ ငါ့သမီးကို သားမှတ်မှတ် မယားမှတ်မှတ် မပေါင်းချင်တဲ့ သဘောလားလို့ မေးတယ်''

''မောင်ပုံက ဘာပြန်ပြောလဲ''

''အဒေါ်သမီးကရော ကျွန်တော့်ကို လင်မှတ်မှတ် သားမှတ်မှတ် ပေါင်းလို့လားဗျ...တဲ့''



''ဟီဟိ...ဟုတ်ပြီ''

''အဲဒီမှာ မယ်ပုံ ထပ်ရောက်လာတယ်၊ ကိုပုံ ဒါ ရှင်ကျွန်မကို သစ္စာဖောက်တာလားလို့ မေးတယ်''

''ဟုတ်ပြီဗျ၊ အပိုင်ပဲ''

''မောင်ပုံက မင်းကရော ငါ့ကို သစ္စာမဖောက်လို့လား မယ်ပုံလို့ ပြန်ပြောလိုက်တယ်''

''ဟုတ်ပြီ''

''အဲဒီလိုနဲ့ လေကလေးချွန်နေတဲ့ မောင်ပုံဘေးမှာ မယ်ပုရယ်၊ ယောက္ခမစုံတွဲရယ်ဟာ ဆွေ့ဆွေ့ခုန်နေတယ်''

''ဟုတ်ပြီ၊ ကြားရတာ နားဝမှာ အားရှိလိုက်တာဗျာ''

''အဲဒီအချိန်မှာပဲ မောင်ပုံရဲ့ အစီအရင်နှီးပွဲကို အဖော်လိုက်မယ့် မောင်ပုံရဲ့ ယမကာသူငယ်ချင်းတွေ ရောက်လာတယ်၊ လိုက်ကြည့်ချင်တယ်ဆိုလို့ သူတို့က ခေါ်လာတဲ့ အဖော်အပေါင်းတွေလည်း တပြုံကြီးပေါ့''

''ပွဲကတော့ စည်ပြီဗျို့''

''နောက်ပြီး မောင်ပုံတို့ လင်မယား ဘာဆက်ဖြစ်လဲလို့ ရိုးရာအစဉ်အလာအတိုင်း စပ်စုနေကြတဲ့ ရပ်ကွက်တွင်းရှိ လုပ်သားပြည်သူ အပေါင်းကလည်း အိမ်ရှေ့လမ်းမပေါ်ကို မယောင်မလည် ရောက်နေကြပြီ၊ အများကြီးပဲ''

''အို...လူစုံတက်စုံပါလား...''

''အေး...မယ်ပုံတို့သားအမိမှာတော့ ခြေမကိုင်မိ လက်မကိုင်မိ ပေါ့ကွာ''

''ပျာယာခတ်နေမှာပေါ့''

''ဒါပေါ့...မောင်ပုံကိုကြည့်လိုက်၊ ပရိသတ်ကိုကြည့်လိုက်၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၊ မောင်ပုံကို ပြန်ကြည့်လိုက်''

''မောင်ပုံကတော့ ခပ်တည်တည်ပဲလား''

''မောင်ပုံက စင်ပေါ်ရောက်နေပြီပဲကွာ၊ ခပ်ပြုံးပြုံးပေါ့၊ အဲဒီအချိန်မှာပဲ ပန်းချီမောင်မြင့်ဌေးရောက်လာတယ်''

www.burmeseclassic.com

www.burmeseclassic.com



''ဖိတ်စာလာပေးတာလား…ဇာတ်ရှိန်တက်တာကတော့ တဟုန်ထိုးပဲဗျို့''

''မဟုတ်ဘူးကွ၊ ဖိတ်စာက မရောက်သေးဘူး၊ ဒီဖိုင်းကို သူက ဦးစိုးဝင်းငြိမ်း ကွန်ပျူတာမှာ သွားလုပ်တာ၊ လက်ထောက်စိုးဝင်းငြိမ်းပဲရှိပြီး ဦးစိုးဝင်းငြိမ်း ဘယ်သွားမှန်းမသိလို့တဲ့၊ ခုထိ ဖိတ်စာက မလုပ်ရသေးဘူး''

''အို…ဟုတ်လား…အဲဒီတော့ ''

''အဲဒီမှာပဲ မယ်ပုံက ငိုသံကြီးနဲ့ ကြုံးအော်တယ်၊ အဲဒီဖိတ်စာကို မလုပ်နဲ့တော့တဲ့၊ ပြီး မောင်ပုံကို လှည့်ပြောတယ်၊ ကျုပ်လည်း နတ်သားကို မယူဘူး၊ ရှင်လည်း နတ်သမီးကို မယူနဲ့၊ အီးဟီးဟီး…ရွတ် တဲ့''

''ဩော်…အဲဒီတော့''

''ငိုကြ၊ ယိုကြ၊ ပြေလည်အောင် ဖြေရှင်း ဖြောင့်ဖြကြ၊ ညှိနှိုင်းကြ၊ နောက်တော့လည်း လူစုကွဲသွားကြပါတယ်''

''အဲဒီနောက်ကော…''

''အဲဒီနောက် မောင်ပုံက တစ်ထောင့်တစ်ပုဒ်မြောက် သီချင်းကို ဆိုလို့ မယ်ပုံက မောင်ပုံ့ခေါင်းကို ဖြီးပေးလို့ ယောက္ခမကြီးတွေက မအီမသာမျက်နှာနဲ့ ပုတီးတစ်ချောက်ချောက် ထိုင်စိတ်လို့…''

''အိုး…ကိစ္စတွေ ပြီးသွားတာပေါ့''

''ဒါမှ မပြီးရင် ဘယ်ဟာကမှ မပြီးတော့ဘူး''

''မောင်ပုံ အောင်မြင်သွားတာပေါ့''

''ဟုတ်တယ်၊ မယ်ပုံလည်း မကျရှုံးပါဘူး၊ ယောက္ခမကြီး တွေသာ…''

ကျွန်တော်တို့ ရယ်လိုက်ကြပါတယ်။ ရယ်သံက ကောင်းကင်ရဲ့ တစ်ဖက်ကမ်းအထိ ပျံ့လွင့်သွားတယ်။ ။

တာရာမင်းဝေ

၃.၇.၁၉၉၉

www.burmeseclassic.com